ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ယောက်ျားအာဇာနည်**

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)

၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့။ Monday, 25 July 2022 ၁၀၈၀၇

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

နေပြည်တော် ဇူလိုင် ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV HD)၊ MRTV News Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ Star FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ ချယ်ရီ FM နှင့် FM ပုဂံတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



အိုင်းမဆည်အား တွေ့ရစဉ်။

## မန်းချောင်းရေလှောင်တမံနှင့် အိုင်းမဆည် ရေသောက်ဧရိယာအတွင်း စိမ်းလန်းလာတော့မည့် မိုးစပါးစိုက်ခင်းများ

မကွေးတိုင်းဒေသကြီးသည် အပူပိုင်းဒေသဖြစ်သော်လည်း မန်းချောင်းရေလှောင်တမံကြောင့် ဆည်ရေသောက်ဒေသ စိုက်ပျိုးရေးသည် ရာသီပတ်လုံး လည်ပတ်နေသည်။ ရခိုင်ရိုးမ တောင်တန်းများပေါ်မှ စီးဆင်းလာသော ချောင်းများနှင့် မန်းချောင်းကိုပိတ်၍ မန်းချောင်းရေလှောင်တမံကို တည်ဆောက်ကာ ဒေသစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေကို ပေးဝေလျက်ရှိသည်။

မန်းချောင်းရေလှောင်တမံကို ၁၉၉၅ – ၁၉၉၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ဆည်တည်ဆောက်ပြီးစီးခဲ့သည့် ၁၉၉၈–၁၉၉၉ ခုနှစ်မှစတင်ကာ ဒေသစိုက်ပျိုးရေးအတွက် ဆည်ရေပေးဝေလျက်ရှိသည်။ မန်းချောင်းရေလှောင်တမံသည် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် တည်ရှိပြီး တမံအလျား ပေ ၄၄၈၀၊ တမံအမြင့် ၁၃၅ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၂၀၀၀၀ နှင့် ရေဆင်းဧရိယာ ၁၃၆ စတုရန်းမိုင်ရှိသည်။ စာမျက်နှာ ၈ ကော်လံ ၁ သို့

**ယနေ့ ဖတ်စရာ**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံ့ဝန်ထမ်း (အမြဲတမ်း)များသို့ အိမ်ငှားစရိတ် လစဉ်ထောက်ပံ့မှုနှင့် ပတ်သက်၍ ခံစားခွင့်နှင့် နှုန်းထားများ ထုတ်ပြန်ကြေညာ စာမျက်နှာ » ၃

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအတွက် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ်(Hardship and Risk Allowance) လစဉ်ထောက်ပံ့ခြင်း ကြော်ငြာချက် ထုတ်ပြန်ကြေညာ စာမျက်နှာ » ၄

ပြည်ပဈေးကွက်ရှိလာသောကြောင့် ‘ဝ’ ဥကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်သူများပြားလာ



စာမျက်နှာ » ၉

ကြေးမုံ

# ကျေးလက်လူမှုစီးပွားမြှင့်တင်

"မိမိတို့နိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျေးလက်နေပြည်သူများ၏ လူနေမှုစနစ်များမှာ အခြားနိုင်ငံများထက် နိမ့်ကျလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတွင် အားနည်းချက်များရှိခြင်းကြောင့်သာ လူနေမှုစနစ်များ နိမ့်ကျနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်၍ အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ကျေးလက်နေတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားများ ပြောင်းလဲတိုးတက်လာမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၆/၂၀၂၂)တွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံရှိ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့် အသက်မွေးဝမ်းကျောင်းများ လုပ်ကိုင်ကြသည်။ ရှေးယခင်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမှာ နိမ့်ကျခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ယခုအခါ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမှာ ယခင်ကထက် မြင့်မားတိုးတက်လာသည်ဆိုသော်လည်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် နိမ့်ကျနေကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရန် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ မြင့်မားတိုးတက်လာရေးအတွက် တွန်းအားပေးမှာကြားလျက်ရှိသည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးလာရေးတွင် ပညာသည် အခြေခံကျသည့်အချက်ဖြစ်သည်။ ပညာတတ်မှ မိမိဒေသဖွံ့ဖြိုးတိုးတက်လာအောင် ပြုလုပ်နိုင်မည်ဖြစ်သည်။ ကျေးလက်နေပြည်သူများ၏ ပညာတတ်မြောက်မှုအခြေအနေသည် မြို့ပြထက် နည်းပါးနေသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ပညာရေးတွင် အများစုမှာ မူလတန်းနှင့် အလယ်တန်းအဆင့်သာ တတ်မြောက်ကြသည်။ လူနည်းစုသည် အထက်တန်းနှင့် အဆင့်မြင့်ပညာတတ်မြောက်ကြပြီး များသောအားဖြင့် မြို့ပေါ်တွင်နေထိုင်ကြသည်။ ထို့ကြောင့် ကျေးလက်တွင် လူသားအရင်းအမြစ်များ များပြားသော်လည်း စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်လုပ်ငန်းများ လုပ်ကိုင်ရာတွင် Skill Labour နည်းပါးနေကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် အထက်တန်းပညာသင်ကြားရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်အောင် ကြိုးပမ်းနေကြောင်း အသိပေးထားသည်။

ယခုအခါ အလယ်တန်းပညာအောက်သာ တတ်မြောက်မှုများသည့် ကျေးလက်ဒေသများနှင့် ပြည်နယ်များအား ပညာရေးမြှင့်တင်ပေးနိုင်ရန်အတွက် အထူးဦးစားပေးဆောင်ရွက်နေသည်။ အခြေခံဥပဒေအရ နိုင်ငံသားတိုင်း မူလတန်းပညာ မသင်မနေရသတ်မှတ်ထားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် kg+9 ဖြင့် ၉ တန်း၊ အလယ်တန်းပညာပြီးဆုံးသည်အထိ မသင်မနေရ အခမဲ့ပညာရေးကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နိုင်လျှင် ကျေးလက်ဒေသများတွင် Skill Labour ဖြစ်နိုင်သောသူများ၊ အထိုက်အလျောက် ပညာတတ်သူများ ပေါ်များလာမည်ဖြစ်သည်။ ၎င်းတို့အား စီးပွားရေးကို အထောက်အကူပြုသည့် ပညာတတ်များဖြစ်လာအောင် လေ့ကျင့်မွေးထုတ်ပေးရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါ မြန်မာနိုင်ငံ၌ ခရိုင်ပေါင်း ၁၂၇ ခရိုင်ရှိပြီး ပထမအဆင့်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုတွဲဖွင့်သည့် အထက်တန်းကျောင်းပေါင်း ၅၀ ဖွင့်လှစ်နိုင်ရန် လျာထားစီစဉ်နေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါကျောင်းများ ဖွင့်လှစ်နိုင်ရန်အတွက် လိုအပ်သောဆရာများအား သက်ဆိုင်ရာတက္ကသိုလ်၊ သိပ္ပံကျောင်းဆင်းများကို ရွေးချယ်လျက်ရှိပြီး အကူဆရာများအနေဖြင့် သက်ဆိုင်ရာဌာနများမှ တွဲဖက်သင်ကြားပေးမည်ဖြစ်သည်။ အဆိုပါကျောင်းများမှ စိုက်ပျိုးမွေးမြူရေးဘာသာရပ်ဆိုင်ရာ Skill Labour များကို မွေးထုတ်ပေးနိုင်လျှင် ကျေးလက်ဒေသလူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက လူသားအရင်းအမြစ်များကို ဖန်တီးပေးမည့်အပြင် ကုန်ထုတ်လုပ်ငန်းများအတွက် သွင်းအားစုများ၊ အထောက်အပံ့များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပုဂ္ဂလိကကဏ္ဍမှလည်း တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမည်ဆိုလျှင် အနာဂတ်ကာလတွင် ကျေးလက်လူမှုစီးပွား မြင့်မားတိုးတက်လာမည်မှာ သေချာသည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းမှု ချောမွေ့ခိုင်မာလာရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိနေချိန်တွင် တစ်ဖက်တွင် ပြည်သူများ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာအောင် အဘက်ဘက်တွင် လစ်ဟာမှုမရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပြည်သူအားလုံးက ဝိုင်းဝန်းပူးပေါင်းလက်တွဲ ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ခြေကျင်လျှောက်သူများ လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၂၆ နှင့် ၃၂၇)

၁။ ခြေကျင်လမ်းအသုံးပြုသူများသည် အောက်ပါအချက်များကို လိုက်နာရပါမည်-

(က) ခြေကျင်လျှောက်သူသည် လူသွားစင်္ကြံ သို့မဟုတ် သတ်မှတ်ထားသော လူသွားလမ်းရှိလျှင် ထိုနေရာပေါ်မှ သွားရမည်။

(ခ) ခြေကျင်လျှောက်သူသည် သာမန်အားဖြင့် မော်တော်ယာဉ်သွားလမ်းပေါ်သို့ မဆင်းရ။

(ဂ) ခြေကျင်လျှောက်သူသည် လူသွားစင်္ကြံ သို့မဟုတ် လူသွားလမ်း မရှိလျှင် တတ်နိုင်သမျှ လမ်း၏ လက်ဝဲဘက်မှ ယာဉ်ကြောကို မျက်နှာမူ၍ ကပ်လျှောက်ရမည်။

(ဃ) ခြေကျင်လျှောက်သူသည် လမ်းမပိတ်ဆို့ရ။ ရင်ပေါင်တန်းမလျှောက်ရ။

(င) ခြေကျင်လျှောက်သူသည် ညအချိန်၌ မီးအလင်းရောင်အောက်တွင် မြင်သာသည့် အဝတ်အစား သို့မဟုတ် ရောင်ပြန်ပါသည့် အဝတ်အစားများ ဝတ်ဆင်ရမည်။

၂။ ခြေကျင်လျှောက်သူသည် လမ်းဖြတ်ကူးလိုလျှင် သတ်မှတ်ထားသည့်မြေအောက်လမ်း၊ ခုံးကျော်တံတား၊ လူကူးမျဉ်းကျား သို့မဟုတ် ခွင့်ပြုထားသည့်နေရာ စသည်တို့မှသာ ဖြတ်ကူးရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ပြည်ထဲရေးဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းမိသားစုများ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်း



**နေပြည်တော် ဇူလိုင် ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများသည် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်၍ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ မြို့ဦးတိုက်သစ်သံလမ်းကျောင်းတိုက်သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ အောင်မြေရတနာကျောင်းတိုက်သို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ဥဿာပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ပြည်သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေဘုံစံကျောင်းတိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ဟံသာဝတီပရိယတ္တိစာသင်တိုက်သို့လည်းကောင်း တာဝန်ရှိသူများသွားရောက်၍ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မိတ္ထီလာမြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး သင်တန်းဆင်းပွဲ ကျင်းပ

**မိတ္ထီလာ ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။



သင်တန်းဆင်းပွဲအခမ်းအနားတွင် မိတ္ထီလာမြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့ပြီး အမှတ်(၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် မိတ္ထီလာမှ တပ်ဖွဲ့စိတ်မှူး ဒုရဲမှူး သိန်းထိုက်အေးက လူကုန်ကူးမှုနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ယင်းသင်တန်းကို မိတ္ထီလာမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၅၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေ၊ လူကုန်ကူးမှု စိစစ်ဖော်ထုတ်သည့် မှတ်တမ်းပုံစံ ဖြည့်သွင်းမှု၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော လူကုန်ကူးမှု အခြေအနေများစသည့် ဘာသာရပ်များကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**


ကြေးမုံ

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ |
| **အကြီးတန်း သတင်းထောက်များ** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **စာပြင်** | - | ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)များသို့ အိမ်ငှားစရိတ် လစဉ်ထောက်ပံ့မှုနှင့်ပတ်သက်၍ ခံစားခွင့်နှင့် နှုန်းထားများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်၍ ဇူလိုင် ၂၂ ရက်တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စီးပွားရေးရာကော်မတီအစည်းအဝေး (၆/၂၀၂၂)၏ အစည်းအဝေးဆုံးဖြတ်ချက်အရ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)များအား အိမ်ငှားစရိတ်ထောက်ပံ့မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)များသို့ အိမ်ငှားစရိတ် လစဉ်ထောက်ပံ့မှုနှင့်ပတ်သက်၍ ခံစားခွင့်နှင့် နှုန်းထားများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်၊ ၆၆/ ၂၀၂၂ ဖြင့် ယနေ့တွင် ထုတ်ပြန်လိုက်သည်။

အဆိုပါကြော်ငြာစာအပြည့်အစုံမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ်၊ ၆၆/ ၂၀၂၂
## ၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်
## (၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

**အကြောင်းအရာ။ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)များသို့ အိမ်ငှားစရိတ် လစဉ်ထောက်ပံ့ခြင်း**

၁။ ပြည်ထောင်စုအဆင့် ဌာန၊အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဌာန၊ အဖွဲ့အစည်းများရှိ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း) များအနက် အစိုးရ၏ဝန်ထမ်းအိမ်ရာ၌ အခမဲ့နေထိုင်သော ဝန်ထမ်းများမှအပ ကျန်နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)များအတွက် အိမ်ငှားစရိတ်ခံစားခွင့်အား နောက်ဆက်တွဲ(က)ပါ နှုန်းထားများအတိုင်း ၂၀၂၂ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ခံစားခွင့်ပြုလိုက်သည်။

၂။ အိမ်ငှားစရိတ်ထောက်ပံ့ကြေးရရှိမည့် ဝန်ထမ်းများအနေဖြင့် အိမ်ငှားစရိတ် ထုတ်ယူနိုင်ရန်အတွက် နောက်ဆက်တွဲ(ခ)ပါ ငွေတောင်းခံလွှာတွင်ဖြည့်သွင်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ တင်ပြတောင်းခံရန်ဖြစ်ပြီး အိမ်ငှားစရိတ်ထောက်ပံ့ကြေးအား လိမ်လည်ထုတ်ယူခြင်းမပြုရန်နှင့် လိမ်လည်ထုတ်ယူကြောင်းစစ်ဆေးတွေ့ရှိရပါက အိမ်ငှားစရိတ်ထုတ်ယူသူနှင့် ထုတ်ပေးသူ တာဝန်ခံအရာရှိတို့သည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်သည့်အပြင် ထုတ်ယူသူသည် ထုတ်ယူငွေ၏သုံးဆကိုလည်း ပြန်လည်ပေးလျော်ရမည်ဖြစ်ပါသည်။

၃။ ပြည်ပတွင် နှစ်ရှည်ပညာသင်ကြားနေသည့် လူပျို/အပျို နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)များနှင့် ပြည်ပတွင် နှစ်ရှည်တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)များအား ပြည်တွင်း၌ အိမ်ငှားစရိတ်ခံစားခွင့်မပြုကြောင်း ဖော်ပြအပ်ပါသည်။

( ဝင်းရှိန် )
ပြည်ထောင်စုဝန်ကြီး

နောက်ဆက်တွဲ(က)

### အိမ်ငှားစရိတ်ခံစားခွင့်နှင့်နှုန်းထား

| အမျိုးအစား | အသေးစိတ်ဖော်ပြချက် | နှုန်းထား (မူရင်းလစာ၏) |
|---|---|---|
| **လင်မယား ၂ ဦးအနက် တစ်ဦးမှာ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)** | | |
| ၁။ | အခမဲ့ဝန်ထမ်းအိမ်ရာကို မရလျှင် | ၈% |
| **လင်မယား ၂ ဦးလုံး နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)** | | |
| ၂။ | နိုင်ငံ့ဝန်ထမ်း (၂) ဦးလုံး နေရာဌာနတစ်ခုတည်းတွင် တာဝန်ကျပြီး အတူတူနေထိုင်လျက်ရှိသော်လည်း မည်သူမှ အခမဲ့ဝန်ထမ်းအိမ်ရာကို မရလျှင် သို့မဟုတ် နေရာဌာနမတူသော်လည်း အတူတူနေထိုင်ပြီး မည်သူမှ အခမဲ့ဝန်ထမ်းအိမ်ရာကို မရလျှင် | တစ်ဦးအတွက်သာ ၈% (လစာများသူ၏ မူရင်းလစာအပေါ်တွင် တွက်ချက်ရန်) |
| ၃။ | မလွှဲမရှောင်သာသော တာဝန်ဝတ္တရားများကြောင့် တစ်ဦးနှင့်တစ်ဦးခွဲနေရပြီး မည်သူမှ အခမဲ့ဝန်ထမ်းအိမ်ရာကို မရလျှင် | တစ်ဦးလျှင် ၈% |
| ၄။ | မလွှဲမရှောင်သာသော တာဝန်ဝတ္တရားများကြောင့် တစ်ဦးနှင့်တစ်ဦး ခွဲနေရပြီး တစ်ဦးသာ အခမဲ့ဝန်ထမ်းအိမ်ရာကိုရလျှင် | အခမဲ့ဝန်ထမ်းအိမ်ရာ မရသူအတွက် ၈% |
| **မုဆိုးမ/မုဆိုးဖို သို့မဟုတ် လင်မယား ကွာရှင်းပြီးသူ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)** | | |
| ၅။ | မုဆိုးမ/မုဆိုးဖို သို့မဟုတ် လင်မယားကွာရှင်းပြီးသူ နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် တရားဥပဒေအရ ကလေးများကို အုပ်ထိန်းခွင့်ရှိသူဖြစ်လျက် ကလေးများကို ငွေကြေးထောက်ပံ့နေသူဖြစ်ပြီး အခမဲ့ ဝန်ထမ်းအိမ်ရာကို မရလျှင် | ၈% |
| ၆။ | မုဆိုးမ/မုဆိုးဖို သို့မဟုတ် လင်မယားကွာရှင်းပြီး ကလေးမရှိသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် အခမဲ့ဝန်ထမ်းအိမ်ရာကို မရလျှင် | ၄% |
| **လူပျို/အပျို နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)** | | |
| ၇။ | အခမဲ့ဝန်ထမ်းအိမ်ရာကို မရလျှင် | ၄% |
| **ပြည်ပတွင် နှစ်ရှည်ပညာသင်ကြားနေသည့် အိမ်ထောင်သည် နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)** | | |
| ၈။ | ဝန်ထမ်း၏အတူနေမိသားစုအား ပြည်တွင်း၌ထားရှိခဲ့ပြီး အခမဲ့ဝန်ထမ်းအိမ်ရာကို မရလျှင် | ၄% |

နောက်ဆက်တွဲ(ခ)

### အိမ်ငှားစရိတ်အတွက် ငွေတောင်းခံလွှာ

၁။ (က) မူရင်းလစာ---------------------------- ရရှိသော (ခ) -------------------- ဌာန၊ အဖွဲ့အစည်း (ဂ) ရာထူး -------------------------- (ဃ) အမည် --------------- ၏ ------- --------- ခုနှစ်၊ --------------- လအတွက် တောင်းခံလွှာ

၂။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ----------------- ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ------------------------------

| အသေးစိတ် အကြောင်းအရာ | တောင်းခံသည့် ကာလအပိုင်းအခြား | ငွေပေါင်း |
|---|---|---|
| | | |

၃။ တောင်းခံသူနှင့်ပတ်သက်သည့် အကြောင်းအရာ အသေးစိတ်ဖော်ပြချက် " (အောက်ပါအကြောင်းအရာများအနက် မသက်ဆိုင်သည့် အကြောင်းအရာများကို ပယ်ဖျက်၍ လက်မှတ်တို ရေးထိုးပါ)"

(က) ကျွန်တော်/ကျွန်မသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ---------------အမိန့်၏ နောက်ဆက်တွဲ (က) ပါ အမျိုးအစား ၁/၂/၃/၄/၅/၆/၇/၈ နှင့် အကျုံးဝင်ပါသဖြင့် အိမ်ငှားစရိတ် မူရင်းလစာ၏ ၈ ရာခိုင်နှုန်း/ ၄ ရာခိုင်နှုန်းကို ရခွင့်ရှိပါသည်။

မှတ်ချက်။ ။ ဤနေရာတွင်အကျုံးဝင်သည့်အမျိုးအစားကို အသေးစိတ်ဖော်ပြရမည်။ ဥပမာ အမျိုးအစား (၁) နှင့် အကျုံးဝင်လျှင် အောက်ပါအတိုင်း ဖော်ပြရမည်။

"ကျွန်တော်/ ကျွန်မသည် အစိုးရ၏ ဝန်ထမ်းအိမ်ရာတွင် အခမဲ့နေထိုင်ခွင့်မရသည့် အိမ်ထောင်သည် နိုင်ငံ့ဝန်ထမ်း (အမြဲတမ်း) ဖြစ်ပါသည်။" (အိမ်ထောင်ဘက်မှာ နိုင်ငံ့ဝန်ထမ်း မဟုတ်သူ ဖြစ်ပါသည်)

၄။ အထက်ပါတောင်းခံချက်အတိုင်း မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပါသည်။ လိမ်ညာတောင်းခံပါက ထုတ်ယူငွေ၏ ၃ ဆ ပေးလျော်ရမည်ကို သိရှိပါကြောင်း ဝန်ခံကတိပြုပါသည်။

---------------
တောင်းခံသူ၏ ထိုးမြဲလက်မှတ်

တည်ရာဌာန --------------------------------
ရက်စွဲ --------------------------------

ကျွန်ုပ်ယုံကြည်သိရှိသမျှတွင် အထက်ပါတောင်းခံချက်မှာ မှန်ကန်ပြီး တောင်းခံသူသည် သတ်မှတ်ချက်နှင့်အညီ အိမ်ငှားစရိတ်ခံစားခွင့်ရှိသူဖြစ်ကြောင်း လက်မှတ်ရေးထိုးပါသည်။

-----------
စီမံရေးရာဌာနညွှန်ကြားရေးမှူး
(တာဝန်ခံအရာရှိ)

တည်ရာဌာန --------------------------------
ရက်စွဲ --------------------------------

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် အစိုးရဝန်ထမ်းများအား ခေတ်နှင့်အညီ ချီးမြှင့်ငွေ၊ ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ ယခုအိမ်ငှားစရိတ် ထောက်ပံ့ခြင်းအပါအဝင် ချီးမြှင့်ထောက်ပံ့မှု (၂၇)ခု ပြုလုပ်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ် (Hardship and Risk Allowance) လစဉ်ထောက်ပံ့ခြင်း ကြော်ငြာချက် ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်၍ ဇူလိုင် ၂၂ ရက်တွင်ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စီးပွားရေးရာကော်မတီအစည်းအဝေး (၆/၂၀၂၂)၏ အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ် (Hardship and Risk Allowance) လစဉ် ထောက်ပံ့ခြင်းအား အတည်ပြုခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ် (Hardship and Risk Allowance) လစဉ်ထောက်ပံ့ခြင်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်၊ ၆၇/ ၂၀၂၂ ဖြင့် ယနေ့တွင် ထုတ်ပြန်လိုက်သည်။

အဆိုပါကြော်ငြာစာ အပြည့်အစုံမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**အမိန့်ကြော်ငြာစာအမှတ်၊ ၆၇ / ၂၀၂၂**
**၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်**
**(၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)**

အကြောင်းအရာ။ **မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ် (Hardship and Risk Allowance) လစဉ်ထောက်ပံ့ခြင်း**

ပြည်သူတို့၏လုံခြုံရေးနှင့်အသက်အိုးအိမ်စည်းစိမ်ကို သက်စွန့်ကြိုးပမ်းကာကွယ်စောင့်ရှောက်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား လက်ရှိလစာအပြင် ပင်ပန်းကြမ်းတမ်းမှုနှင့် သက်စွန့်တာဝန်စရိတ် (Hardship and Risk Allowance) အား တစ်ဦးလျှင် တစ်လ ကျပ် ၁၀,၀၀၀/- နှုန်းဖြင့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လမှစတင်၍ ခံစားခွင့်ပြုလိုက်သည်။

( ဝင်းရှိန် )
ပြည်ထောင်စုဝန်ကြီး

# အပြည်ပြည်ဆိုင်ရာတရားရုံးဆုံးဖြတ်ချက် ဖတ်ကြားပွဲသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၄

မြန်မာနိုင်ငံ၏ကိုယ်စားလှယ်(Agent)ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် အလှည့်ကျကိုယ်စားလှယ်(Alternate Agent) ဖြစ်သည့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦးတို့ပူးတွဲခေါင်းဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် နယ်သာလန်နိုင်ငံ၊ သည်ဟိဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ပြုလုပ်သည့် တရားရုံးဆုံးဖြတ်ချက်ကြားနာပွဲသို့ တက်ရောက်ခဲ့သည်။

မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံး၌ ၁၉၄၈ ခုနှစ် လူမျိုးသုဉ်းစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ်ကို ကျူးလွန်ဖောက်ဖျက်သည်ဟု စွပ်စွဲချက်ဖြင့် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် တရားစွဲဆိုခဲ့သည်။

**တရားရုံးဆုံးဖြတ်ချက် ဖတ်ကြားပွဲ**

အဆိုပါ တရားစွဲဆိုထားခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံက တင်သွင်းခဲ့သည့် ကနဦးကန့်ကွက်လွှာ(Preliminary Objections) အပေါ် တရားရုံးဆုံးဖြတ်ချက် ဖတ်ကြားပွဲကို အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့က ပြုလုပ်ခဲ့သည်။

အဆိုပါ တရားရုံးဆုံးဖြတ်ချက် ဖတ်ကြားပွဲသို့ တက်ရောက်ခဲ့သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့ ဒေသစံတော်ချိန် ၂၀၅၀ နာရီတွင် အမ်စတာဒမ်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့ မြန်မာစံတော်ချိန် ၂၁၀၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ချောမောစွာရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ခရီးသွားလုပ်ငန်းနယ်ပယ်အတွက် ရုရှားခရီးသွားဈေးကွက်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းများရှိလာ ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန်နှင့် အဆင်သင့်ဖြစ်နေစေရန် မိမိတို့ဘက်မှ ကြိုတင်ပြင်ဆင်

နေပြည်တော် ဇူလိုင် ၂၄

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယမန်နေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့သို့ ရောက်ရှိပြီး ရွှေစံအိမ်ဟိုတယ်၌ ပြင်ဦးလွင်စစ်တက္ကသိုလ် စာပေညွှန်ကြားရေးမှူးနှင့် အရာရှိကြီးများ၊ ပြင်ဦးလွင်ဟိုတယ်ဇုန်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ပြင်ဦးလွင်မြို့တွင် ရုရှားဘာသာစကားသင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရုရှားခရီးသွားဧည့်သည်များ လာရောက်ရာတွင် ကောင်းမွန်သောဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်အတွက် ဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အရာထမ်း/အမှုထမ်းများ၊ ဟိုတယ်နှင့်ခရီးသွားနယ်ပယ်မှ ဝန်ဆောင်မှုပေးနေသော ဝန်ထမ်းများအတွက် ရုရှားဘာသာစကားသင်တန်းကို ဖွင့်လှစ်သင်ကြားပေးနိုင်ရေးနှင့် ဝန်ကြီးဌာနမှ ရုရှားဘာသာဖြင့် ရေးဆွဲထုတ်ပြန်ထားသော ခရီးသွားလုပ်ငန်းဝက်ဘ်ဆိုက် www.tourism.gov.mm ကို ပြန်လည်စိစစ်တည်းဖြတ်ကာ မြှင့်တင်ကြော်ငြာနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးနှင့် ပြင်ဦးလွင်မြို့ ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြင်ဦးလွင်ဟိုတယ်ဇုန်ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံကာ ခရီးသွားလုပ်ငန်းနယ်ပယ်အတွက် ရုရှားခရီးသွားဈေးကွက် ဆောင်ရွက်နိုင်မည့်အခွင့်



အလမ်းကောင်းများရှိလာပြီဖြစ်ကြောင်း၊ ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန်နှင့် အဆင်သင့်ဖြစ်နေစေရန် မိမိတို့ဘက်မှ ကြိုတင်ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် ရုရှားဘာသာစကားသင်တန်းကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ဦးလွင်ရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများအတွက် စစ်တက္ကသိုလ်မှ ကူညီဆောင်ရွက်ပေးမည့် ရုရှားဘာသာစကားသင်တန်းကို အောင်မြင်စွာဖွင့်လှစ်သင်ကြားနိုင်ရန် အစိုးရ၊ ပုဂ္ဂလိကနှင့်နယ်မြေခံလူထုတို့ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နန်းထိုက်သူဟိုတယ်၌ ပြင်ဦးလွင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြင်ဦးလွင်ဟိုတယ်ဇုန်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံမှုနှင့် ဗီဇာကင်းလွတ်ခွင့်ကို ပေးအပ်ထားခြင်းကြောင့် လာမည့်ပွင့်လင်းရာသီတွင် ရုရှားခရီးသွားများကို လက်ခံကာ ဝန်ဆောင်မှုပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ ဟိုတယ်နှင့်ခရီးသွားနယ်ပယ်ရှိ ဝန်ထမ်းများအနေဖြင့် ရုရှားဘာသာစကားကို လေ့လာသင်ယူထားရန် လိုအပ်ကြောင်း၊ ရေနွေးငွေ့စက်ခေါင်းသုံးမီးရထားခရီးစဉ်ကို အောင်မြင်စွာ ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် ဈေးကွက်မြှင့်တင်ကြော်ငြာခြင်းများကို ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့သို့ရောက်ရှိပြီး Pullman Hotel ၌ မန္တလေးနိုင်ငံခြားဘာသာစကားတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ မန္တလာတက္ကသိုလ် ပါမောက္ခချုပ်နှင့် ခရီးသွားပညာဌာနမှ ဆရာ ဆရာမများနှင့်တွေ့ဆုံပြီး မန္တလေးမြို့တွင် ရုရှားဘာသာစကားသင်တန်းဖွင့်လှစ်သင်ကြားနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

**ပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Pullman Hotel Grand Ball Room ၌ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ကိုဗစ်-၁၉ ကပ်ရောဂါ မျိုးရိုးဗီဇကွဲအသစ်များ ပေါ်ပေါက်လျက်ရှိကြောင်း၊ ခရီးသွားဧည့်သည်များအတွက်သာမက ဝန်ဆောင်မှုပေးနေသော ဝန်ထမ်းများနှင့် ဒေသခံများ၏ ဘေးကင်းလုံခြုံရေးအတွက်ပါ ဂရုပြုဆောင်ရွက်ကြရန်အရေးကြီးကြောင်း၊ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော Health & Safety Protocol များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနမှ ဧည့်စာရင်းစီမံခန့်ခွဲမှုစနစ် Guest List Management System (GLMS) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဟိုတယ်၊ တည်းခိုရိပ်သာများအနေဖြင့် အပြည့်အဝ လိုက်ပါဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ရွှေညောင်-ထီရိုး (မွေးမြူရေးဇုန်) လင်ကွင်း-ညိုမီး-လေးမိုင်ကွေ့လမ်းတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး



တောင်ကြီး ဇူလိုင် ၂၄

ရွှေညောင်-ထီရိုး (မွေးမြူရေးဇုန်) လင်ကွင်း-ညိုမီး-လေးမိုင်ကွေ့လမ်း တည်ဆောက်နေမှုကို ယမန်နေ့နံနက် ၁၁ နာရီတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

### ဖြည့်စွက်မှာကြား

ရှင်းလင်းဆောင်ခန်းမတွင် လမ်းဦးစီးဌာန အမှတ်(၂) လမ်းဌာနခွဲ ညွှန်ကြားရေးမှူး ဦးအောင်ထွန်းက မုခ်ဦးအဝင်ဆိုင်းဘုတ် အဝိုင်းပတ် တည်ဆောက်ထားမှုနှင့် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းတည်ဆောက်နေမှုကို ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ခရီးသွားဧည့်သည်များ စိတ်ကျေနပ်ပျော်ရွှင်၍ စိတ်အေးချမ်းသာစွာတည်းခိုနိုင်သောဟိုတယ်များဖြစ်စေရန် ဆောင်ရွက်

မော်လမြိုင် ဇူလိုင် ၂၄

မွန်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဟိုတယ်လုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင်လုပ်ဆောင်မှုကြောင့် အမျိုးသားအဆင့် (Enchanting Myanmar Health & Safety Protocol) အသိအမှတ်ပြုတံဆိပ်ရရှိသည့် ဟိုတယ်များအား တံဆိပ်ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီ က Golden River Hotel ၌ ကျင်းပသည်။




### ဝန်ဆောင်မှုကောင်းမွန်

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက ကိုဗစ်-၁၉ အလွန်ကာလတွင် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်း ပုံရိပ်မြှင့်တင်ပေးနိုင်ရေးအတွက် (Enchanting Myanmar Health & Safety Protocol) အစီအစဉ်ကို ဆက်စပ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့်ပေါင်းစပ်၍ ရေးဆွဲဆောင်ရွက်ထားရှိပြီး ဒေသအဆင့်နှင့် နိုင်ငံအဆင့် အသိအမှတ်ပြုလက်မှတ်ရရှိရေးကို တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားဧည့်သည်များ စိတ်ကျေနပ်ပျော်ရွှင်၍ စိတ်အေးချမ်းသာစွာ တည်းခိုနိုင်သောဟိုတယ်များ ဖြစ်စေရန် မိမိတို့ဟိုတယ်များ၏ မြေရာအခင်းအကျင်း ကောင်းမွန်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်း သာယာလှပပြီး ဝန်ဆောင်မှုကောင်းမွန်စေရေးတို့ကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသည့် ဝန်ဆောင်မှုများပေးနိုင်ရေးအတွက် (Health & Safety Protocol) နှင့်အညီ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် အသိအမှတ်ပြုလက်မှတ်ရရှိနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို မွန်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇေယျာထွန်းက ရှင်းလင်းတင်ပြခဲ့ပြီး သံလွင်ဟိုတယ်၊ ငွေမိုးဟိုတယ်နှင့် Golden River Hotel တို့ကို မွန်ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး နိုင်လယိတမက ကောင်းမြတ်ဟိုတယ်နှင့် Royal Mawlamyine Hotel တို့ကိုလည်းကောင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမြတ်သွင်က ရာမညဟိုတယ်နှင့် ဇမ္ဗူကျော်ဟိုတယ်တို့ကို လည်းကောင်း အမျိုးသားအဆင့် အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# သဲကုန်းမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်-ပြည် မီးရထားလမ်း ရေတိုက်စားမှုဖြစ်ပေါ်ကာ ရထားလမ်းမြေပြိုပျက်စီးနေမှု ပြန်လည်ပြုပြင်

နေပြည်တော် ဇူလိုင် ၂၄

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်း ဇူလိုင် ၂၃ ရက် ညနေပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရန်ကုန်-ပြည် မီးရထားလမ်း မိုင်တိုင် (၁၄၁/၁၅)နှင့် (၁၄၃)ကြား၌ ရေတိုက်စားကာ ရထားလမ်းမြေပြိုပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရထားလမ်းမြေပြိုပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် နေရာများကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အင်းမတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာ့မီးရထားဝန်ထမ်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပြအင်ဂျင်နီယာအဖွဲ့များနှင့် ဒေသခံပြည်သူများက ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၂၄

မကွေး တိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

## ကျောက်ပန်းတောင်းမြို့၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ကျောက်ပန်းတောင်း ဇူလိုင် ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းရှိ စကားဝါခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းယုမော်က လူငယ်နှင့် အသိပညာဖွံ့ဖြိုးရေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် ကျန်းမာ/ကြံ့ခိုင်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးရေး၊ သတင်းမှား/မှန်ခွဲခြား သိမြင်နိုင်ရေးတို့ကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ညောင်ဦးခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ညိုညိုထွေးက လူငယ်နှင့် အားကစားဆိုင်ရာကိစ္စများ၊ အား/ကာသိပ္ပံကျောင်းအကြောင်း သိကောင်းစရာများနှင့် တက်ရောက်လိုသူများအတွက် လိုအပ်သည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ဝင်းမင်းသန်းက လူငယ်နှင့် ခေါင်းဆောင်မှုအကြောင်းအရာများကို ရှင်းလင်းဟောပြောသည်။

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် မြို့နယ်တာဝန်ခံတို့က အားကစားအထောက်အကူပြုပစ္စည်းများဖြစ်သည့် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်ပိုက်၊ ပင်ပေါင်၊ ဘက်တံ အစရှိသည်တို့ကို ပေးအပ်လှူဒါန်းရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နိုင်နိုင်ဝင်းနှင့် ဘာသာရပ်သင်ဆရာမကြီး ဒေါ်စန်းခင်တို့က လက်ခံရယူကြသည်။

နေအောင်(ပြန်/ဆက်)

# သာသနာတော်ကြီးကို ချီးမြှောက်ပါ

**ဘကြီးကောင်း**

"မောင်မြင့်အေးပါလား၊ မတွေ့တာတောင်ကြာပြီနော်"

"ဟုတ်ကဲ့ ဘကြီးကောင်း၊ ဝါတွင်းသုံးလမှာ သရဏဂုံနဲ့ ဂုဏ်တော်အဓိဋ္ဌာန် ပုတီးစိပ် ပွားများနေလို့ပါခင်ဗျာ"

"သာဓုပါကွယ်၊ ဒါနဲ့ ဂုဏ်တော်တွေကို ပွားများတဲ့အခါမှာ အနက်အဓိပ္ပာယ်ကိုလည်းသိပြီး ပွားများဖို့ လိုတယ်ကွယ့်။ တချို့က ရွတ်ရုံသာရွတ်ကြတာ၊ ရတနာသုံးပါးကို မိရိုးဖလာမို့ ကိုးကွယ်ရှိခိုးကြတာ။ ဂုဏ်တော်တွေရဲ့အနက်အဓိပ္ပာယ်ကို သိရှိနားလည်သဘောပေါက်ပြီး ရှိခိုးပူဇော်မှ အနှစ်သာရ ပိုရှိတာပေါ့ကွယ်။ အခုလက်ရှိ တို့တစ်တွေ ကိုးကွယ်ဆည်းကပ်နေကြတဲ့ သံဃာ့ဂုဏ်တော်ကိုးပါးကို အကျဉ်းအားဖြင့် မြန်မာလို အဓိပ္ပာယ်ဖွင့်ဆိုကြည့်ရင် ကိလေသာငြိမ်းကြောင်း ကောင်းစွာကျင့်ကြံတော်မူတယ်၊ ဖြောင့်မတ်စွာ ကျင့်ကြံတော်မူတယ်၊ နိဗ္ဗာန်အကျိုး မျှော်ကိုးရည်သန် ကျင့်ကြံတော်မူတယ်၊ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကြောင့် တုပ်ဝပ်ရှိသေလျော်ကန်အောင် ကျင့်ကြံတော်မူတယ်။

### စိတ်ထားဖြူစင်ပေးလှူခြင်း

ဒါကြောင့်မို့ မြတ်စွာဘုရားရဲ့တပည့်သားမော် အရိယာသံဃာတော်နဲ့ အရိယာနွယ်ဝင်သမ္မုတိထေရ် အရှင်သံဃာတော်မြတ်တို့ဟာ အဝေးမှ ဆောင်ယူ ပစ္စည်းကိုလည်း ပေးလှူခြင်းငှာ ထိုက်တော်မူပါပေတယ်၊ ဧည့်သည်ဖို့ရာ ရည်ကာဆောင်ထား ပစ္စည်းများပင် စိတ်ထားဖြူစင်ပေးလှူခြင်းငှာ ထိုက်တော်မူပါပေတယ်၊ တမလွန်စခန်း ကောင်းဖို့မှန်းပြီး လှူဒါန်းခြင်းငှာ ထိုက်တော်မူပါပေတယ်၊ ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းငှာ ထိုက်တော်မူပါပေတယ်၊ နတ်လူအများ ကောင်းမှုပွားဖို့ ကြဲထားပျိုးချ တုမရတဲ့ ကောင်းလှလယ်မြေ ယာမြေပမာလည်း ဖြစ်တော်မူပါပေတယ်လို့ ဆိုတယ်ကွယ့်။ ရှင်းရှင်းပြောရရင် မြတ်စွာဘုရားရှင်ရဲ့ တပည့်သားသံဃာတော်အရှင်သူမြတ်တွေဟာ ဒီအကျင့်တွေ ကျင့်ကြံတော်မူကြတဲ့အတွက် ဒီလိုမျိုး လှူဒါန်းပူဇော်ခြင်းဖြစ်တယ်လို့ ပြောရမှာပေါ့"

"ဘကြီးကောင်း ဒီလိုရှင်းပြတော့လည်း အမှုမဲ့အမှတ်မဲ့နေတဲ့သူတွေ၊ မသိနားမလည်သူတွေအဖို့ အတော့်ကို အကျိုးများတာပေါ့နော်"

"နေဦး၊ မပြီးသေးဘူးကွယ့်။ ရဟန်းသံဃာတွေနဲ့ ဒါယကာ၊ ဒါယိကာမတို့ရဲ့ ဆက်ဆံရေးဆိုလည်း နှစ်ဦးနှစ်ဝ တာဝန်ကိုယ်စီ အညီအမျှရှိကြသေးတယ်ကွယ့်။ မြတ်စွာဘုရားရှင်က သိင်္ဂါလောဝါဒသုတ်မှာ ရဟန်းသံဃာတော်တွေနဲ့ ဒါယကာ၊ ဒါယိကာမတို့ရဲ့ ဆက်ဆံရေးနဲ့ပတ်သက်ပြီး ဒါယကာ၊ ဒါယိကာမတို့ဘက်က လိုက်နာရမယ့် ကျင့်ဝတ်ငါးပါး၊ ရဟန်းသံဃာတွေဘက်က ကျင့်ဝတ်ခြောက်ပါးကို ဟောကြားတော်မူခဲ့တယ်ကွယ့်။

ဒါယကာ၊ ဒါယိကာမတွေဘက်က ကျင့်ဝတ်ငါးပါးက –

၁။ မေတ္တာဖြင့်ယှဉ်သော ကာယကံဖြင့် ဆက်ဆံခြင်း၊
၂။ မေတ္တာဖြင့်ယှဉ်သော ဝစီကံဖြင့် ဆက်ဆံခြင်း၊
၃။ မေတ္တာဖြင့်ယှဉ်သော မနောကံဖြင့် ဆက်ဆံခြင်း၊
၄။ လိုအပ်သမျှ အလှူခံကြရန် ဖိတ်ကြားထားခြင်း၊
၅။ လိုအပ်သမျှ လှူဒါန်းခြင်း၊

ရဟန်းသံဃာတွေဘက်က ကျင့်ဝတ်ခြောက်ပါးကတော့ –

၁။ မကောင်းမှုကိုတားမြစ်ခြင်း၊
၂။ ကောင်းမှုပြုရန် တိုက်တွန်းခြင်း၊
၃။ သနားကြင်နာစိတ်စေတနာထားခြင်း၊
၄။ မကြားဖူးသော တရားထူးများဟောခြင်း၊
၅။ ကြားဖူးသောတရားကို အနက်အဓိပ္ပာယ် ကျေညက်အောင် ဟောကြားခြင်း၊
၆။ နတ်ပြည်ရောက်ကြောင်း နည်းလမ်းကောင်းများ ဟောကြားခြင်းတို့ပဲ ဖြစ်တယ်ကွယ့်။

အတိုချုံးပြောရရင်တော့ ဒါယကာ၊ ဒါယိကာမတွေက တတ်အားသရွေ့လှူဒါန်းပူဇော်ကြပြီး ရဟန်းသံဃာတော်တွေက တရားပြသဆုံးမကြဖို့ပါပဲ။

ထို့အတူပဲ ရဟန်းသံဃာများဘက်က –

၁။ ရဟန်းတို့ လာဘ်လာဘမရအောင် ကြိုးစားခြင်း၊
၂။ ရဟန်းတို့အား အကျိုးမဲ့ဖြစ်ရန် ကြိုးစားခြင်း၊
၃။ ရဟန်းတို့ နေစရာမရှိအောင် ကြိုးစားခြင်း၊
၄။ ရဟန်းတို့ကို ဆဲရေးခြင်း၊ ကြိမ်းမောင်းခြင်း၊
၅။ ရဟန်းအချင်းချင်း ရန်တိုက်ပေးခြင်း၊
၆။ ဘုရားရှင်ကို ကဲ့ရဲ့ရှုတ်ချခြင်း၊
၇။ တရားကို ကဲ့ရဲ့ရှုတ်ချခြင်း၊
၈။ သံဃာကို ကဲ့ရဲ့ရှုတ်ချခြင်းဆိုတဲ့ အင်္ဂါရှစ်ပါးနဲ့ အကျုံးဝင်တဲ့ ဒါယကာ၊ ဒါယိကာမတွေကို ရဟန်းသံဃာက သူနဲ့မဆက်ဆံဘဲ ဖဲကြဉ်တဲ့ သပိတ်မှောက်ကံပြုနိုင်သလို ဒါယကာ၊ ဒါယိကာမတွေဘက်ကလည်း "လူတို့အား ပစ္စည်းဥစ္စာမရခြင်းငှာ အားထုတ်ခြင်း၊ လူတို့အား အကျိုးယုတ်စေရန် အားထုတ်ခြင်း၊ လူတို့ကို ဆဲရေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ လူနှင့် လူချင်း ကုန်းတိုက်ပေးခြင်း၊ ဘုရားရှင်ကို ကဲ့ရဲ့ရှုတ်ချခြင်း၊ တရားတော်ကို ကဲ့ရဲ့ရှုတ်ချခြင်း၊ သံဃာကို ကဲ့ရဲ့ရှုတ်ချခြင်း၊ အကျွမ်းတဝင် အဆက်အဆံမပြုသင့်သော နေရာခြောက်မျိုးမှာ ဝင်ထွက်ဆက်ဆံခြင်း"ဆိုတဲ့ အင်္ဂါရှစ်ပါးနဲ့ အကျုံးဝင်ငြိစွန်းတဲ့ရဟန်းကို အပ္ပသာဒပဝေဒနိယကံပြုခွင့်ရှိတယ်ကွယ့်။

### မြတ်ဗုဒ္ဓရဲ့သာသနာတော်မှာ

ဒီကံကို ဒါယကာ၊ ဒါယိကာမတွေက ပြုတဲ့အခါမှာ ရဟန်းတွေကဲ့သို့ ဉာတ်ကမ္မဝါစာများ ရွတ်ဖတ်ရန် မလိုဘဲ ကံပြုထိုက်တဲ့ရဟန်းကို နေရာမှထမပေးခြင်း၊ ရှိမခိုးဘဲနေခြင်းဖြင့် ကံမြောက်ပြီးဖြစ်တယ်လို့ စာပေကျမ်းဂန်တွေမှာ ဖော်ပြထားတယ်ကွယ့်။ နောက်ပြီး ရဟန်းဖြစ်စေ၊ လူဖြစ်စေ အပြစ်ကျူးလွန်သူတွေဘက်က ဝန်ချတောင်းပန်မှ ပြုခဲ့ပြီးသောကံကို ပယ်ဖျက်နိုင်တယ်လို့လည်း ဖော်ပြထားတယ်ကွယ့်။ ပြောရရင်တော့ မြတ်ဗုဒ္ဓရဲ့ သာသနာတော်မှာ ရဟန်းသံဃာနဲ့ ဒါယကာ၊ ဒါယိကာမတို့ရဲ့ ဆက်ဆံရေးက တစ်လမ်းသွား၊ တစ်ဖက်သတ်စနစ်မျိုး မဟုတ်ဘဲ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ သဘောမျိုးပေါ့။ အခုခေတ်လူတွေပြောပြောနေတဲ့ ဒီမိုကရေစီပေါ့ကွယ်။"

"ဒါကြောင့်မို့လည်း မြတ်ဗုဒ္ဓရဲ့သာသနာတော်နဲ့ သံဃာ့အဖွဲ့အစည်းကြီးက နှစ်ပေါင်းထောင်ချီ တည်တံ့နေတာပေါ့နော် ဘကြီးကောင်း"

"ဒါပေါ့ကွယ်၊ မြတ်စွာဘုရားရှင်က လောကသားတို့ အကျိုးစီးပွားအတွက် သံဃာ့အဖွဲ့အစည်းကြီး နှစ်ပေါင်းထောင်ချီ တည်တံ့ခိုင်မြဲစေဖို့ လိုအပ်တဲ့ ဝိနည်းစည်းမျဉ်းစည်းကမ်းတွေကို ထုတ်ပြန်ပေးခဲ့သလို တို့ရဲ့ ရှေးဘိုးဘွားမိဘ ဆရာသမားတွေကလည်း ဆရာ၊ ဒကာ ညီညာစွာလက်တွဲပြီး သာသနာတော်မြတ်ကြီးကို ထိန်းသိမ်းစောင့်ရှောက် ချီးမြှောက်ခဲ့တာလည်း ပါတာပေါ့ကွယ်။

မြတ်စွာဘုရားရှင် ပွင့်ထွန်းရာ အိန္ဒိယပြည်မှာ သာသနာကွယ်ပရခြင်းနဲ့ပတ်သက်ပြီး

၁။ ရဟန်းတော်များ သီလ၊ မေတ္တာ၊ ခန္တီစတဲ့ အခြေခံ ရဟန်းကျင့်ဝတ်များ၌ လျော့ပါးအားနည်းခြင်း၊ နောက်ဆုံး လုံးဝသိက္ခာမရှိခြင်း၊
၂။ အတ္တဝါဒသည် ခေါင်းဆောင်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးတို့ဖြင့် အတွင်းလှိုက်၍မွေခြင်း၊
၃။ နောက်ဆုံး မိစ္ဆာရန်သူတို့ အဓမ္မအကြမ်းဖက်၍ နှိပ်စက်သတ်ခြင်းဆိုတဲ့ အချက်သုံးချက်ကြောင့်လို့ ပညာရှင်တွေက လက်ခံအတည်ပြုခဲ့ကြတယ်ကွယ့်။

မြန်မာနိုင်ငံမှာတော့ ခေတ်အဆက်ဆက် ရဟန်းသံဃာတော်တွေဘက်က ဂန္ထဓူရ၊ ဝိပဿနာဓူရ နှစ်ဖြာကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူခဲ့ကြသလို ဒါယကာ၊ ဒါယိကာမတွေဘက်ကလည်း ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး နေလို၊ လလို ထွန်းပအောင် ဓွဲ၊ သတ္တိ၊ လုံ့လ၊ ဝီရိယ၊ အသိဉာဏ် အမြော်အမြင်တို့နဲ့ ထူထောင်ခဲ့ကြလို့ပေါ့ကွယ်။

လေနာထအောင် တစာစာအံ၍ ကျက်၍ သာသနာကို အသက်ဆက်ပေးကြတဲ့ ရှင်ငယ်၊ ရဟန်းငယ်တွေနဲ့ 'ရိုးရာကို အထိမခံ၊ လူဆန်၍ ခေတ်မီသည်ကို မလိုလား'ဘဲ သာသနာတော်ကြီးကို ဝိုင်းဝန်းချီးမြှောက်ခဲ့ကြတဲ့ မိဘဘိုးဘွားဆရာသမားတို့ရဲ့ကျေးဇူးက ကြီးပါပေ့မောင်ရေ။

ကိုယ့်မင်းကိုယ်ချင်းဘဝကျဆုံးပြီး ဗြိတိသျှလက်အောက်ကျရောက်စဉ်မှာ တို့ရဲ့ရှေးဘိုးဘွား မိဘဆရာသမားတို့ဟာ ဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့အတွက် သကျသီဟ (မန္တလေး)၊ စေတိယင်္ဂဏ(ရန်ကုန်)၊ သုဝဏ္ဏဘူမိ (သထုံ)၊ သုသမာစာရ (မော်လမြိုင်)၊ ဝိနယာဓိက (ပဲခူး)၊သုဓမ္မာ(ညောင်တုန်း)စတဲ့ပရိယတ္တိအားပေးတဲ့ အသင်းအဖွဲ့များ၊ မလွန်ဆန်လှူအသင်းစတဲ့ ပစ္စယာနုဂ္ဂဟအဖွဲ့တွေကို တည်ထောင်ခဲ့ကြတယ်ကွယ့်"

### မလွန်ဆန်လှူအသင်းကြီး

"မလွန်ဆန်လှူအသင်းဆိုတာ ကျွန်တော်တို့ အခုထက်တိုင်လှူဒါန်းနေတဲ့ စစ်ကိုင်းတောင်ရိုးက ရဟန်းသံဃာတော်တွေနဲ့ သီလရှင်တွေကို ဆွမ်းဆန်တော် ထောက်ပံ့ပေးနေတဲ့ မလွန်ဆန်လှူအသင်းကြီးလား ဘကြီးကောင်း"

"မှန်တာပေါ့ မောင်မြင့်အေးရယ်၊ တစ်ချိန်က မင်းနေပြည်တော် မန္တလေးမှာ သီပေါမင်းကို ဗြိတိသျှနယ်ချဲ့က နန်းချပြီး ဖမ်းဆီးခေါ်ဆောင်သွားတော့ မင်းပြောင်းမင်းလွဲကြီးကလည်းဖြစ်၊ သာသနာပြုမင်းများကင်းမဲ့လို့ တိုင်းပြည်ကလည်း သူ့ကျွန်လုံးလုံးဖြစ် ကျန်ရစ်တော့ ဗုဒ္ဓဘာသာဝင် ဒါယကာ၊ ဒါယိကာမစတဲ့ ပြည်သူတွေက ပစ္စည်းလေးပါး လှူဒါန်းပါမှ သာသနာမှာတည်နေနိုင်တဲ့ ရဟန်းသံဃာတော်တွေလောကဟာ ဒုက္ခအကြီးအကျယ်တွေ့ရတော့တာပေါ့။

အထူးသဖြင့် ဆွမ်းခံစရာ ရပ်ရွာဂေါစရဂါမ်ခက်ခဲတဲ့ စစ်ကိုင်းတောင်ရိုးက ရဟန်းသံဃာတော်တွေနဲ့ သီလရှင်တွေဟာ ပိုပြီးဒုက္ခရောက်ကြရတာပေါ့။ ဒါကြောင့် သီပေါမင်းပါတော်မူအပြီး ၁၁ နှစ်အကြာမှာ မန္တလေးမြို့မိမြို့ဖတွေက ဗုဒ္ဓသာသနာတော်ကြီး ဆက်လက်ရှင်သန်ပြန့်ပွားနိုင်ရေး၊ သံဃာတော်နဲ့သီလရှင်တွေကို ဆွမ်းဆန်တော်တွေ ထောက်ပံ့နိုင်ရေးအတွက်ဆိုပြီး မလွန်ဆန်လှူအသင်းကြီးကို စတင်တည်ထောင်ဖွဲ့စည်းခဲ့ကြတယ်။ တစ်ခါ မန္တလေးမြို့မိမြို့ဖတွေဟာ သီပေါမင်းပါတော်မူပြီး ၁၃ နှစ်အကြာမှာ ပရိယတ္တိသာသနဟိတ အသင်းကြီးကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပြန်တယ်။

### နှစ်ပေါင်း ၁၂၀

ဒီအသင်းကြီးတွေဟာ တကယ့်သဒ္ဓါတရားနဲ့ တည်ထောင်ခဲ့ကြပြီး သာသနာတော်အတွက် ဖြူဖြူစင်စင် လုပ်ဆောင်သွားခဲ့ကြတာ ဖြစ်လေတော့ ပျံလွန်တော်မူသွားတဲ့ မင်းကွန်းတိပိဋကဆရာတော်ကြီးက ပရိယတ္တိအသင်းက သာသနာရဲ့ဖခင်အသင်း၊ မလွန်ဆန်လှူအသင်းက သာသနာရဲ့မိခင်အသင်းလို့ သတ်မှတ်တော်မူခဲ့ပါတယ်။ ဒီအသင်းကြီးနှစ်သင်းဟာ ကနေ့ထက်ထိ နှစ်ပေါင်း ၁၂၀ ကျော်တိုင်အောင် ရှင်သန်ကြီးထွားပြီး သာသနာတော်ကိုအကျိုးများအောင် ဆက်လက်ဆောင်ရွက်နေကြဆဲမို့ အလွန်ဂုဏ်ယူစရာကောင်းလှတယ်ကွယ့်။

ဒို့အပြင် ရှေးမြန်မာဘိုးဘွားတွေဟာ ထေရဝါဒသာသနာ့သမိုင်းကို ယနေ့ ဒီအခြေအနေအထိ ရောက်အောင် အခက်အခဲ အမျိုးမျိုးကြားက ရုန်းကန်ပြီး ဓွဲ၊ သတ္တိ၊ လုံ့လ၊ ဝီရိယ၊ အသိဉာဏ် အမြော်အမြင်တို့နဲ့ ထူထောင်ခဲ့ကြရတာကွယ့်။

၁။ ဘိုးတော်မင်းတရားကြီးဟာ တောစွန်အုံဖျားပါမကျန်အောင် ပိဋကကျမ်းစာတွေနဲ့အတူ ရဟန်းတော်တွေကို ပြည်တွင်း ပြည်ပသို့ သာသနာပြု စေလွှတ်၍ မဟာယာနဝါဒကို အမြစ်ပြတ်ရှင်းလင်းပေးခဲ့ခြင်း၊
၂။ မင်းတုန်းမင်းတရားကြီးဟာ တစ်ကမ္ဘာလုံး နယ်ချဲ့ဝါဒများ ကြီးစိုးလွှမ်းဖိလာသောအချိန်မှာ ပဉ္စမသင်္ဂါယနာတင်၍ ဟန့်တားခဲ့ခြင်း၊
၃။ တစ်ကမ္ဘာလုံး ရုပ်ဝါဒကြီး ဖိစီးလာအံ့သောအချိန်မှာ ဝန်ကြီးချုပ် ဦးနုနဲ့ မြန်မာတို့ဟာ ဆဋ္ဌသင်္ဂါယနာတင်ခဲ့ခြင်းစသဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးကို အရှည်တည်တံ့ခိုင်ခံ့အောင် အံ့မခန်းကြိုးပမ်းခဲ့ကြတာပေါ့ကွယ်။

ထေရဝါဒဗုဒ္ဓသာသနာတော်ရဲ့ ဂုဏ်ကျေးဇူးနဲ့ တန်ဖိုးကို နားလည်ကြလို့လည်း အခုလက်ရှိမြန်မာနိုင်ငံမှာကျင်းပနေကြတဲ့ ဘာသာရေးအခမ်းအနားတွေမှာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုပြီး ဆုတောင်းကြတာပဲကွယ့်။ ရှေးဘိုးဘွား မိဘဆရာသမားတို့ရဲ့ တာဝန်ကတော့ ကျေပွန်ပါပြီ၊ မောင်တို့မျိုးဆက်တွေရဲ့တာဝန်ပဲ ကျန်တော့တယ်"

"ဩော်၊ ဒါကြောင့်မို့လည်း မြတ်ဗုဒ္ဓရဲ့ သာသနာတော်နဲ့ သံဃာ့အဖွဲ့အစည်းကြီးဟာ ယခုထက်တိုင် နှစ်ပေါင်းထောင်ချီ တည်တံ့နေနိုင်တာပေါ့နော်၊ ဘကြီးကောင်း အခုလို ဟောပြောရှင်းပြပေးတော့လည်း ကျွန်တော်တို့အဖို့ အတော်ကျေးဇူးများတာပေါ့ဗျာ"

"မောင်မြင့်အေးတို့လို လူငယ်တွေ အခုလို နားထောင်ဖော်ရတာကိုပဲ ဘကြီးကောင်းက ကျေနပ်လှပါပြီ။"

> **ဒီအသင်းကြီးတွေဟာ တကယ့်သဒ္ဓါတရားနဲ့ တည်ထောင်ခဲ့ကြပြီး သာသနာတော်အတွက် ဖြူဖြူစင်စင်လုပ်ဆောင်သွားခဲ့ကြတာဖြစ်လေတော့ ပျံလွန်တော်မူသွားတဲ့ မင်းကွန်းတိပိဋကဆရာတော်ကြီးက ပရိယတ္တိအသင်းက သာသနာရဲ့ဖခင်အသင်း၊ မလွန်ဆန်လှူအသင်းက သာသနာရဲ့မိခင်အသင်းလို့ သတ်မှတ်တော်မူခဲ့ပါတယ်။ ဒီအသင်းကြီးနှစ်သင်းဟာ ကနေ့ထက်ထိ နှစ်ပေါင်း ၁၂၀ ကျော်တိုင်အောင် ရှင်သန်ကြီးထွားပြီး သာသနာတော်ကိုအကျိုးများအောင် ဆက်လက်ဆောင်ရွက်နေကြဆဲမို့ အလွန်ဂုဏ်ယူစရာကောင်းလှတယ်ကွယ့်**

**ကျမ်းကိုး။** ဓမ္မာစရိယ ဦးဌေးလှိုင်၏ "မြန်မာနိုင်ငံ ပဋိပတ္တိသာသနာဝင် ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ"၊
ဝဏ္ဏသီရိ၏ "ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း" (ပထမတွဲ)

## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၄

တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် တနိုင်းမြို့ရှိထေရဝါဒတောင်တန်းသာသနာပြု ဗဟိုမြို့မကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ပင်မဗုဒ္ဓဝါဒီစာသင်တိုက်၊ မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာရှိ သာသနာ့ဟိတကာရီမြဝတီသက်သတ်လွတ်တောရကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ရှိ မင်္ဂလာကံဆွယ်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် အမ်းမြို့ရှိ ဒိုင်ကြီးဘုန်းတော်ကြီးကျောင်း၊ ကျောက်ကြီးတောင်ဘုန်းတော်ကြီးကျောင်း၊ ဘူးသီးတောင်မြို့နယ်ရှိ ဝါးခုတ်ချောင်းဘုန်းတော်ကြီးကျောင်းနှင့် မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ရှိ ရှောက်တောင်ကျေးရွာဘုန်းတော်ကြီးကျောင်းတို့မှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းကြပြီး နယ်မြေခံဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များရှိ ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၄

၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ သည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့ များရှိ ကျောင်းသားကျောင်းသူများနှင့် စစ်သည်များ ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ ဆုရစစ်သည်များ၊ ဆုရကျောင်းသားကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာဂုဏ်ထူးရရှိသူ နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ခုနစ်ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ကိုးဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၂၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၃၂ ဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ ၁၁၁ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် စစ်သည် လေးဦးတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များက လက်ခံရယူကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ခါဝသန်မိုး

✻ ခါဝသန်မိုး၊ ရွာဖြိုးသွန်းပြီဆိုလျှင်
လျှပ်နွယ်လျှပ်စီး၊ ထိန်ညီးတို့ပြည်တစ်ခွင်
မိုးခြိမ်းသံလွင်၊ မြည်ထင်လွှမ်းမိုး
ဖားတို့အော်မြည်၊ သံစုံညီ
အပျော်စိတ်မှာ စိုးသည်နှင့်လေး။

✻ ခါဝသန်မိုး၊ ရွာဖြိုးသွန်းပြီဆိုလျှင်
ပန်းပေါင်းစုံတင့်၊ ဖူးပွင့်လို့စုံစုံလင်
ရနံ့ထုံသွင်၊ ကြိုင်လွင်ပျံ့စိုး
မိုးစက်ရွက်ခို၊ စိမ်းလန်းပျို
ပြေစိုသင်းထုံ မိုးသည်နှင့်လေး။

✻ ခါဝသန်မိုး၊ ရွာဖြိုးသွန်းပြီဆိုလျှင်
ဝန်းကျင်ပတ်လုံး၊ လွှမ်းဖုံးလို့စိမ်းစိုသွင်
လှပသစ်လွင်၊ စိမ်းဆင်မြတိုး
ကြည်နူးပျော်ဖြာ၊ သည်ချိန်မှာ
ဖြာကာပီတိ ပိုးသည်နှင့်လေး။

✻ ခါဝသန်မိုး၊ ရွာဖြိုးသွန်းပြီဆိုလျှင်
လွမ်းစိတ်တွေဖုံး၊ မိုးလုံးတို့ညို့ညို့လွင်
အတွေးရိပ်ထင်၊ ချစ်ကြင်မြတ်နိုး
ချစ်သူကိုသာ၊ မြဲမြင်ကာ
ရင်မှာလွမ်းဖြာ ပျိုးသည်နှင့်လေး။

✻ ခါဝသန်မိုး၊ ရွာဖြိုးသွန်းပြီဆိုလျှင်
တောင်သူဦးကြီး၊ ပျော်ပြီးလန်းဖြာဖြာရွှင်
တောင့်တလိုအင်၊ မိုးလျှင်ရွာဖြိုး
ထွန်ယက်စိုက်ကာ၊ ပြည့်ကျိုးသာ
စိမ်းဖြာမြရောင် ဆိုးသည်နှင့်လေး။

✻ နိုင်ငံဖွံ့ဖြိုး၊ ရှယ်ကိုးလို့ပြင်ကာဆင်
ရှေ့ဆီကိုလှမ်း၊ တစ်ဝှမ်းမြန်ပြည်တစ်ခွင်
မိုးဝသန်တွင်၊ မြေပြင်လို့ပျိုး
ခေတ်ကမီမီ၊ စိုက်ပျိုးသည်
ပြည်တွင်ဖွံ့ကာ ဖြိုးသည်နှင့်လေး။

✻ ရွာပြန်မိုးတို့ ကြည်ကာတိုးဖြာ တင့်ဆန်းတော့သည်။
ခါဝသန်မိုးတို့ ပြည်မှာဖြိုးကာ ပြည့်လျှမ်းတော့သည်။

ဗန်ညို

## ကန့်ဘလူမြို့နယ်၌ အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ကန့်ဘလူ ဇူလိုင် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းပြီး အားကစားနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယနေ့တွင် ကန့်ဘလူမြို့နယ် လိတ္တူကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းမြင့်က ကျောင်းသား ကျောင်းသူများအား မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အကျင့်စာရိတ္တ ကောင်းမွန်ရေးနှင့် မျိုးဆက်သစ် လူငယ်များ တိုးတက်ရန်အတွက် ငယ်ရွယ်စဉ်မှစ၍ အသိပညာ အတတ်ပညာများကို လေ့လာ ဆည်းပူးကြရန် တို့ကိုလည်းကောင်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ငွေဆွေတာယာက စိတ်ဓာတ်မြှင့်တင်ရေး၊ အားကစားကိုစိတ်ပါဝင်စားပြီး ကျန်းမာ



ကြံ့ခိုင်သော လူငယ်လူရွယ်များ ပေါ်ထွက်လာစေရေးနှင့်အားကစားပြုလုပ်ခြင်းဖြင့် ရရှိစေမည့်အကျိုးကျေးဇူးများကို လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ထို့နောက် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှအားကစားပစ္စည်းများကို လှူဒါန်းပေးအပ်ရာ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မာညိုနှင့် ဆရာမများက လက်ခံရယူခဲ့ကြသည်။ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို ကျောင်းသားကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲသို့ တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၂၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မြန်မာ့ပင်လယ်ပြင်

နေပြည်တော် ဇူလိုင် ၂၄

လှိုင်း အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇူလိုင် ၂၄

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မိုး/ဇလ

# ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

ပုသိမ် ဇူလိုင် ၂၄

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအောင်ချက်အကောင်းဆုံး ဒုတိယ၊ အောင်ချက်အကောင်းဆုံး ခရိုင်၊ မြို့နယ် ကျောင်းများနှင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ ဆရာ ဆရာမများနှင့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။



### အမှာစကားပြောကြား

ဦးစွာ အခမ်းအနားကို အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း"သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တစ်နိုင်ငံလုံးတွင် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် ၅၂ ဒသမ ၁၆ ရာခိုင်နှုန်းဖြင့် အောင်ချက်အကောင်းဆုံး ဒုတိယဆုကို တိုင်းဒေသကြီး ပညာရေးမှူးအား ချီးမြှင့်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဆုရ (ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိသည့် ခရိုင်၊ မြို့နယ်ကျောင်းများ၊ နိုင်ငံအဆင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက တိုင်းဒေသကြီးအဆင့် ထူးချွန်စွာအောင်မြင်ခဲ့သူများအား လည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူများအား လည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်နှင့် တိုင်းဒေသကြီး ပညာရေးမှူးတို့က ငါးဘာသာဂုဏ်ထူး ရရှိသူများအား လည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၏ ဇနီး၊ သယံဇာတရေးရာဝန်ကြီး၏ဇနီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၏ဇနီး၊ အစိုးရအဖွဲ့အတွင်းရေးမှူး၏ ဇနီး တို့က လေးဘာသာဂုဏ်ထူး ရရှိသူများအား လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ကောင်းစည်သူဟိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်"သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကူးကြသည်။

### ဂုဏ်ထူးရရှိသူ ၁၁၂၆၀ ပေါ်ထွက်

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၅၂ ဒသမ ၁၆ ရာခိုင်နှုန်းဖြင့် တစ်နိုင်ငံလုံး အောင်ချက်အကောင်းဆုံး ဒုတိယ၊ တစ်နိုင်ငံလုံး သိပ္ပံဘာသာတွဲ၌(ဆဋ္ဌမ) တစ်ဦး၊ ဝိဇ္ဇာဘာသာတွဲ၌(ဒုတိယ) နှစ်ဦး၊ (တတိယ)တစ်ဦး၊ (စတုတ္ထ)နှစ်ဦး၊ (ပဉ္စမ)တစ်ဦးနှင့် (ဆဋ္ဌမ)တစ်ဦး စုစုပေါင်း ရှစ်ဦးထွက်ပေါ်ခဲ့ကာ တိုင်းဒေသကြီး အတွင်း စုစုပေါင်းဂုဏ်ထူးရရှိသူ ၁၁၂၆၀ ပေါ်ထွက်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခြောက်ဘာသာဂုဏ်ထူး ၃၁ ဦး၊ ငါးဘာသာဂုဏ်ထူး ၇၇ ဦး၊ လေးဘာသာဂုဏ်ထူး ၄၀၉ ဦးတို့ကို ဂုဏ်ပြုဆုများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

❒ ရွှေဖုံးမှ

မန်းချောင်းရေလှောင်တမံ ဆည်ရေသောက်စနစ်တွင် စိုက်ပျိုးနိုင်သည့် စိစစ်ဧက ၃၁၈၅ ဧကရှိသည်။ မန်းချောင်းရေလှောင်တမံ ဆည်ရေကို မင်းဘူး(စကု)မြို့နယ်ရှိ အိုင်းမရေလွှဲဆည်သို့ပါ ရေကူပေးဝေလျက်ရှိကာ အိုင်းမရေလွှဲဆည် ရေသောက်စနစ်တွင် စိစစ်ဧက ၃၆၁၈၉ ဧကတည်ရှိသည်။ အိုင်းမရေလွှဲဆည်မှ မင်းဘူး၊ စကု၊ ပွင့်ဖြူမြို့နယ်တို့ရှိ စိုက်ပျိုးမြေများသို့ ရေပေးဝေလျက်ရှိသည်။



### ရေပေးဝေ

"ဒီရေလှောင်တမံရေကို လက်ဝဲတူးမြောင်း၊ လက်ယာတူးမြောင်းနဲ့ ရေပေးဝေတယ်။ ရေလှောင်တမံကရေကို ရေလှောင်တမံ အောက်ဘက် အိုင်းမရေလွှဲဆည်ကနေပြီးတော့လည်း ပေးဝေပါတယ်။ ရေပေးဝေတာကို နေရာနဲ့ပြောရရင် ငဖဲ၊ မင်းဘူးနဲ့ စကုမြို့နယ်က စိုက်ကေတွေကများတယ်။ ပွင့်ဖြူမြို့နယ်ကတော့ နယ်အစပ်ဖြစ်တဲ့အတွက် စိုက်ကေနည်းနည်းပဲပါတယ်။ ပွင့်ဖြူမြို့နယ် စိုက်ကေတွေကို အဓိကရေပေးတာက မုန်းချောင်းပေါ်က မဲဇလီရေလွှဲဆည်က ဖြစ်ပါတယ်"ဟု မင်းဘူးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးဇင်သက်က ပြောသည်။

ယခုနှစ် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးရာသီတွင် မန်းချောင်းတမံဆည်ရေသောက်စနစ်မှ စိုက်ပျိုးဧက ၂၉၇၁ ဧကနှင့် အိုင်းမရေလွှဲဆည်ရေသောက်စနစ်မှ ၃၂၃၉၃ ဧက စုစုပေါင်း ၃၅၃၆၄ ဧက စိုက်ပျိုးရန်လျာထားပြီးဖြစ်ကြောင်း မင်းဘူးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယခုအခါ နွေသီးနှံများ ရိတ်သိမ်းပြီး မိုးစပါးစိုက်ပျိုးရန် ပျိုးထောင်ချိန်ဖြစ်သည့်အတွက် ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက်မှစတင်ကာ စိုက်ပျိုးရေပေးဝေနေပြီဖြစ်သည်။

"ပြီးခဲ့တဲ့ ၂၀၂၁-၂၀၂၂ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ မန်းချောင်းတမံကနေ ၁၆၉၃ ဧက၊ အိုင်းမရေလွှဲဆည်က ဧက ၁၅၆၄၀ စုစုပေါင်း ၁၇၃၃၃ ဧက စိုက်ပျိုးခဲ့ပြီး ဖြစ်ပါတယ်။ မိုးစပါးမှာတော့ မန်းချောင်းတမံကနေ ၂၉၇၁ ဧက၊ အိုင်းမရေလွှဲဆည်က ၃၂၃၉၃ ဧက စုစုပေါင်း ၃၅၃၆၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု မင်းဘူးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးမျိုးဇင်သက်က ဆိုသည်။

### စိုက်ပျိုးရေပေးဝေနိုင်ခဲ့

မန်းချောင်းရေလှောင်တမံ ရေသိုလှောင်မှုပမာဏအရ ၂၀၂၁-၂၀၂၂ ခုနှစ် မိုးစပါး ၃၅၃၆၄ ဧက၊ နွေသီးနှံ ၁၇၃၃၃ ဧကကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည်။ ထို့အတူ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးလျာထားဧက ၃၅၃၆၄ ဧက အတွက်ပါ ပျိုးထောင်ရေ အပြည့်အဝပေးဝေခဲ့ပြီးဖြစ်ကြောင်း မင်းဘူးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"အခုက စပါးပျိုးထောင်ကာလဆိုတော့ ဆည်ရေပြတ်တောက်မှုမရှိဖို့၊ ရေပြည့်ဝဖူလုံစွာရရှိဖို့ ဆည်မြောင်းဌာနက စနစ်တကျ စီမံခန့်ခွဲပေးဝေနေပါတယ်။ ကျွန်တော်တို့ တောင်သူတွေဘက်ကလည်း ရေကို အလေအလွင့်မရှိ စည်းကမ်းနဲ့ သုံးစွဲစေဖို့ရာ ဌာနဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး မြောင်းတွေကို ပြုပြင်တာ၊ ရေခွဲဝေသုံးစွဲမှု၊ စီမံခန့်ခွဲမှုအတွက် တောင်သူတွေပါဝင်တဲ့ ရေအသုံးချသူအဖွဲ့တွေ စုပေါင်းညှိနှိုင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်''ဟု ညောင်ကိုင်းကျေးရွာ WUG ခေါင်းဆောင် ဦးထွန်းထွန်းက ပြောသည်။

### ပူးပေါင်းဆောင်ရွက်လျက်ရှိ

မန်းချောင်းရေလှောင်တမံနှင့် အိုင်းမရေသောက်စနစ်အတွင်း ရေအသုံးချသူများအဖွဲ့ (Water User Group – WUG) အဖွဲ့ပေါင်း ၅၀ ကျော်ဖွဲ့စည်းပြီး ဆည်ရေသုံးစွဲမှု စနစ်တကျခွဲဝေသုံးစွဲရေး၊ တောင်သူအချင်းချင်း ဆည်ရေရယူမှု အငြင်းပွားခြင်းအား စုပေါင်းညှိနှိုင်းဖြေရှင်းစေခြင်း၊ လယ်ကြားမြောင်းများ၊ ရေယူမြောင်းများအား စနစ်တကျတူးဖော်ခြင်း၊ ထိန်းသိမ်းခြင်းများကို ဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ ရေသိုလှောင်မှုပမာဏအရ မနှစ်ကမိုးစပါး၊ နွေစပါးအတွက် ဆည်ရေကို လုံလောက်စွာ အပြည့်အဝပေးဝေထားခဲ့ပြီးဖြစ်ပါတယ်။ အခုနှစ်အတွက် ပျိုးထောင်ရေတော့ ပေးဝေပြီးဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိတမံအတွင်း လက်ကျန်သိုလှောင်ရေပမာဏကတော့ သတ်မှတ်ချက်အောက်မှာ ရှိနေပါတယ်။ မိုးရွာသွန်းမှုရှိရင် သတ်မှတ်ရေလှောင်ပမာဏ ရရင်တော့ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါးလျာထား ဧကအားလုံး ဆည်ရေအပြည့်အဝပေးဝေနိုင်မှာဖြစ်ပါတယ်"ဟု ဦးစီးအရာရှိ (မြို့ပြ) ဦးမျိုးဇင်သက်က ပြောသည်။

ဒေသစိုက်ပျိုးရေးအတွက် ရာသီဥတုအခြေအနေ အပြောင်းအလဲများကြားမှ ရာသီအလိုက်သီးနှံများ စိုက်ပျိုးရာတွင် နိုင်ငံတော်နှင့်တောင်သူများအကျိုးစီးပွားကိုရှေးရှု၍ စိုက်ပျိုးရေပြည့်ဝဖူလုံစွာရရှိရေး၊ ဆည်ရေစနစ်တကျ စီမံခန့်ခွဲနိုင်ရေး၊ လက်တွေ့ကျကျ စီမံဆောင်ရွက်နိုင်ရေးတို့ကို သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ တောင်သူများ၊ ရေအသုံးချသူများအဖွဲ့ (WUG)အဖွဲ့များနှင့် အစဉ်ပူးပေါင်းပြီး မျက်ခြည်မပြတ်စီမံဆောင်ရွက်လျက်ရှိကြောင်း မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မျိုးလှိုင်က ပြောသည်။

### ပါဝင်ထမ်းဆောင်လျက်ရှိ

ဒေသတွင်း တောင်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေး၊ ဒေသတွင်း စားသုံးဆီဖူလုံရေး၊ တစ်သီးစားမှသည် နှစ်သီးစား၊ သုံးသီးစားအထိ တိုးမြှင့်စိုက်ပျိုးနိုင်ရေး၊ နည်းပညာအကူအညီရရှိရေး၊ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး လူမှုရေး၊ စီးပွားရေး၊ စားနပ်ရိက္ခာဖူလုံရေး အစရှိသည့် အခြေခံစနစ်များ ခိုင်မာရေးအတွက် အထောက်အကူဖြစ်စေနိုင်ရန် ရည်ရွယ်ကာ မင်းဘူးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဦးစီးဌာနများနှင့် ပူးပေါင်း၍ နိုင်ငံအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ထမ်းဆောင်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**အောင်ကိုကို**

# တနိုင်းမြို့နယ်လုံးဆိုင်ရာ ရဟန်း၊ သာမဏေများနှင့် သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး



တနိုင်း ဇူလိုင် ၂၄

ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(တနိုင်း)တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က တနိုင်းမြို့နယ်လုံးဆိုင်ရာ ရဟန်း၊ သာမဏေများနှင့် သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၈ နာရီက မြို့မ(ဗဟို)ကျောင်းတိုက်၌ ဆောင်ရွက်သည်။

ဒေသကွပ်ကဲမှုစစ်ဌာနချုပ်၏ ဦးဆောင်မှုဖြင့် တနိုင်းမြို့နယ်လုံးဆိုင်ရာ ရဟန်း ၇၂ ပါး၊ ကိုရင် ၂၅ ပါး၊ သီလရှင်ကိုးပါး စုစုပေါင်း ၁၁၆ ပါးအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။ ဆက်လက်၍ ရဟန်း၊ သာမဏေ၊ သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး သာမဏေ ၂၅ ပါးအား သင်္ကန်း၊ ထီး၊ ဝတ္ထုငွေနှင့် သီလရှင် ၉ ပါးအား ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**မနောမြေ(တနိုင်း)**

# ထန်းတပင်မြို့နယ်၌ အသက်(၈၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်များ အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးအပ်

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန် တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ အသက်(၈၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို မြို့နယ် တာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုတာဝန်ရှိသူများက သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာများအလိုက် အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့သော ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမ သုံးလပတ်အတွက် အသက်(၈၅)နှစ်အထက် သက်ကြီးဘိုးဘွားများကို လူမှုရေးပင်စင် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်လျက်ရှိသည်။

ထန်းတပင်မြို့နယ်တွင် အသက်(၈၅)နှစ်အထက် သက်ကြီးဘိုးဘွား ၅၀၆ ဦးအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၅၁၈၀၀၀၀ ပေးအပ်ခဲ့ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက ပြောသည်။

အသက် (၈၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ အဖွဲ့ဝင်(၂) ဦးအေးဝင်းနှင့် ရပ်ကွက်တာဝန်ရှိသူများက အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထောက်ပံ့ပေးအပ်ရန် ကျန်ရှိနေသေးသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုအတွင်းရှိ အသက်(၈၅)နှစ်အထက်သက်ကြီး ဘိုးဘွားများကိုလည်း ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက အိမ်တိုင်ရာရောက် ဆက်လက် ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# မန္တလေးတိုင်းဒေသကြီး၌ အငြိမ်းစားပင်စင်လစာများ အဆင်ပြေချောမွေ့စွာ ထုတ်ပေးလျက်ရှိ

မန္တလေး ဇူလိုင် ၂၄

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ဘဏ်ဝန်ထမ်းအားလုံးက အငြိမ်းစားပင်စင်လစာများကို အဆင်ပြေချောမွေ့စွာ ထုတ်ပေးနိုင်ရန်အတွက် ပင်စင်လစာထုတ်ပေးသော ပထမဆုံး သုံးရက်တွင် နံနက် ၄ နာရီခွဲမှ စတင်ပြင်ဆင်မှုများပြုလုပ်ပြီး အငြိမ်းစားများကို နံနက် ၅ နာရီ ၁၅ မိနစ်မှစတင်ထုတ်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီးမန်နေဂျာ ဦးရဲနိုင်သိန်းထံမှ သိရသည်။

အငြိမ်းစားပင်စင်လစာများထုတ်ယူရာတွင် ပိုမိုအဆင်ပြေစွာ ထုတ်ယူနိုင်ရန်အတွက် ဩဂုတ်လမှစတင်ကာ ပင်စင်လစာထုတ်ယူရမည့် နေ့ရက်နှင့် အချိန်များ ခွဲခြားသတ်မှတ်ထားသော တိုကင်များကို ကြိုတင်ဖြန့်ဝေပေးလျက်ရှိသည်။

လူစုလူဝေးမဖြစ်စေရေးအတွက် တိုကင်ပေါ်တွင် သတ်မှတ်ထားသော နေ့ရက်များနှင့် သတ်မှတ်ထားသော အချိန်များအတိုင်း ပင်စင်လစာထုတ်ယူကြရန် မေတ္တာရပ်ခံထားကြောင်းသိရသည်။

အကြောင်းအမျိုးမျိုးကြောင့် ကြိုတင်၍ တိုကင်ယူမထားသော အငြိမ်းစားများ၊ တိုကင်ပျောက်ဆုံးသော အငြိမ်းစားများ၊ တိုကင်မေ့ကျန်ခဲ့သော အငြိမ်းစားများနှင့် နေ့ရက်အချိန်များကွဲလွဲ၍ လာရောက်ထုတ်ယူသော အငြိမ်းစားများကိုလည်း ပင်စင်လစာထုတ်ပေးသော နေ့ရက်များ၌ အဆင်ပြေချောမွေ့စွာထုတ်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ အသိပေးထားကြောင်း သိရသည်။

**မောင်အေးချမ်း**

# ပြည်ပဈေးကွက်ရှိလာသောကြောင့် ‘ဝ’ ဥကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်သူ များပြားလာ

ပလောက် ဇူလိုင် ၂၄

တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ရှိ ကျေးရွာများ၌ ပြည်ပဈေးကွက်ရှိလာသောကြောင့် ဒေသခံတောင်သူများ ကြားသီးနှံအဖြစ် ‘ဝ’ ဥကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်သူ ပိုမိုများပြားလာကြောင်း ပလောက်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ယခင်က ပြည်တွင်း၌ စားသုံးသည့် အနေအထားလောက်သာ ဈေးကွက်ရှိသည့်အတွက်ကြောင့် ‘ဝ’ ဥ စိုက်ပျိုးသူနည်းပါးခဲ့သော်လည်း ယခုအခါ ပြည်ပဈေးကွက်ရှိလာပြီး ဝယ်ယူလာသည့်အတွက် ဒေသခံတောင်သူများက မိမိတို့ ဥယျာဉ်ခြံနှင့် ရော်ဘာစိုက်ခင်းများတွင် ကြားသီးနှံအဖြစ် ‘ဝ’ဥ စိုက်ပျိုးခြင်းလုပ်ငန်းကို စီးပွားဖြစ် မိသားစုဝင်ငွေတိုးပွားရရှိရေး လုပ်ငန်းတစ်ခုအနေဖြင့် စိုက်ပျိုးလုပ်ကိုင်လာကြသည်။

“ကျွန်တော်တို့မြို့က ရွာတွေမှာ လွန်ခဲ့တဲ့နှစ်နှစ်ခန့်က ‘ဝ’ ဥကို စတင်စိုက်ပျိုးလာခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်တွင်းမှာပဲ ရောင်းချခဲ့ရာကနေ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းကစပြီး ပြည်ပကနေဈေးကောင်းပေးဝယ်ယူလာတော့ တောင်သူတွေ စိတ်ဝင်စားမှု များပြားလာပါတယ်။ ဒါကြောင့် အခုနှစ်မှာ ကြားသီးနှံအနေနဲ့ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုး လုပ်ကိုင်လာကြပါတယ်။ ဒီလိုတိုးချဲ့စိုက်ပျိုးခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်း ပိုပေးနိုင်ပြီး ခြံများမှာ ကြားသီးနှံစိုက်ခြင်းဖြင့် ပေါင်းမြက်တွေလည်း ရှင်းစေပါတယ်” ဟု ပလောက်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသော်ဇင်ထွန်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ‘ဝ’ ဥကို လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်ခန့်က ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ပြည်တွင်းစားကုန်တစ်ခုအနေဖြင့် စိုက်ပျိုးလုပ်ကိုင်လျက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၂၀-၂၀၂၁ ခုနှစ်မှ စတင်စိုက်ပျိုးလာခဲ့ရာ ယခုအခါ ‘ဝ’ ဥစိုက်ပျိုးခြင်းကို တောင်သူများက စီးပွားဖြစ် ဝင်ငွေတိုးပွားစေရေးလုပ်ငန်းတစ်ခုအနေဖြင့် မိမိတို့ ဥယျာဉ်ခြံမြေနှင့် ရော်ဘာစိုက်ခင်းများတွင် ကြားသီးနှံအဖြစ် တိုးချဲ့လုပ်ကိုင်လာကြကြောင်း သိရသည်။

“ဝ ဥကို မေ၊ ဇွန်လတွေမှာ စတင်စိုက်ပျိုးပြီး နိုဝင်ဘာ၊ ဒီဇင်ဘာလတွေမှာ ရိတ်သိမ်းရပါတယ်။ စိုက်တဲ့အခါမှာ ကျင်း၊ ပေါင်၊ အိတ် စတဲ့စနစ်တွေနဲ့ စိုက်ပျိုးလို့ရတယ်။ တစ်လခွဲနှစ်လခွဲ့ခန့် အကြာမှာ ပေါင်းရှင်းပြီး သဘာဝမြေဩဇာ ထည့်သွင်းပြီး မြေအုပ်ပေးရပါတယ်။ တစ်ဧကကုန်ကျစရိတ်က ငွေကျပ်သိန်း ၅၀ ခန့်ရှိပါတယ်။ ရိတ်သိမ်းရောင်းချပြီးရင်တော့ တစ်ဧကကို ငွေကျပ် သိန်း ၈၀၊ ၁၀၀ ခန့်ရရှိပါတယ်။ ပြည်ပဈေးကွက်က တစ်ပိဿာ ကျပ် ၂၀၀၀ ကျော်ခန့်ရှိတယ်။ ပြည်တွင်းဈေးကွက်တွင်းမှာတော့ တစ်ပိဿာ အစိုဈေးက ကျပ် ၁၈၀၀၊ ၂၀၀၀ ရှိပါတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ‘ဝ’ဥ စိုက်ဧကမှာ ယခင်နှစ်က ၃၇၁ ဧကစိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဧက ၄၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ရေဖြူ၊ ထားဝယ်၊ သရက်ချောင်း၊ ပုလော၊ မြိတ်၊ ကျွန်းစု၊ တနင်္သာရီ၊ ဘုတ်ပြင်း စသည့်မြို့နယ်တို့နှင့်ကလိန်အောင်၊ ပလောက်မြို့တို့မှ ဒေသခံတောင်သူများက ‘ဝ’ဥ စိုက်ပျိုးခြင်းကို ကြားသီးနှံအဖြစ် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

“ဝ ဥစိုက်တာ အရင်းအနှီးများသော်လည်း အကျိုးအမြတ်များတယ်၊ ပြည်ပဈေးကွက်ရှိလာတာကြောင့် တောင်သူတွေ ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ပါတယ်။ စိုက်ဧကများလာစေချင်တာက ထုတ်ကုန်များရင် ကုန်ချောထုတ်လုပ်ဖို့ ပိုအစဉ်ပြေလာမှာဖြစ်ပါတယ်” ဟု ပလောက်မြို့ အမှတ်(၂) ရပ်ကွက်နေ တောင်သူ ဦးတွတ်နီက ပြောကြားသည်။

‘ဝ’ ဥမှထွက်ရှိသော စားသုံးကုန်ပစ္စည်းအမျိုးမျိုး၊ ဆေးဝါးအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုးနှင့် တိရစ္ဆာန်အစာအမျိုးမျိုးတို့ကို ထုတ်လုပ်လျက်ရှိကြောင်းနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ‘ဝ’ ဥမျိုးကွဲ ၈၀ ခန့်ရှိပြီး တောင်အမေရိကတိုက်၊ အာဖရိက၊ အရှေ့တောင်အာရှနှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်တို့တွင် ‘ဝ’ဥကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် ‘ဝ’ဥကို ပြည်တွင်းစားသုံးမှုအပြင် ပြည်ပပို့ကုန်အနေဖြင့် ‘ဝ’ဥကို အခြောက်ခံ (ပါးပါးလှီး အခြောက်ခံ) အမှုန်ကြိတ်ပြီး (ခေါက်ဆွဲလုပ်ရန်) တရုတ်၊ ဂျပန်၊ ထိုင်းနိုင်ငံသို့ အဓိကတင်ပို့နေသည့်အပြင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား စသည့်နိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## မိဘပြည်သူများသို့ အသိပေးကြေညာ

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးရေးအတွက် **"ပန်းခင်း"**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁) မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင်လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအား ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတုကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၁) ကြိမ်မြောက်

တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ

The 11th Traditional Medicine Research Congress

၂၀၂၂ ခုနှစ် ၊ ဇူလိုင်လ ၂၇-၂၈ ရက်နေ့

## ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁- ၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ နေပြည်တော်ရှိ အထင်ကရနေရာများ လေ့လာ





နေပြည်တော် ဇူလိုင် ၂၄

၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏သားသမီးများနှင့် ဘက်စုံပညာထူးချွန် လူငယ်များသည် မိဘအုပ်ထိန်းသူများနှင့်အတူ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သတ္တသတ္တာဟစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ အဆိုပါအဖွဲ့သည် မွန်းလွဲပိုင်းတွင် တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ တပ်မတော်(ကြည်း)ပြခန်းများနှင့် ပြင်ပပြကွက်များဖြစ်သော တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ တိုက်ခိုက်ရေးယာဉ်များ၊ စစ်ရေယာဉ်များနှင့် လေယာဉ်များကို သွားရောက်လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် နိုင်ငံအတွက် မိမိတို့၏ အသက်ကိုပင် ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားပေးဆပ်ခဲ့ကြသည့် အမွန်မြတ်ဆုံး တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင်ကမ္ပည်းရေးထိုးထားရှိသော အထိမ်းအမှတ်ဗိမာန်တစ်ခုဖြစ်သည့် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက် ဂါရဝပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မုဒုံမြို့နယ်၌ အသိပညာပေး ဟောပြောပွဲ ကျင်းပ



မုဒုံ ဇူလိုင် ၂၄

မွန်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်းကာ အသိပညာပေးဟောပြောပွဲကို မုဒုံမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်း (ကွေ့ဝမ်း)တွင် ယမန်နေ့မွန်းလွဲပိုင်းက အဆိုပါကျောင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းဝင်းမာက ကလေးသူငယ်အခွင့်အရေးဆိုင်ရာများအကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အကြောင်းများနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောသည်။

ထို့နောက်မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်အောင်က လျှပ်ဘေး၊ မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေးနှင့် မြေပြို စသည့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာများအကြောင်းကို ရှင်းလင်းဟောပြောပြီး မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ဒုတပ်ဖွဲ့မှူး ဦးအောင်ဆန်းထွန်းက ကြက်ခြေနီအကြောင်း သိကောင်းစရာများ၊ မိုင်းအန္တရာယ် အသိပညာပေးခြင်းများကို ဟောပြောကြသည်။

အဆိုပါ ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၀၀ တက်ရောက်ကြပြီး မေးခွန်းအမေးအဖြေများကို ကျောင်းသား ကျောင်းသူများအား မေးမြန်းကာ လက်ဆောင်ပစ္စည်းများ၊ အာဟာရမုန့်များပေးအပ်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## ဘူးသီးတောင်မြို့နယ်၌ အသက် ၅ နှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

ဘူးသီးတောင် ဇူလိုင် ၂၄

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ အသက် ၅ နှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူများအား( ဒုတိယအကြိမ်)ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက် ထိုးနှံခြင်းကို ယနေ့နံနက် ၉ နာရီက ဘူးသီးတောင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ထိုးနှံပေး**

ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံခြင်း မပြုမီ ကျန်းမာရေး စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘူးသီးတောင် မြို့နယ်ရှိ အခြေခံပညာ ကျောင်းများမှ အသက် ၅ နှစ်မှ ၁၂ နှစ်အထိ(ပထမအကြိမ်)ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးသူ ကျောင်းသား ကျောင်းသူ ၂၅၂၇၇ ဦးရှိပြီး ဇူလိုင် ၁၄ ရက်မှစတင်၍(ဒုတိယအကြိမ်) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ ကာကွယ်ဆေး ထိုးနှံပြီးစီးသူ ၂၃၅၀ ရှိကြောင်း သိရသည်။ **လှကျော်( ပြန်/ဆက်)**



# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉၀၇ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၃-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၉၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၉၄,၂၄၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၉၅၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၈၀၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၃-၇-၂၀၂၂) ရက်နေ့အထိ အသက် (၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၀၄၈,၈၂၇) ဦးနှင့် အသက် (၁၈)နှစ်အောက် လူဦးရေ စုစုပေါင်း (၅,၉၃၂,၇၆၈) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေး ဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၂၄-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၃၈) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၁၀) ခု | (၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၇၈) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၀၈၁) ခု | (၇) ဦး |
| စုစုပေါင်း | (၃,၉၀၇) ခု | (၁၁) ဦး |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၃-၇-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈)နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၀၄၈,၈၂၇ |
| အသက် (၁၈)နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၅,၉၃၂,၇၆၈ |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၂၁၇၂၃၃၆ | ၈၇၃၂၈၃၂၂ | ၁၀၅၁၉၇၉ |
| ၂။ | အိန္ဒိယ | ၄၃၈၈၈၇၅၅ | ၄၃၂၁၀၅၂၂ | ၅၂၆၀၃၃ |
| ၃။ | ဘရာဇီး | ၃၃၅၈၁၅၃၃ | ၃၁၈၇၇၅၃၁ | ၆၇၆၉၇၉ |
| ၄။ | ပြင်သစ် | ၃၃၄၈၂၂၃၀ | ၃၁၂၇၆၄၀၅ | ၁၅၁၃၅၀ |
| ၅။ | ဂျာမနီ | ၃၀၃၃၁၁၃၁ | ၂၈၂၅၅၈၀၀ | ၁၄၃၁၇၇ |
| ၆။ | ဗြိတိန် | ၂၃၂၁၂၅၆၅ | ၂၂၄၉၁၉၀၈ | ၁၈၂၇၂၇ |
| ၇။ | အီတလီ | ၂၀၆၀၈၁၉၀ | ၁၉၀၀၅၅၃၂ | ၁၇၀၇၉၈ |
| ၈။ | တောင်ကိုရီးယား | ၁၉၂၁၁၆၁၃ | ၁၈၄၀၈၅၀၄ | ၂၄၈၇၃ |
| ၉။ | ရုရှား | ၁၈၅၃၂၂၅၅ | ၁၇၉၃၈၆၇၄ | ၃၈၂၁၅၅ |
| ၁၀။ | တူကီယဲ | ၁၅၅၂၄၀၇၁ | ၁၅၂၂၁၅၀၆ | ၉၉၁၈၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၆၇၉၄၈ | ၉၈၆၁၂၇၆ | ၄၃၀၉၂ |
| ၂။ | အင်ဒိုနီးရှား | ၆၁၆၈၃၄၂ | ၅၉၇၀၉၈၈ | ၁၅၆၉၀၂ |
| ၃။ | မလေးရှား | ၄၆၄၈၉၃၁ | ၄၅၆၃၄၇၃ | ၃၅၉၁၁ |
| ၄။ | ထိုင်း | ၄၅၇၅၈၅၃ | ၄၅၁၉၉၉၄ | ၃၁၁၆၀ |
| ၅။ | ဖိလစ်ပိုင် | ၃၇၅၂၅၃၄ | ၃၆၆၄၇၃၅ | ၆၀၆၈၃ |
| ၆။ | စင်ကာပူ | ၁၆၅၂၉၈၁ | ၁၅၅၂၁၁၈ | ၁၄၇၂ |
| ၇။ | မြန်မာ | ၆၁၃၉၅၁ | ၅၉၂၈၀၉ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၇၈၉ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၉၅၁၁၃ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၅၈၈ | ၁၃၃၃၉၈ | ၃၀၅၆ |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# မျောက်ကျောက်ရောဂါ ကူးစက်ပျံ့နှံ့မှုကို နိုင်ငံတကာ စိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေးအခြေအနေအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြေညာ

ဂျီနီဗာ ဇူလိုင် ၂၄

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျောက်ကျောက်ရောဂါကူးစက်ပျံ့နှံ့မှုကို နိုင်ငံတကာ စိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေးအခြေအနေအဖြစ် ယမန်နေ့က ကြေညာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့ အက်ဒါနွမ် ဂါဘရီယီဆက်က ယမန်နေ့သတင်းစာရှင်းလင်းပွဲတွင် အထက်ပါအတိုင်းကြေညာခဲ့ခြင်းဖြစ်သည်။

အဆိုပါကြေညာချက်မတိုင်မီ မျောက်ကျောက်ရောဂါဆိုင်ရာ အရေးပေါ်အစည်းအဝေးတစ်ရပ်ကို ကျင်းပပြုလုပ်ပြီး နိုင်ငံတကာ ဆေးဘက်ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါမျောက်ကျောက်ရောဂါသည် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ သိထားသည်ထက် ကျော်လွန်ပြီး ပုံစံအသစ်များဖွဲ့စည်းကာ ကမ္ဘာ့နိုင်ငံအနှံ့အပြားသို့ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ဂါဘရီယီဆက်က ဆိုသည်။

မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို အတည်မပြုရသေးသည့်နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများအား စောင့်ကြည့်စစ်ဆေးရန်နှင့် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ကာကွယ်ရန် ကျန်းမာရေးအစီအမံများပြုလုပ်ရန် နိုင်ငံများအား တိုက်တွန်းပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့် ပိုလီယိုရောဂါများကို အမြစ်ပြတ်ချေမှုန်းရန် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများကို ကြေညာခဲ့ကြောင်း သိရသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်






# ယီမင်နိုင်ငံ၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွား၊ အနည်းဆုံး ရှစ်ဦး သေဆုံး

ဆာနာယာ ဇူလိုင် ၂၄

ယီမင်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများဖြစ်ပွားမှုကြောင့် အနည်းဆုံး ရှစ်ဦး သေဆုံးခဲ့ကြောင်း ဒေသန္တရကျန်းမာရေး အာဏာပိုင်များက ဆိုသည်။

အဆိုပါသေဆုံးသူများအနက် မိန်းကလေးငယ်နှစ်ဦးသည် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ဆာနာယာမြို့ရှိ ၎င်းတို့နေအိမ်ပြိုကျပြီး သေဆုံးခဲ့ကြောင်း သိရသည်။ အခြားခြောက်ဦးသည်လည်း ဒါမာခရိုင်အတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိစဉ် သေဆုံးခဲ့ကြောင်း သိရသည်။ ဒါမာခရိုင်သည် ဆာနာယာမြို့တောင်ဘက် ကီလိုမီတာ ၁၀၀ ခန့်အကွာတွင် တည်ရှိသည်။

နိုင်ငံအတွင်း ပြည်တွင်းစစ်များဖြစ်ပွားလျက်ရှိသည့်အတွက် ကျန်းမာရေးစနစ်ထိခိုက်ပျက်စီးကာ ရေသန့်နှင့် မိလ္လာဆိုင်ရာ အခြေခံအဆောက်အအုံများ ပိတ်ထားခြင်းကြောင့် မိုးရာသီကာလအတွင်း ကပ်ရောဂါများ ပျံ့နှံ့လာမည်ကို ပြည်သူများက စိုးရိမ်လျက်ရှိသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀ ဒသမ ၇၆ သန်းကျော်ရှိလာ

ဟန္နိုင်း ဇူလိုင် ၂၄

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၀၇၆၇၉၄၈ ဦးရှိလာကြောင်းနှင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၄၃၀၉၂ ဦးရှိလာကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၄၈ ဦး ထပ်မံတွေ့ရှိသော်လည်း အဆိုပါ ရောဂါဖြင့် သေဆုံးသူမရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် ၉၈၆၁၂၇ ဦးသည် ရောဂါမှ ပြန်လည်သက်သာလာသဖြင့် ဆေးရုံများမှ ဆင်းသွားခဲ့ပြီဖြစ်ကြောင်းနှင့် အဆိုပါအရေအတွက်သည် ကူးစက်ခံရသူ စုစုပေါင်း၏ ၉၂ ရာခိုင်နှုန်း နီးပါးရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၄၂ ဒသမ ၅ သန်း ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၁၁ ဒသမ ၁ သန်းကျော်အား အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများကို ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်



# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၈၁၆ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ ဇူလိုင် ၂၄

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၈၁၆ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၆၄၈၉၃၁ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူများအနက် နှစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၄၈၁၄ ဦးသည် ဒေသတွင်း ကူးစက်ခံရသူများဖြစ်သည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုးဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၉၁၁ ဦး ရှိကြောင်း သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါလူနာ ၃၉၂၈ ဦးရောဂါမှ ပြန်လည်ကျန်းမာ လာခဲ့သည့်အတွက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၄၅၆၃၄၇၃ ဦး ရှိကြောင်း သိရသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ဆဲလူနာ ၄၉၅၄၇ ဦးရှိပြီး ယင်းတို့အနက် ၄၉ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရပြီး ၂၈ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၈၅ ဒသမ ၉ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပေးပြီးဖြစ်သည်။ ၈၃ ဒသမ ၉ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြည့်အဝထိုးနှံမှုခံယူပြီးဖြစ်ပြီး ၄၉ ဒသမ ၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၂၇၉ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ ဇူလိုင် ၂၄

အိန္ဒိယနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၂၇၉ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် နေ့စဉ်ကူးစက်ခံရသူ ၂၀၀၀၀ ကျော် သုံးရက်ဆက်တိုက်ရှိခဲ့ရာမှ ပြန်လည်ကျဆင်းသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ထို့ကြောင့် လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၃၈၈၈၇၅၅ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သည့် အချက်အလက်များအရ သိရသည်။

ထို့ပြင်အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၃၆ ဦးထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၆၀၃၃ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၁၅၂၂၀၀ ရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၈၁၄၃ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၃၂၁၀၅၂၂ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# လစ်ဗျားနိုင်ငံက နေ့စဉ်ရေနံထုတ်လုပ်မှုကို စည်ပေါင်း ၁ ဒသမ ၂ သန်းအထိ တိုးမြှင့်ထုတ်လုပ်မည်



**ထရီပိုလီ ဇူလိုင် ၂၄**

လစ်ဗျားနိုင်ငံသည် နေ့စဉ်ရေနံထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် တစ်ရက်လျှင် ရေနံစည်ပေါင်း ၁ ဒသမ ၂ သန်းအထိ တိုးမြှင့်ထုတ်လုပ်မည်ဖြစ်ကြောင်း လစ်ဗျားနိုင်ငံပိုင် အမျိုးသားရေနံကော်ပိုရေးရှင်းက ဇူလိုင် ၂၃ ရက်တွင် ပြောကြားသည်။

လစ်ဗျားနိုင်ငံပိုင်အမျိုးသားရေနံကော်ပိုရေးရှင်းသည် ရေနံထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး လက်ရှိတွင်နေ့စဉ်ရေနံထုတ်လုပ်မှုကို ရေနံစည်ပေါင်း ၅၆၀၀၀၀ ထုတ်လုပ်နေရာမှ ရေနံစည်ပေါင်း ၈၆၀၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်လျက်ရှိကြောင်း ပြောကြားသည်။

လစ်ဗျားနိုင်ငံ၌ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် နိုင်ငံ၏ရေနံမြေများနှင့် ရေနံဆိပ်ကမ်းများကို သုံးလကြာပိတ်ထားခဲ့ပြီးနောက် မကြာသေးမီက ပြန်လည်ဖွင့်လှစ်ပြီဖြစ်ကြောင်း လစ်ဗျားနိုင်ငံပိုင် အမျိုးသားရေနံကော်ပိုရေးရှင်းက ကြေညာခဲ့သည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့သည် လစ်ဗျားနိုင်ငံ၏ ဝင်ငွေရရှိမှုအတွက် အဓိကအရင်းအမြစ်ဖြစ်ကြောင်း သိရသည်။ သို့ရာတွင် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ်များအတွင်းက ရေနံမြေများနှင့် ရေနံဆိပ်ကမ်းများကို ပိတ်ထားခဲ့ရကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ပထမဆုံးအကြိမ်တွေ့ရှိ




**နယူးဒေလီ ဇူလိုင် ၂၄**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ပထမဆုံးအကြိမ်တွေ့ရှိကြောင်း ကျန်းမာရေးအာဏာပိုင်များက ယနေ့ သတင်းထုတ်ပြန်သည်။

လက်ရှိတွင် နိုင်ငံအတွင်း၌ အဆိုပါ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ လေးဦးရှိပြီဖြစ်ကြောင်း သိရသည်။

ကနဦး မျောက်ကျောက်ရောဂါ ကူးစက်ခံရသူသုံးဦးကို ကီရာလာမြို့တောင်ပိုင်းတွင် ဇူလိုင် ၁၄၊ ၁၈ နှင့် ၂၂ ရက်တို့တွင် တွေ့ရှိရကြောင်း သိရသည်။

ယနေ့တွေ့ရှိသည့် မျောက်ကျောက်ရောဂါကူးစက်ခံရသူအား နယူးဒေလီမြို့ရှိ အစိုးရဆေးရုံတစ်ရုံသို့ ပို့ဆောင်ထားပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိသည်။

အဆိုပါရောဂါ ကူးစက်ခံရသူသည် နိုင်ငံရပ်ခြားသို့ သွားရောက်ခဲ့ခြင်းမရှိကြောင်းလည်း သိရသည်။

ရောဂါကူးစက်ခံရသူသည် ဖျားနာမှုဝေဒနာခံစားနေရပြီး အရေပြားယားယံမှုများ ခံစားနေရကြောင်း ဆရာဝန်များ၏ ပြောကြားချက်အရ သိရသည်။

ပထမရောဂါတွေ့ရှိသူ သုံးဦးသည် နိုင်ငံရပ်ခြားသို့ ခရီးသွားရောက်ခဲ့ပြီး ၎င်းတို့နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်သည့်အခါတွင် စစ်ဆေးခဲ့ရာ ရောဂါကူးစက်ခံထားရကြောင်း တွေ့ရှိရခြင်းဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မျောက်ကျောက်ရောဂါကို ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအရေးပေါ် စိုးရိမ်မှုတစ်ရပ်အဖြစ် ယမန်နေ့က ကြေညာခဲ့သည်။

အဆိုပါမျောက်ကျောက်ရောဂါသည် ရောဂါရှိသော တိရစ္ဆာန်များမှ လူသားများထံသို့ တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ ကူးစက်စေနိုင်ကြောင်း၊ လူသားအချင်းချင်း ရောဂါရှိသူ၏ အရေပြားနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ အမှုန်အမွှားတို့မှတစ်ဆင့် ကူးစက်စေနိုင်ကြောင်း သိရသည်။

လက်ရှိတွင် ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၇၅ ခုတို့၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူပေါင်း ၁၆၀၀၀ ကျော် စစ်ဆေးတွေ့ရှိရပြီး အဆိုပါရောဂါကူးစက်မှုကြောင့် ငါးဦးသေဆုံးခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၃၆၅၇ ဦး ထပ်မံတွေ့ရှိ

**မနီလာ ဇူလိုင် ၂၄**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၆၅၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၃၇၅၂၅၃၄ ဦးရှိကြောင်း သိရသည်။

ရောဂါထပ်မံကူးစက်မှုအရေအတွက်သည် ဖေဖော်ဝါရီ ၁၂ ရက်မှစပြီး နေ့စဉ်ကူးစက်မှုအရေအတွက် အမြင့်ဆုံးတွေ့ရှိရခြင်းဖြစ်သည်။

ထို့ပြင် ပိုးတွေ့ဆဲလူနာအရေအတွက်သည် ၂၇၁၁၆ ဦးအထိ မြင့်တက်လာကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၃ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် ၆၀၆၈၃ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

လူဦးရေ ၁၃ သန်းကျော်ရှိသည့် မက်ထရိုမနီလာ၌ ရောဂါကူးစက်ခံရသူ ၁၃၂၇ ဦး စစ်ဆေးတွေ့ရှိခဲ့သည်။

ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးတွေ့ရှိရပြီး နေ့စဉ်ရောဂါကူးစက်မှုစံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၁၁၂ သန်းကျော်ရှိသည့်အနက် ပြည်သူ ၇၁ ဒသမ ၄ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝထိုးနှံပေးပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**




# နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၅၃၅ ဦး ထပ်မံတွေ့ရှိ

**ဝယ်လင်တန် ဇူလိုင် ၂၄**

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၅၃၅ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

အဆိုပါနယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၄ ဦး ရှိကြောင်းနှင့် လက်ရှိတွင် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူများအပါအဝင် ဆေးရုံများ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ လူနာ ၇၂၀ ရှိကြောင်း သိရသည်။

ယနေ့တွင် တွေ့ရှိသည့် ကူးစက်ခံရသူများအနက် ၃၁၈ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစတင်ကာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၁၅၅၁၉၃၉ ဦးရှိကြောင်းနှင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၁၉၉၀ ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# အာဖဂန်နစ္စတန်နိုင်ငံက အီရန်နိုင်ငံမှ လောင်စာဆီ တန် ၃၅၀၀၀၀ တင်သွင်းမည်

**ကဘူးလ် ဇူလိုင် ၂၄**

အာဖဂန်နစ္စတန်နိုင်ငံနှင့် အီရန်နိုင်ငံတို့ ဇူလိုင် ၂၃ ရက်တွင် ချုပ်ဆိုခဲ့သည့် သဘောတူညီချက်အရ အာဖဂန်နစ္စတန်နိုင်ငံသည် အိမ်နီးချင်းအီရန်နိုင်ငံမှ လောင်စာဆီ တန် ၃၅၀၀၀၀ တင်သွင်းမည်ဖြစ်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက ဇူလိုင် ၂၄ ရက်တွင် ပြောကြားသည်။

အီရန်နိုင်ငံသို့ အလည်အပတ်သွားရောက်ခဲ့သည့် အာဖဂန်နစ္စတန်နိုင်ငံကိုယ်စားလှယ်အဖွဲ့သည် အိမ်နီးချင်းအီရန်နိုင်ငံမှ လောင်စာဆီ တန် ၃၅၀၀၀၀ ဝယ်ယူမည့် စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

အဆိုပါ အာဖဂန်နစ္စတန်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့တွင် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဗဟိုဘဏ်၊ အာဖဂန်နစ္စတန်ရေနံနှင့် သဘာဝဓာတ်ငွေ့ကော်ပိုရေးရှင်းတို့မှ အဆင့်မြင့်အရာရှိများပါဝင်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက ပြောကြားသည်။

အာဖဂန်ကိုယ်စားလှယ်အဖွဲ့သည် အီရန်နိုင်ငံသို့ ရောက်ရှိနေစဉ်ကာလအတွင်း ရေနံဝယ်ယူရေးကိစ္စနှင့် အာဖဂန်နစ္စတန်နိုင်ငံသို့ ရေနံထွက်ပစ္စည်းသယ်ယူပို့ဆောင်ရေးကိစ္စအပါအဝင် မကြာသေးမီက ရေနံနှင့် ဓာတ်ဆီဈေးနှုန်းများ သိသိသာသာမြင့်တက်ခဲ့သည့်ကိစ္စတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ပြီးခဲ့သည့်ရှစ်လအတွင်းက စားနပ်ရိက္ခာနှင့် လောင်စာဆီဈေးနှုန်းများ သိသိသာသာမြင့်တက်မှုရှိခဲ့ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# တရားမဝင် ကျွန်းသစ်၊ လူသုံးကုန်၊ စားသောက်ကုန်၊ စက်သုံးဆီ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၄

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇူလိုင် ၂၁ ရက်တွင်** အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က ကုန်တင်ယာဉ်တစ်စီးအား တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ထားခြင်း ရှိ၊ မရှိ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ဖြစ်ကြောင်း စိစစ်တွေ့ရှိသဖြင့် အဆိုပါ Dong Feng Tractor Head အမျိုးအစားကုန်တင်ယာဉ်**(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)**ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဇူလိုင် ၂၂ ရက်တွင်** စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်တန်း - ဝန်းသို - ပင်လည်ဘူးလမ်း ကျိုကြာဝန်းရပ်တွင် တရားမဝင်သယ်ဆောင်လာသော ဒီဇယ်ဆီ ဂါလန် ၁၁၁၀၀ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သောပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်အတွင်း ကျွန်းခွဲသား သုည ဒသမ ၇၁၇၄ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၃၄၈၄)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြစ်ကြီးနားမြို့နယ် သစ်တောတွင်းဦးစီးဌာနဦးဆောင်သော ပူးပေါင်းအဖွဲ့က သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဇူလိုင် ၂၂ ရက်တွင်** ဧရာဝတီမြစ်အရှေ့ဘက်ကမ်း မခေါ်ဒီကျေးရွာအနီး၌ ဝါးဖောင်များဖြင့် တရားမဝင်ရွှေတူးဖော်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ရှန်ရှိုင်းအင်ဂျင်၊ ဂျင်ဒေါင်းအင်ဂျင်ပါဝင်သော ဖြုန်းစုပ်စက်တပ်ဆင်ထားသည့် ဝါးဖောင် ၁၂ ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို လည်းကောင်း၊ **ဇူလိုင် ၂၃ ရက်တွင်** မြစ်ကြီးနားမြို့နယ် လဘန်ရိုဇာနာကျေးရွာအနီး ဧရာဝတီမြစ်အတွင်း ဝါးဖောင်များဖြင့် တရားမဝင်ရွှေတူးဖော်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိသဖြင့် ရွှေတူးဖော်ရာတွင်အသုံးပြုသော အင်ဂျင်တစ်လုံးစီပါ ဝါးဖောင်နှင့် သံဖောင် ငါးခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၀၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့သစ်တောတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဇူလိုင် ၂၃ ရက်တွင်** မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မော်လမြိုင်မြို့နယ်မှူး ဦးစီးသော အကောက်ခွန်လှုပ်ရှားကင်း အဖွဲ့က မုဒုံမြို့နယ် ကျွန်းရွာကျေးရွာအနီး ရှောင်တခင် ကင်းလှည့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားသုံးဆူမှ မုဒုံသို့ မောင်းနှင်လာသော ကုန်တင်ယာဉ်တစ်စီးပေါ်မှ စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ခတ်မြေဩဇာအိတ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀) နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသော NISSAN CONDOR MK 25 A အမျိုးအစား ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို လည်းကောင်း၊ မော်လမြိုင်မြို့ အတ္တရံတံတားအနီး ညောင်ပင်ဆိပ်ရွာ၌ မြဝတီမြို့မှ မော်လမြိုင်သို့မောင်းနှင်လာသော မော်တော်ယာဉ် နှစ်စီးပေါ်မှ စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းများနှင့် မီးဖိုချောင်သုံးပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၉၉၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း**(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၄၉၉၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၇၅၇၂၄၈၄)** ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မံစီမြို့နယ်၊ မြဝတီမြို့၊ စစ်တွေမြို့၊ ကွတ်ခိုင်မြို့နှင့် နောင်ချိုမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၄

မံစီမြို့နယ်၊ မြဝတီမြို့၊ စစ်တွေမြို့၊ ကွတ်ခိုင်မြို့နှင့် နောင်ချိုမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၃ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် မံစီမြို့နယ် မံသာကျေးရွာအုပ်စု မံရကျေးရွာအနီး ဟန်ထက်-မံသာသွားကားလမ်းတွင် မခင်ညွန့်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၅၀ နှင့် ဘိန်းစိမ်း သုည ဒသမ ၅၅ ကီလိုကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၅ နာရီ မိနစ် ၂၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၅) ရပ်ကွက် ရေပူလမ်းတွင် ရပ်တန့်ထားသည့် မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ ဆန္ဒကျော်(ခ)သားကြီး(ခ)ဝတုတ်၊ မနော်ဖော၁ွန်း(ခ)အနော့နှင့် မသီတာထွန်းတို့ကိုတွေ့ရှိရပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ ကိုလည်းကောင်း။



ညီခမ်း(ခ)ညီလာအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စစ်တွေမြို့ ကသဲရပ်ကွက် မဏိပူရလမ်းရှိ မချိုမာခိုင်(ခ) ယာယီ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၉၇၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချခိုင်းသူ ဦးခင်မောင်ကို စစ်တွေမြို့ ဘောလုံးကွင်းရပ်ကွက် ဗောဓိလမ်း အမှတ် B/17 ရှိ ၎င်း၏နေအိမ်၌ လည်းကောင်း၊ ယင်းနေ့ နံနက် ၉ နာရီ မိနစ် ၂၀ တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်မြို့ အမှတ်(၂)ရပ်ကွက်ရှိ တည်းခိုခန်းရှေ့တွင် ညီခမ်း(ခ)ညီလာ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီး မန္တလေး-လားရှိုးသွားကားလမ်းတွင် ဆိုင်းဒူ(ခ)မာနောင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၈၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၇-၂၀၂၂ တနင်္လာနေ့

**MRTV HD**

- **၀၆:၀၀** ပေဋ္ဌာသုတ်၊ရတနသုတ်၊မေတ္တာသုတ် အနန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
- **၀၉:၃၀** စိုက်ပျိုးရေးရာအဖြေရှာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** ရာဇဝင်ထဲက သမိုင်းအနုပညာ
- **၁၁:၃၅** ဘဝနှင့်အနုပညာ
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမုန်တရားရဲ့ရှုံ့ပွက်ချက်'** (အပိုင်း-၁၀၀)
- **၁၃:၃၀** MRTV National News
- **၁၆:၃၅** ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
- **၁၇:၀၀** သတင်းသမားပြောတဲ့သတင်းစကား
- **၁၇:၄၀** This Week's Special Interest
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကဗ္ဗာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘက်စကက်ဘောအက်ဒေး'** (အပိုင်း-၃၂)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကဗ္ဗာ
- **၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိမ်မက်'** (အပိုင်း-၃၆)

**mitv**

- **07:01** Evergreen Classic : Sone Taw Myaing (Takkatho Lae Lae)
- **07:11** Ecotourism: Bat Cave and Chatthin Wildlife Sanctuary
- **07:22** Mt. Naw Bu Baw
- **07:32** The Rising Glory Of Myanmar Arts
- **08:01** The Eel Business
- **08:17** Living Myanmar Glazed Ceramics
- **08:33** Myanmar's Traditions and Culture: Caves of Myanmar
- **09:01** News
- **09:26** Global Partnership for Brighter Future: Portugal Pavilion at Expo 2020 Dubai
- **09:34** Mon Traditional Dishes
- **09:43** Orphanage
- **09:49** Snake Dancer

**MRTV NRC**

- **အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** လွှဲကြီးရွာမှ အဖိုးတို့အိမ်ကလေး
- **အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)** လိုင့်ထောင်ဖလာမီးရေတံခွန်
- **ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)** တောင်ဇလပ်ရဲ့ရွှီးရာအလှ(အပိုင်း-၂)
- **ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)** အုံ့ဖွယ်ရုံးပတီသီးအစွမ်း
- **မွန် (၁၀:၀၀ မှ ၁၂:၀၀)** စကားပုံများမှမှတ်သားစရာ
- **ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)** မျိုးဝုဏ်တင့်စေ ယဉ်ကျေးမှုအမွေ (အပိုင်း-၂)
- **ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)** သာယာလှတဲ့ နမ့်ပေးရေတံခွန်ဆီသို့
- **ဝ (၁၆:၀၀ မှ ၁၈:၀၀)** သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့
- **ကချင် (၁၈:၀၀ မှ ၂၀:၀၀)** ကချင်ပြည်နယ်ခရီးသွားမှတ်တမ်း
- **ကယား (၂၀:၀၀ မှ ၂၂:၀၀)** ယင်းတာလဲတိုင်းရင်းသားနှင့် သမိုင်းဝင်စောလုံကျေးရွာ
- **ဝဏ္ဏကရင် (၂၂:၀၀ မှ ၂၃:၀၀)** အစာလည်းဆေး၊ ဆေးလည်းအစာ

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၄၀** အားကစားသတင်း
- **၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** MRTV National News
- **၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
- **၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ရေအဆုံးကုန်းတစ်ဝက်'**
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲ ရွေးချယ်တင်မြှောက်ပုံစနစ် (ဂျပန်နိုင်ငံ)
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
- **၀၆:၅၀** ကမ္ဘာ့အဆင့်မီမြန်မာ့ကော်ဖီ
- **၀၇:၂၀** ရှောက်ကုန်းမြေပေါ်မှ စိမ်းစိုနေသော ပဲခင်းများဆီသို့
- **၀၈:၀၀** စက်မှုလယ်ယာစနစ်ကိုဦးတည် မြို့သစ်မြို့နယ်ကကိုရံတောင်ကျေးရွာဆီ
- **၀၈:၅၅** မိုးရာသီမှာရာဘာအစေးလှီးကြမယ်
- **၀၈:၅၅** ကျန်းမာသုခဝင်ငွေရတဲ့ မိသားစုဘဝလေးတည်ထောင်စို့

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင်(၄)နာရီ (၆)ကြိမ်နှုန်း(၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

✻ CDM မှ

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်နေ ဇာဏီလင်းသည် ၎င်းအသုံးပြုသည့် “Zar Nielinn” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်မေတ္တာ(က)ရပ်ကွက်နေ ခင်မိုးမြင့်သည် ၎င်းအသုံးပြုသည့် “Khin Moe Myint” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ အောင်ဆန်းရပ်ကွက်နေ နေလင်းအောင်သည် ၎င်းအသုံးပြုသည့် “Nay Linn Aung” Facebook အကောင့်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဝဲကျွန်းမြို့သစ်ရပ်ကွက်နေ ဖြူပြာအောင်နှင့် ပိန္နဲတောရပ်ကွက်နေ ရီရီထွေးတို့သည် ၎င်းတို့အသုံးပြုသည့် “Phyu Pyar Aung” Facebook အကောင့်နှင့် “Ye Ye Htay” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်နေ ခင်သန်းမြင့်သည် ၎င်းအသုံးပြုသည့် “Khin Than Myint” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


## “အဂတိပယ်ခွာ ပြည်သာယာ”

**Remove Corruption, Promote Prosperity**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ် ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်း ချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm


# စလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဆရာ ဆရာမများကို ခြိမ်းခြောက်၍ မော်တော်ဆိုင်ကယ်များ လုယက်ယူဆောင်

**နေပြည်တော် ဇူလိုင် ၂၄**

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် ကျောင်းသား၊ ဆရာ၊ မိဘများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင် ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်းစသည့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၃ ရက်တွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကင်းပွန်းခြုံကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် ကွဲဦးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ PDF အမည်ခံအကြမ်းဖက်သမား ၁၀ ဦးခန့်က မောင်တော်ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး ဆဲဆိုကြိမ်းမောင်း၍ ကျောင်းအတွင်းနေထိုင်ကြသည့် ဆရာ ဆရာမများအား “ပညာ သင်ကြားခြင်းများအား ဆက်လက် မပြုလုပ်ရန်နှင့် ဆက်လက်ပြုလုပ်ပါက သတ်ပစ်မည်”ဟု ခြိမ်းခြောက်ပြောဆိုကာ ဆရာ ဆရာမများ ပိုင်ဆိုင်သည့် မော်တော်ဆိုင်ကယ် ငါးစီးတို့ကို လုယက် ယူဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သေဒဏ်ကျခံရမည့် အကျဉ်းသား လေးဦးအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြစ်ဒဏ်စီရင်ဆောင်ရွက်ပြီးစီး

**နေပြည်တော် ဇူလိုင် ၂၄**

၂၀၂၁ ခုနှစ်၊ မတ်လ ၁၄ ရက်မှစ၍ နိုင်ငံတော်အတွင်း အကြမ်းဖက် လုပ်ကြံသတ်ဖြတ်မှုများ ဖြစ်ပွားခဲ့ရာ ယင်းလုပ်ရပ်များတွင် ဖြိုးဇေယျာသော် (ခ) မောင်ကျော် (ခ) ရေခဲ၊ ကျော်မင်းယု (ခ) ဂျင်မီ၊ လှမျိုးအောင် (ခ) ကိုမျိုး (ခ) ဝက်ကြီးနှင့် အောင်သူရဇော် (ခ) ကတုံး (ခ) သူရတို့သည် ရက်စက်ပြီး လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်များဖြစ်သော အကြမ်းဖက်သတ်ဖြတ်မှုများကို ကျူးလွန်ရာတွင် စီစဉ်ညွှန်ကြားခြင်း၊ စီမံဆောင်ရွက်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ ကိုယ်တိုင်ပါဝင် ကျူးလွန်ခြင်းတို့ကြောင့် အပြစ်မဲ့ပြည်သူအများအပြား သေဆုံးခဲ့ရမှုအတွက် သက်ဆိုင်ရာ စစ်ခုံရုံးအသီးသီးက ကျူးလွန်သည့်ပြစ်မှုအလိုက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၏ သက်ဆိုင်ရာပြဋ္ဌာန်းချက်ပုဒ်မများ၊ ရာဇသတ်ကြီး၏ သက်ဆိုင်ရာပြဋ္ဌာန်းချက်ပုဒ်မများဖြင့် စွဲချက်တင်ပြီး ပြစ်မှုထင်ရှားသဖြင့် တရားခံလေးဦးအပေါ် သေဒဏ်ချမှတ်ရာ အဆိုပါတရားခံလေးဦးအပေါ် အကျဉ်းထောင်လုပ်ထုံးလုပ်နည်းများအတိုင်း ပြစ်ဒဏ်စီရင်ဆောင်ရွက်ပြီးဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၆၆၅ | ၁၇၁၀ | ၁၇၀၅ | ၁၆၇၀ | ၁၇၁၀ | ၁၇၃၀ | ၁၇၁၅ | ၁၆၉၅ | ၁၇၉၀ | ၁၈၀၅ | ၁၇၀၀ | ၁၇၁၀ | ၁၇၄၅ | ၁၇၄၅ | ၁၇၅၀ | ၁၉၆၅ | ၂၅၁၀ |
| 95 Ron | ၁၇၁၅ | ၁၇၆၅ | ၁၇၆၀ | ၁၇၂၅ | ၁၇၆၀ | ၁၇၈၅ | ၁၇၇၀ | ၁၇၄၅ | ၁၈၄၀ | ၁၈၅၅ | ၁၇၅၅ | ၁၇၇၀ | ၁၇၉၅ | ၁၇၉၅ | ၁၈၀၀ | ၂၀၂၀ | ၂၅၆၅ |
| HSD (500 ppm) | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၁၅ | ၂၀၈၅ | ၂၁၉၅ | ၂၁၉၀ | ၂၀၉၀ | ၂၁၀၀ | ၂၁၃၅ | ၂၁၃၅ | ၂၁၃၅ | ၂၃၅၅ | ၂၇၉၀ |
| HSD (50 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၄၀ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၂၈၂၀ |
| HSD (10 ppm) | ၂၁၁၀ | ၂၁၅၅ | ၂၁၅၀ | ၂၁၁၅ | ၂၁၅၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၄၀ | ၂၂၅၅ | ၂၂၅၀ | ၂၁၄၅ | ၂၁၅၅ | ၂၁၉၀ | ၂၁၉၀ | ၂၁၉၅ | ၂၄၁၀ | ၂၈၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၅၇၅ | ၁၆၄၀ |
| 95 Ron | ၁၆၂၅ | ၁၆၉၁ |
| HSD (500 ppm) | ၁၉၅၂ | ၂၀၂၀ |
| HSD (50 ppm) | ၂၀၀၇ | ၂၀၇၇ |
| HSD (10 ppm) | ၂၀၀၇ | ၂၀၇၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## ထိုင်းနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၃၁၈ ဦး မြဝတီ အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဆက်လက်ဝင်ရောက်

မြဝတီ ဇူလိုင် ၂၄

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံခြင်းကို ၂၀၂၂ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့တွင် ၃၁၈ ဦး ဆက်လက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများအား အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူများတွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ နေရပ်ပြန်များအား မော်လမြိုင်မြို့ရှိ ဆယ်မြို့နယ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ ပို့ဆောင်ပေးပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နေရပ်ပြန်များအား မြဝတီမြို့ရှိ ကုန်သွယ်ရေးဇုန်နှင့် မဲကနယ်အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် ၁၀ ရက်ကြာ အသွားအလာ ရက်ကန့်သတ်ထားရှိကာ ကိုဗစ်ရောဂါပိုးရှိမရှိ စစ်ဆေးပြီးမှ သက်ဆိုင်ရာမြို့နယ်များသို့ ပို့ဆောင်ပေးခြင်း ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၀၉ ဦး၊ အမျိုးသမီး ၁၀၉ ဦး စုစုပေါင်း ၃၁၈ ဦးရှိကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

## ကန့်ဘလူမြို့နယ်ရှိ မျိုးစေ့ထုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကန့်ဘလူ ဇူလိုင် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကန့်ဘလူမျိုးသန့်ခြံမှ စိုက်ပျိုးထားသော မျိုးစေ့ထုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယင်းမျိုးစေ့ထုတ်စိုက်ကွင်းတွင် ပဲစင်းငုံ(မုံရွာရွှေဒင်္ဂါး) မျိုးစေ့အဆင့်(RS) မျိုးသန့်မျိုးပွားအဆင့် ဧက ၃၀ နှင့် ဆီစားသုံးမှုဖူလုံစေရေးအတွက် နေကြာ(ဆင်းရွှေကြာ-၂) ဧက ၁၁၀ စိုက်ပျိုးကာ ထွက်ရှိလာသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို တိုင်းဒေသကြီးအတွင်း တောင်သူများထံ ပြန်လည်ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ ကန့်ဘလူမျိုးသန့်ခြံက ဧက ၃၀၀ ခန့်ရှိပြီး စိုက်ပျိုးနိုင်တာကတော့ ၂၄၃ ဧကရှိပါတယ်။ မျိုးစေ့ထုတ်စိုက်ကွင်းက ထွက်လာတဲ့ မျိုးသန့်မျိုးစေ့တွေကို ဒေသတွင်းတောင်သူတွေအား သင့်တင့်တဲ့ နှုန်းထားနဲ့ ဖြန့်ဖြူးရောင်းချပေးသွားမှာဖြစ်ပါတယ်” ဟု ကန့်ဘလူမျိုးသန့်ခြံတာဝန်ခံ ဦးစီးအရာရှိ ဦးခင်မောင်လင်းက ပြောသည်။

ကန့်ဘလူမြို့နယ်အတွင်း စိုက်ပျိုးမြေများသည် မိုးကောင်းသောက်လယ်ယာမြေများဖြစ်၍ ကန့်ဘလူမျိုးသန့်ခြံအနေဖြင့် ယာသီးနှံများကို အဓိကထား၍ မျိုးစေ့ထုတ်လုပ်ငန်း လုပ်ဆောင်ခြင်းဖြစ်ပြီး စိုက်ပျိုးထားသည့်မျိုးစေ့များသည်ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီသော မျိုးသန့်မျိုးပွားမျိုးစေ့များဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် မျိုးသန့်မျိုးစေ့များကို စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေတိုးတက်ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်သည့် မျိုးသန့်ခြံနှစ်ခုရှိပြီး ယင်းတို့မှာ ကန့်ဘလူမျိုးသန့်ခြံနှင့် မြေမွန်မျိုးသန့်ခြံတို့ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဇူလိုင် ၂၄

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိပြည်သူများ၊ အသက်(၅)နှစ်မှ (၁၂)နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၉၆၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၀၃၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့၌ ဒေသခံပြည်သူ ၁၉၁၀၉ ဦး၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၌ ဒေသခံပြည်သူ ၃၄၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၇၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**


ပဲခူးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။



# ကာမိုင်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

ကာမိုင်း ဇူလိုင် ၂၄

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး မထိုးနှံရသေးသူများနှင့် ဒုတိယအကြိမ်ထိုးနှံရန် ကျန်ရှိနေသောပြည်သူများနှင့်နိုင်ငံ့ဝန်ထမ်းများအား ကာကွယ်ဆေးကို ယနေ့နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ တိုက်နယ်ပြည်သူ့ဆေးရုံ၌ ထိုးနှံပေးခဲ့သည်။

အဆိုပါ ဆေးထိုးနှံပေးရာတွင် မြို့နယ်ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် ထွေ/အုပ်ဝန်ထမ်းများက စာရင်းရေးသွင်းပေးခြင်း၊ ကာမိုင်းကြက်ခြေနီအသင်းခွဲငယ်မှအဖွဲ့ဝင်များက အချိန်သတ်မှတ်ပေးခြင်း၊ ကျန်မားရေးဝန်ထမ်းများက ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးစည်းကမ်းချက်များနှင့်အညီ စနစ်တကျထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာတွင် နိုင်ငံ့ဝန်ထမ်း ၁၂ ဦး၊ အခြားဝင်ငွေရှိသောလုပ်ငန်းလုပ်ကိုင်သူ ၈၆ ဦး၊ မှီခိုသူ ၂၃၄ ဦး စုစုပေါင်း လူဦးရေ ၃၃၂ ဦးအား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**လဆိုင်း(ပြန်/ဆက်)**

# နမ္မတူမြို့နယ် IDP စခန်းသုံးခုရှိ ပြည်သူ ၇၇ ဦးအား တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ အပိုဆောင်းကာကွယ်ဆေး ထိုးနှံပေး

နမ္မတူ ဇူလိုင် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်၌ ယနေ့နံနက် ၉ နာရီမှစတင်၍ ကြူဆော့ IDP စခန်းခန်းမ၌ IDP စခန်း သုံးခုရှိ အသက် (၁၈) နှစ်နှင့်အထက် ပြည်သူ ၇၇ ဦးအား တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ အပိုဆောင်းကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ထိုသို့ အပိုဆောင်းကာကွယ်ဆေးများ ထိုးနှံပေးရာတွင် ကြူဆော့ IDP စခန်း၊ ကချင် IDP စခန်းနှင့် လီဆူ IDP စခန်းတို့ရှိ အသက် (၁၈)နှစ်နှင့်အထက် ယာယီတိုက်ပွဲရှောင်ပြည်သူ ၇၇ ဦးအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများအဖြစ်လည်းကောင်း၊ ယာယီတိုက်ပွဲရှောင်ပြည်သူနှစ်ဦးအား ဒုတိယအကြိမ်အဖြစ် လည်းကောင်း၊ ယာယီတိုက်ပွဲရှောင်ပြည်သူရှစ်ဦးအား ပထမအကြိမ်အဖြစ်လည်းကောင်း ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးနှံရာနေရာသို့ မြို့နယ်ယာယီတိုက်ပွဲရှောင်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးအောင်ဆန်းမြင့်၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အကြီးတန်းစာရေး ဒေါ်မြတ်သူနှင်းတို့က အနီးကပ်ကြီးကြပ်ပြီး မြို့နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များမှ စေတနာ့ဝန်ထမ်းများက ဆေးထိုးရန် လာရောက်သည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ အောက်ဆီဂျင် တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ စာရင်းအချက်အလက်များ ကောက်ယူပေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီးသည့် ယာယီတိုက်ပွဲရှောင်ပြည်သူများအား ၁၅ မိနစ်ခန့်အနားယူစေခြင်းနှင့် လိုအပ်သည်များကို ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်ယာယီတိုက်ပွဲရှောင်စီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး ဦးအောင်ဆန်းမြင့်ထံမှ သိရသည်။

**လူမော်(ပြန်/ဆက်)**




# ဥတ္တရခရိုင်ပြည်သူ့စာကြည့်တိုက်၌ စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ခရိုင်ပြည်သူ့စာကြည့်တိုက်တွင် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဥတ္တရခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေစုလှိုင်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးနိုင်တို့က တောင်သူများ ဓာတ်မြေဩဇာ ဈေးနှုန်းကြီးမြင့်နေမှုနှင့်အတူ သဘာဝမြေဩဇာ သုံးစွဲနိုင်လာရေး၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နည်းပညာထောက်ပံ့ပေးနေမှု အခြေအနေများ၊ တောင်သူများ သဘာဝမြေဩဇာ ထုတ်လုပ်မှုလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရေးတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မှူးရုံးက လက်တွေ့အသုံးချနည်းသင်တန်းများ ပေးလျက်ရှိကြောင်း ဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲအစီအစဉ်ကို ဥတ္တရခရိုင်ပြည်သူ့စာကြည့်တိုက် Face Book Page တွင် လွှင့်တင်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိတင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှကုမ္ပဏီနှစ်ခု၊ ယာဉ်စီးရေ ၁၁ စီးဖြင့် နှာခေါင်းစည်း ၇၅ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www. commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# တာမွေမြို့နယ်ရှိ သီရိမင်္ဂလာဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

တာမွေ ဇူလိုင် ၂၄

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်ရှိ သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအား ယမန်နေ့က တာမွေမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တာမွေမြို့နယ်ရှိ သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာတွင် လူစုလူဝေးမဖြစ်ပေါ်စေရေးနှင့် လာရောက်ထိုးနှံကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် အဆင်ပြေချောမွေ့စွာ ထိုးနှံနိုင်စေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ လက်ကို စနစ်တကျ ဆေးကြောစေခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာမှ တန်းစီစောင့်ဆိုင်းစေခြင်းအပါအဝင် လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ သီရိမင်္ဂလာဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူ ၂၉ ဦးကို ဇွန် ၂၃ ရက်က ပထမအကြိမ်အဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် အဆိုပါကျောင်းမှ ပထမအကြိမ် ထိုးနှံပြီးသည့် ကျောင်းသား ကျောင်းသူ ၂၃ ဦးကို ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး ထပ်မံထိုးနှံပေးနိုင်ခဲ့ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံရန် ကျန်ရှိနေသေးသည့် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်လင်းအောင်(တာမွေ)





# ရမည်းသင်း၌ သံဃာတော်များအား အရုဏ်ဆွမ်းလောင်းလှူပွဲ ကျင်းပ

ရမည်းသင်း ဇူလိုင် ၂၄

ရမည်းသင်းခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က သံဃာတော် ၄၉၃ ပါးအား အရုဏ်ဆွမ်းလောင်းလှူပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း စုစည်းခန်းမ၌ ယနေ့နံနက် ၅ နာရီခွဲက ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေသိန်းနှင့် မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဆက်လက်၍ ပင့်သံဃာများအား နံနက်အရုဏ်ဆွမ်း၊ ဘောဇဉ်၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ရန်အောင်မင်းကျောင်းစာသင်တိုက် တိုက်အုပ်နာယကဆရာတော် ဘဒ္ဒန္တ ဦးနန္ဒောဘာသထံမှ ရေစက်ချတရားတော်နာယူခဲ့ကြောင်း သိရသည်။ ၁၄၄

# ပန်းတောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လူထုလှုပ်ရှားမှုပြုလုပ်

ပန်းတောင်း ဇူလိုင် ၂၄

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကင်းဝေးစေရန်နှင့် ကြိုတင်ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်သွားနိုင်ရေးအတွက် ပြည်သူလူထု သိရှိလိုက်နာနိုင်ရေး အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်ရေး လူထုလှုပ်ရှားမှု ပြုလုပ်ခြင်းကို ယမန်နေ့နံက်ပိုင်းက ဥဒ္ဒသျှစ်ပင်ဈေးနှင့် ကိုဗစ်စင်တာတို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။



အဆိုပါ ပြည်သူများ နှာခေါင်းစည်းတပ်ဆင်ရေး ပညာပေးခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦး၊ ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့က ဥဒ္ဒသျှစ်ပင်မြို့ဈေးနှင့် ကိုဗစ်စင်တာတို့တွင် စုရပ်ပြုလုပ်၍ မြို့တွင်းဖြတ်သန်းသွားလာသော ခရီးသယ်ပို့ဆောင်ရေး မော်တော်ယာဉ်နှင့် ကုန်တင်ယာဉ်ကြီးများ၊ ဆိုင်ကယ်စီးနင်းသွားလာသူများနှင့် ဒေသခံပြည်သူများအား ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါအန္တရာယ် ကူးစက်ပြန့်ပွားမှု မရှိစေရေး အသိပညာပေးဆွေးနွေးပြောကြားပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

ယခုကဲ့သို့ မြို့နယ်အတွင်း ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါအန္တရာယ် ကင်းဝေးစေရေးအတွက် နှာခေါင်းစည်းတပ်ဆင်သွားလာရေး လူထုလှုပ်ရှားမှု ပြုလုပ်ခြင်းကို ပြည်သူလူထု ပူးပေါင်းပါဝင် တိုက်ဖျက်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သင်းသင်းအေး(ပြန်/ဆက်)




# စာပေဖတ်ရှုသည့်အလေ့အထကောင်းရရှိရန် စာဖတ်ဝိုင်းဆောင်ရွက်

တပ်ကုန်း ဇူလိုင် ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်နှင့် မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club) အဖွဲ့ဝင်များပူးပေါင်းပြီး မြို့နယ်အတွင်းရှိ စာဖတ်ဝါသနာပါသူများနှင့်အတူ စာပေဖတ်ရှုသည့် အလေ့အထကောင်းများရရှိစေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းကျင်းပလျက်ရှိရာ စာရေးဆရာမ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်) ရေးသားထားသည့် "လှပချင်ရင် ရုပ်ကိုလည်းပြင် စိတ်လည်းပြင်ပါ" စာအုပ်ကို ယနေ့နံနက် ၁၀ နာရီခွဲက အဆိုပါဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

စာဖတ်ဝိုင်းတွင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကြည်(မောင်ကြည်မူ-ပျဉ်းမနား)နှင့် အဖွဲ့ဝင် ဒေါ်သင်းသင်းလှိုင်(သင်းသင်းလှိုင်-တပ်ကုန်း)တို့က စာပေဝါသနာပါသူများနှင့်အတူ စာရေးဆရာမ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်) ရေးသားထားသည့် "လှပချင်ရင် ရုပ်ကိုလည်းပြင် စိတ်လည်းပြင်ပါ" စာအုပ်တွင် ပါရှိသည့် လှပချင်ရင် ရုပ်ကိုလည်းပြင် စိတ်လည်းပြင်ပါ၊ အလှပြင်ခြင်းမှာ စိတ်က အခရာပဲ၊ ချိုသာပြေပြစ် လူတိုင်းချစ်တဲ့နည်း၊ အပြောအဆိုအနေအထိုင်မှာ သဘောကျပါစေ၊ ယဉ်ကျေးတဲ့သူဆိုတာ နေတတ်ထိုင်တတ်ရပါမယ်၊ လှပခြင်းဆိုတာ ကျန်းမာမှရတဲ့အကျိုး၊ ကုသိုလ်တရားနဲ့ အလှတရား၊ ကုသိုလ်စိတ်ဟာ လူကိုလှပစေတတ်တယ် စသည့် ခေါင်းစဉ်များနှင့် အခြားဗဟုသုတများ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်

နေပြည်တော် ဇူလိုင် ၂၄

ယနေ့ည ၇ နာရီ ၄၁ မိနစ် ၁၄ စက္ကန့်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အရှေ့-အရှေ့တောင်ဘက် (၁၈)မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ကျိုင်းတုံမြို့၏ အရှေ့-အရှေ့တောင်ဘက် (၁၇)မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၂၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၈၇ ဒီဂရီ၊ အနက် ၁၁ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

# မိုးနှောင်းချည်မျှင်ရှည်ဝါ တစ်ဧကလျှင် ပိဿာ ၁၀၀၀ ထွက်ရှိရေး သွင်းအားစုပစ္စည်း (ဓာတ်မြေဩဇာ) ထောက်ပံ့ပေးအပ်

တပ်ကုန်း ဇူလိုင် ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးနှောင်းချည်မျှင်ရှည်ဝါ တစ်ဧကလျှင် ပိဿာ ၁၀၀၀ ထွက်ရှိရေး စံပြစိုက်ခင်း ဧက ၅၀ ရှိတောင်သူများအား သွင်းအားစုပစ္စည်း (ဓာတ်မြေဩဇာ) ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲ ၂ နာရီက ရေအေးကျေးရွာအနီး စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ (KC) ခန်းမ၌ ပြုလုပ်သည်။

နေပြည်တော် ကောင်စီဝင် ဦးဇေယျာလင်းက တောင်သူများအနေဖြင့် ပြည်ပကုန်ပစ္စည်းများသုံးစွဲမှု လျှော့ချနိုင်ပြီး ပြည်တွင်းဖြစ် အဝတ်အထည်များ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် မိုးနှောင်းချည်မျှင်ရှည်ဝါများ လျာထားဧကပြည့်မီ အောင်စိုက်ပျိုးရန်၊ တောင်သူများလိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာများကို ပေါင်းစပ်ဖြည့်ဆည်းပေးရန် အသင့်ရှိကြောင်း ရှင်းလင်းပြောကြားပြီး နေပြည်တော် စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာဇော်လွင်က ဝါသီးနှံများကို အရေးကြီးကုန်စည်သီးနှံအဖြစ်တားမြစ်ထားခြင်းနှင့် ဝါစိုက်တောင်သူများ လွတ်လပ်စွာရောင်းဝယ်နိုင်ရေး ရှင်းလင်းပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းညွန့်က မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် နေပြည်တော် စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် တာဝန်ရှိသူများက စံပြစိုက်ခင်း ဧက ၅၀ စိုက် တောင်သူများ၏ လက်ဝယ်အရောက် သွင်းအားစုပစ္စည်း (ဓာတ်မြေဩဇာ)များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ရောက်ရှိပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



တပ်ကုန်းမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ချည်မျှင်ရှည်ဝါသီးနှံများကို ကျေးရွာအုပ်စု ၂၉ အုပ်စု၊ ကွင်း ၁၂၀၊ ဧက ၉၇၀၀ လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တင်စိုးလွင်(ပြန်/ဆက်)



## မင်းဘူးမြို့၌ ကြက်သွန်နီဈေး ပြန်လည်မြင့်တက်လာ၍ တောင်သူများအဆင်ပြေ

မင်းဘူး ဇူလိုင် ၂၄

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် ကြက်သွန်နီစိုက်ပျိုးကြသူများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကာ ဈေးကောင်းပြန်လည်ရရှိလာသောကြောင့် အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

လက်ရှိမင်းဘူးမြို့ ဈေးကွက်အတွင်း ကြက်သွန်နီ လက်လီတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဖြင့် ရောင်းချနေရပြီး ကြက်သွန်စိုက်ပျိုးသူနည်းပါး၍ ထွက်ကုန်များနည်းပါးကာ ဈေးကွက်အတွင်း ကြက်သွန်ဝင်ရောက်မှုနည်းပါးလာသည့်အတွက် ဈေးမြင့်တက်လာရခြင်းဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီစိုက်ပျိုးရာတွင် ယခင်က မိုးတွင်းကာလများတွင်သာ စိုက်ပျိုးကြသော်လည်း ယခုအခါ မြေအောက်ရေများအသုံးပြု၍ ရာသီမရွေး စိုက်ပျိုးလာကြကြောင်း၊ သို့သော် မိုးတွင်းကာလတွင် ကြက်သွန်အဖြစ်များ၍ စိုက်ပျိုးမှုများပြီး မိုးဦးကာလ မေ၊ ဇွန်၊ ဇူလိုင်လတို့သည် ဈေးအကောင်းဆုံးလများဖြစ်ကြောင်း သိရသည်။

ယခုလက်ရှိတွင် လက်လီဈေးတစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ရောင်းရကာ ကြက်သွန်နီဈေး ပြန်လည်မြင့်တက်လာခြင်းကြောင့် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း မင်းဘူး(စကု)မြို့နယ် ငွေသောင်ကျေးရွာ ကြက်သွန်နီစိုက်ပျိုးသူ ကိုစိုးလင်းအောင်ထံမှ သိရသည်။

ဇေယျာထက်(မင်းဘူး)

## တစ်နိုင်ငံလုံးပျားရည်ထွက်ရှိမှု၏ ၆၀ ရာခိုင်နှုန်းကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်ပေးလျက်ရှိ

စစ်ကိုင်း ဇူလိုင် ၂၄

တစ်နိုင်ငံလုံး ပျားရည်ထွက်ရှိမှု၏ ၆၀ ရာခိုင်နှုန်းသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ရရှိခြင်းဖြစ်ကြောင်း ပျားလုပ်ငန်း ဦးစီးဌာန၏ အချက်အလက်များအရ သိရသည်။

### ပြည်ပသို့တင်ပို့

မြန်မာနိုင်ငံတွင် ပြည်ပသို့ ပျားရည် တန်ချိန် ၄၀၀၀ နီးပါးတင်ပို့ပြီး ကျန်ပျားရည်များကို ပြည်တွင်းတွင်သုံးစွဲခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ပျားမွေးမြူရေးလုပ်ငန်းရှင် ၉၀၀ နီးပါးက ပျားအုံပေါင်း ၂၀၀၀၀၀ နီးပါးဖြင့် နယ်လှည့် ပျားရည်ထုတ်နေခြင်းဖြစ်ပြီး နှစ်စဉ် ပျားရည် မက်ထရစ်တန် ၆၀၀၀ နီးပါး ထွက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"မြန်မာပြည်ရဲ့ပျားရည်ဖောက်သည်တွေကတော့ တရုတ်၊ ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ တောင်ကိုရီးယား စတဲ့အာရှနိုင်ငံတွေဖြစ်ပြီး ဥရောပဒေသကို ဖောက်သည်သစ်ရှာဖို့ အခြေအနေကောင်းတွေ ရှိနေပါတယ်" ဟု ပျားလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ခုနှစ် ဘဏ္ဍာနှစ်တွင် ပြည်ပကို ပျားရည် မက်ထရစ်တန် ၁၀၀၀ ကျော်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၁ သန်းကျော်ရခဲ့သည်ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ၏ ထုတ်ပြန်ချက်များအရ သိရသည်။

ပျားမွေးမြူသူများသည် တစ်နေရာတည်း လုပ်ငန်းအတည်တကျမရှိဘဲ ပျားပုံးများကို သယ်ပြီး ရာသီအလိုက် စိုက်ပျိုးပွင့်ဖူးသည့် သီးနှံများရှိရာဒေသများကို ပြောင်းရွှေ့မွေးမြူကာ ပျားရည်ထုတ်ကြရသည့် ရွှေ့ပြောင်းအလုပ်သမားများဖြစ်သည်။



မြန်မာနိုင်ငံတွင် ပျားရည်ကို ဆီး၊ ပန်းနှမ်း၊ နေကြာ၊ လဲမှို့၊ ပဲစင်းငုံ၊ လိုင်ချီး၊ ရော်ဘာ၊ ပင့်ကူထိပ်ပိတ် (ပန်းသုံးဆင့်)၊ မိုးနှမ်း၊ ပြောင်း စသည့်သီးနှံများ၏ ပန်းပွင့်များကို မွေးမြူရေးပျားက ဝတ်မှုန်ကူးစုပ်ယူပြီး ပျားရည်ထုတ်လုပ်ခြင်းဖြစ်သည်။

ဆီးပျားရည်ကို ဆီးခြံဧက မိုင်ရာချီရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး ကနီ၊ ဘုတလင်၊ မုံရွာ၊ ယင်းမာပင်တို့မှလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်၊ ရမည်းသင်းတို့မှလည်းကောင်း၊ နေကြာ၊ လဲမှို့ပျားရည်ကို ညောင်ပင်ဝင်း၊ ရေတာရှည်၊ တောင်ငူတို့မှလည်းကောင်း၊ လိုင်ချီးပျားရည်ကို ကျိုက်ထို၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကချင်နှင့် ကရင်ပြည်နယ်တို့မှလည်းကောင်း၊ ပင့်ကူထိပ်ပိတ် ပျားရည်ကို စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်၊ ကသာ၊ ပုလဲတို့မှလည်းကောင်း၊ မိုးနှမ်းပျားရည်ကို မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မှလည်းကောင်း၊ ပန်းနှမ်းပျားရည်၊ ပြောင်းပျားရည်ကို ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းတို့မှလည်းကောင်း ထုတ်ယူနေခြင်းဖြစ်ကြောင်း သိရသည်။

လူလေး

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

# ပုံပြင်

## လှည့်ဖြားလိုသောသူ

## မတူညီသော အမြင်

**မင်းယုဝေ**

### လှည့်ဖြားလိုသောသူ

တစ်ခါက ရွာတစ်ရွာနှင့်မနီးမဝေးတွင် တောအုပ်တစ်ခုရှိလေသည်။ ထိုတောအုပ်တွင် မြေခွေး၊ ကျား၊ ဝက်ဝံ စသောသတ္တဝါကြီးများအပြင် အခြားသတ္တဝါငယ်လေးများပါ နေထိုင်ကြသည်။ သတ္တဝါတို့၏ ထုံးစံအတိုင်း သမင်များကမြေခွေးကိုကြောက်သည်။ မြေခွေးက ကျားကိုကြောက်သည်။ ကျားက အင်အားရှိပြီး မတ်မတ်ရပ်လမ်းလျှောက်နိုင်သော အမွေးရှည်ဝက်ဝံကို ကြောက်သည်။

ထိုတောအုပ်နှင့် မနီးမဝေးရှိရွာတွင် မုဆိုးတစ်ဦးရှိသည်။ ထိုမုဆိုးသည် ဝါးပလွေကိုမှုတ်၍ တိရစ္ဆာန်မျိုးစုံတို့၏အသံကို ပြုလုပ်တတ်သူဖြစ်သည်။ သူသည် သမင်အုပ်နားသွား၍ သမင်တို့၏ အသံမျိုးပြုလုပ်ကာ အုပ်ထဲမှခွဲထွက်လာသော သမင်တို့ကိုပစ်ခတ်လေ့ရှိသည်။ ထို့အတူအခြားသတ္တဝါများ၏ အသံမျိုးလည်း အတုလုပ်ကာ ပစ်ခတ်စားသောက်လေ့ရှိသည်။ ထိုကဲ့သို့ မိမိလုပ်နိုင်သည်ကိုလည်း မုဆိုးသည် အကျေနပ်ကြီး ကျေနပ်နေလေသည်။

တစ်နေ့တွင် မုဆိုးသည် သူ၏အတတ်ပညာကိုအသုံးပြု၍ အမဲလိုက်ရန် တောထဲသို့ဝင်လာခဲ့သည်။ သူသည် သမင်အုပ်နားရောက်သောအခါ သမင်တို့ကို ဖမ်းဆီးမည်ဟူသောအကြံဖြင့် သမင်အသံပြုသည်။ ထိုအသံကို မြေခွေးများက ကြားသောအခါ သမင်များကို ကိုက်ဖြတ်စားသောက်ရန် ရောက်လာကြသည်။ မုဆိုးလည်း မြေခွေးများကိုမြင်သောအခါ ကြောက်လန့်ပြီး မြေခွေးများထွက်ပြေးစေရန် ကျားအသံပြုလိုက်လေသည်။ မြေခွေးတို့လည်း ကျားလာပြီဟုထင်မှတ်ကာ ထွက်ပြေးကြလေသည်။ သို့သော် ထိုအသံကိုအနီးရှိ ကျားတစ်ကောင်ကကြားသောအခါ မိမိကဲ့သို့ မျိုးတူသတ္တဝါဟုထင်မှတ်ကာ အသံကြားရာသို့ ရောက်လာသည်။ မုဆိုးလည်း တကယ့်ကျားအစစ်ကိုတွေ့သောအခါ ကြောက်လန့်ပြီး ထိုကျားထွက်ပြေးစေရန် ဝက်ဝံအသံမျိုးပြု၍ ခြောက်လှန့်ပြန်လေသည်။ မုဆိုးပြုသော ဝက်ဝံအသံကိုကြားသော ဝက်ဝံတစ်ကောင်သည် မိမိကဲ့သို့သော ဝက်ဝံတစ်ကောင်ရှိသည်ဟုထင်မှတ်ပြီး အသံကြားရာနေရာသို့ ရောက်လာသည်။ ဝက်ဝံသည် ထိုနေရာသို့ရောက်သောအခါ ဝက်ဝံအစစ်ကိုမတွေ့၊ ဝက်ဝံသံအတုလုပ်သောလူကိုသာ တွေ့ရသဖြင့် ဒေါသထွက်ကာ မုဆိုးအား ကိုက်ဖြတ်စားသောက်ပစ်လိုက်လေတော့သည်။ ။

### မတူညီသော အမြင်

တစ်ခါက လူနှစ်ဦးသည် ၎င်းတို့၏မိတ်ဆွေတစ်ဦးအကြောင်းကို စကားစပ်မိ၍ဆွေးနွေး ပြောဆိုမိကြသည်။ ထိုမိတ်ဆွေနှင့်ပတ်သက်၍ တစ်ဦးက

"သူဟာ တကယ့်ကို စိတ်ကောင်းတဲ့ လူတစ်ယောက်ပါပဲ" ဟု ပြောသည်။ ထိုအခါ လူတစ်ဦးက

"သူလား... စိတ်ကောင်းမရှိပါဘူး" ဟု သူ့အမြင်အတိုင်း ပြန်ပြောလေသည်။

ဤသို့ဖြင့် သူတို့နှစ်ဦးသည် မိတ်ဆွေဖြစ်သူ စိတ်ကောင်း ရှိ၊ မရှိကို အပြင်းအထန်ငြင်းခုံကြလေသည်။

ပထမလူက ထိုမိတ်ဆွေ စိတ်ကောင်းရှိသည်ကို အခြားသူများအား မေးကြည့်ပါက ထောက်ခံကြလိမ့်မည်ဟု ဆိုသည်။

ဒုတိယလူလည်း ထိုမိတ်ဆွေ စိတ်ကောင်းမရှိကြောင်း မည်သူမဆိုသိသည်ဟုဆိုသည်။ မည်သို့ပင် ငြင်းခုံစေကာမူ ထိုမိတ်ဆွေနှင့်ပတ်သက်၍ သူတို့နှစ်ဦးမှာ တူညီသောအမြင်ကို မရခဲ့ကြပေ။

အမှန်တွင် သူတို့နှစ်ဦးသည် အကျိုးမရှိသော ငြင်းခုံခြင်းကိုပြုလုပ်နေကြသူများဖြစ်သည်။ လူတစ်ဦးစီတွင်အမြင်တစ်မျိုးစီရှိကြလေသည်။ ထိုသူနှစ်ဦးတွင် မတူညီသောအမြင်နှစ်ခုရှိကြသည့်အပြင် တစ်ဦးကိုတစ်ဦး ဆန့်ကျင်လိုသော စိတ်ထားလည်းရှိကြလေသည်။ ထိုစိတ်ထားကြောင့် တစ်ဦးကိုတစ်ဦး မလိုက်လျောနိုင်၊ ဆန့်ကျင်နေကြပေသည်။ လူတစ်ဦးစီတွင် မိမိတို့၏ သီးသန့်အမြင်ရှိသည်ကို သတိပြုရပေမည်။ မိမိတစ်ဦးတည်းဘက်ကသာကြည့်၍ ငြင်းခုံနေခြင်းမျိုးကို ရှောင်ရှားသင့်ပေသည်။ ။

**ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။





## ကဗျာ

# ဝါဦးဆု

ပုန်းညက်ညိုလည်း
ပျံ့ချိုကြိုင်သင်း၊ စုံမြိုင်တွင်းဝယ်
ခိုင်ချင်းမီကာ၊ ဖူးငုံအာလျက်။
စံပယ်ဖြူလည်း
မွှေးကြူကြိုင်လှောက်၊ မိုးရေသောက်၍
ညွန့်ညှောက်ညှာချီ၊ ဝေဝေစည်လျက်။
ရွှေပဒ္မာနှန်လည်း
မာန်ဟုန်ပြင်းပြီ၊ မှိုင်းအုံ့ရီ၍
နတ်စည်ဆော်နှိုး၊ ရှာသွန်းဖြိုးလျက်။
ဝါဆိုပွဲလည်း
သဲသဲခြိမ့်ခြိမ့်၊ တငြိမ့်ငြိမ့်နှင့်။

လှူတကာလည်း
ကြည်သာရွှင်မြူး၊ တေးစုံကျူးတည့်။
ရတုအလို၊ သာယာပိုသော်
စာဆိုမြော်တွေး၊ တစ်ရပ်ဝေးက
ချစ်သွေးတူညီ၊ "ငွေဝတ်ရည်" ကို
စိတ်လည်မျှော်မှန်း၊ ရော်တ,ရမ်း၍
"ကျန်းခန့်ပါစေ၊ ဘယာကွေ" ဟု
စိန္တေမြတ်ဝယ်၊ ဆုပန်ရွယ်သည်
ပန်းနှယ်လန်းဆက် ပွင့်စေသောဝ်။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



(ဆက်လက်ဖော်ပြပါမည်)

## လူမှု ၁၁၀

# ခန့်မှန်းရခက်သောအနာဂတ်ကို နိုင်နင်းအောင်ဆောင်ရွက်နေသော လူငယ်များ

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

အာရှတိုက်မှလူငယ်တွေအပြင် ကမ္ဘာ့တိုက်ကြီး အသီးသီးမှာ နေထိုင်ကြတဲ့လူငယ်တွေဟာ ပြိုင်ဘက်ကင်း ခြေလှမ်းတွေကို လိုက်မီဖို့ကြိုးစားနေကြသလို စိန်ခေါ်မှုအသစ်တွေနဲ့လည်း ရင်ဆိုင်လာရပါတယ်။ ဒီလိုဆိုရင် ကမ္ဘာတစ်ဝန်းကလူငယ်တွေဟာ ၂၁ ရာစုမှာ ကြုံတွေ့ရမယ့် ကြိုတင်မမြင်နိုင်တဲ့ အန္တရာယ်များလှတဲ့ စွန့်စားခန်းတွေကို ရင်ဆိုင်ဖို့ စိတ်ခွတ်ရေးရာအရ အဆင်သင့်ဖြစ်ကြပြီလားလို့ မေးခွန်းထုတ်စရာရှိပါတယ်။

ဒီနေ့ခေတ်ကမ္ဘာကြီးမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးတွေ ပြုလုပ်လာကြပါတယ်။ အသိပညာတွေ ကူးလူးဖလှယ်လာကြပါတယ်။ အဲဒါကြောင့် အိန္ဒိယ၊ တရုတ်၊ ပါကစ္စတန် အစရှိတဲ့ နိုင်ငံတွေမှ ဘွဲ့ရလူငယ်တွေဟာ အခြားနိုင်ငံတွေမှာ အံဝင်ခွင်ကျအလုပ်လုပ်နိုင်ဖို့ အသိပညာတွေ ဆည်းပူးပြီး သူတို့ရဲ့အနာဂတ်အတွက် ပြင်ဆင်လာကြပါတယ်။ ဒါပေမဲ့ အဲဒီလူငယ်တွေအတွက် အဓိကကျပြီး လွန်စွာအရေးကြီးတဲ့ အချက်တစ်ချက် ကျန်ရှိနေပါတယ်။ အရင်ကဆိုရင် နိုင်ငံအချင်းချင်း ဖြစ်စေ၊ ကုမ္ပဏီအချင်းချင်းဖြစ်စေ အသိပညာ ကြွယ်ကြွယ်ဝဝ ပိုင်ဆိုင်ထားခဲ့ရင် သူတို့ရဲ့ပြိုင်ဘက်တွေနဲ့ ယှဉ်ပြိုင်ရာမှာ နှာတစ်ဖျားသာခဲ့ကြပြီး အခုတော့ အဲဒီလိုအခြေအနေ မဟုတ်တော့ဘူး။

အနာဂတ်မှာနိုင်ငံတွေ၊ကုမ္ပဏီတွေရဲ့အောင်မြင်မှုမှာ လူငယ်လုပ်သားတွေအပေါ်မှာ မူတည်လျက်ရှိပါတယ်။ အဲဒီလူငယ်တွေဟာကနေ့အထိအသုံးပြုလျက် သမားရိုးကျ ခွဲခြမ်းစိတ်ဖြာပြီး တွေးခေါ်ခြင်းအပေါ်မှာ မှီခိုမနေတော့ဘဲ ဆန်းသစ်ဖန်တီးမှုနဲ့ လိုက်လျောညီထွေစွာ တွေးခေါ်ခြင်းအပေါ်မှာ မှီခိုနေကြပါလိမ့်မယ်။ ဒီလိုပြောင်းလဲလိုက်ခြင်းမှာ ကုမ္ပဏီတွေနဲ့ အဲဒီကလူတွေရဲ့ လုပ်ငန်းဆောင်တာတွေအပေါ် ကြီးမားတဲ့ ဂယက်ရိုက်ခတ်မှုတွေ ဖြစ်လာမှာဖြစ်ပါတယ်။

အသိပညာဆိုတာ ယခုအခါမှာ လျှပ်စစ်မီးသီးက လာတဲ့ အလင်းရောင်လိုဖြစ်လာပါပြီ။ အခုဆိုရင် ကမ္ဘာကြီးရဲ့ အရှေ့၊ အနောက်၊ တောင်၊ မြောက်မှ ရှိရှိသမျှသော အကြောင်းအရာတွေကို အလွယ်တကူ သိရှိနိုင်ပြီး ဖြစ်ပါတယ်။ တရုတ်၊ အိန္ဒိယ ဘယ်မှာနေနေ ခလုတ်လေးတစ်ချက် နှိပ်လိုက်ရုံနဲ့ ကမ္ဘာပေါ်မှာ ဖြစ်ပျက်နေတဲ့အရာတွေ လွယ်လင့်တကူ သိရှိလာနိုင်ပါပြီ။

အဲဒီလို အသိပညာအခြေပြုလုပ်ငန်းတွေကို ခိုင်မာစွာတည်ဆောက်ခြင်းနဲ့အတူ အင်တာနက်ရဲ့ အကျိုးကျေးဇူးကြောင့် လူတွေဟာ ယှဉ်ပြိုင်နိုင်စွမ်းရဲ့ နောက်တစ်ဆင့်ကို တက်လှမ်းလာကြတယ်။ ဒါကြောင့် အာရှနဲ့ အနောက်နိုင်ငံတွေရဲ့ အနာဂတ် စီးပွားရေးကိုတည်ဆောက်ရာမှာ ခက်ခဲနက်နဲတဲ့ အကြောင်းအရာတွေကို ဖြေရှင်းပေးနိုင်မယ့် တီထွင်ကြံဆအားကောင်းတဲ့ လုပ်သားလူငယ်မျိုးဆက်တွေ လိုအပ်လာပြီဖြစ်ပါတယ်။ ယခုအခါ ကမ္ဘာကြီးဟာ အသိပညာဖြည့်ဆည်းပေးတဲ့ လူငယ်တွေကို ဆက်လက်မွေးထုတ်ပေးလျက်ရှိပါတယ်။

အက်ဒ်ဝတ်ဒီဘိုနီ (Edward De Bony) ဟာ သမားရိုးကျမဟုတ်ဘဲမသက်ဆိုင်တာတွေကိုထည့်သွင်းစဉ်းစားပြီး ပြဿနာဖြေရှင်းနည်းကို အသုံးပြုတဲ့ ဆရာတစ်ဆူဖြစ်ပါတယ်။ ဒါကြောင့် သူ့ကို ကုမ္ပဏီများစွာနဲ့ ကွန်ဆာဗေးတစ်အဖွဲ့အစည်းတွေက အလုအယက် ခေါ်ယူနေကြပါတယ်။ ၂၀၀၅ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ Danial Pink in a Whole New Mind စာအုပ်ဟာ လာမယ့်ရာစုနှစ်အတွက် လိုအပ်တဲ့ အတွေးအခေါ် Mindset အကြောင်းအရာတွေကို ရေးသားထားပါတယ်။ အဲဒီစာအုပ်မှာ အနာဂတ်ရဲ့ အောင်မြင်မှုသရဖူကိုရယူနိုင်ဖို့ သမားရိုးကျဖြေရှင်းနည်းတွေထက် တီထွင်ကြံဆမှုကို အခြေခံဖို့လိုအပ်တဲ့အတွက် ညာဘက်အခြမ်းဦးနှောက်ကို ပိုမိုအားကိုးရမယ်လို့ ဖော်ပြထားပါတယ်။ အသိပညာကို အခြေခံတဲ့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေဖြစ်တဲ့ ဘဏ်လုပ်ငန်းတွေ၊ စီမံခန့်ခွဲမှုလုပ်ငန်းတွေ စတာတွေမှာ ကွန်ပျူတာတွေကို အစားထိုးတဲ့အတွက် အလုပ်အကိုင်တွေ ကျဆင်းခဲ့ရတယ်လို့ Pink က ထောက်ပြထားပါတယ်။

ဒါကြောင့် အစိုးရတွေဟာ ရှေ့ရေးကိုမြော်တွေးပြီး နိုးထဖို့အချိန်ကျပြီ ဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ဘဲ ကမ္ဘာကြီးရဲ့လိုအပ်ချက်နဲ့ အံဝင်ခွင်ကျမဖြစ်တဲ့ လူငယ်တွေကို အစုလိုက်အပြုံလိုက် မွေးထုတ်ပေးမိခြင်းဖြစ်လိမ့်မယ်။ အလုပ်အင်တာဗျူးတွေမှာ အလွတ်ကျက်မှတ်သိရှိရတဲ့ မေးခွန်းတွေ မေးတဲ့ခေတ်မှာ ကုန်လွန်ခဲ့ပြီဖြစ်ပါတယ်။ ပိုမိုကြီးမားတဲ့ ရုပ်ပုံကားချပ်ကို တစ်ပြိုင်နက်တည်းမြင်ရတာဟာ ဘယ်ဘက်ဦးနှောက်ထက် ညာဘက်ဦးနှောက်ကို ပိုမိုအသုံးပြုတာဖြစ်ပြီး နှစ်ခုလုံးကို တစ်ပြိုင်နက် လွှဲပြောင်းအသုံးချနိုင်တာက ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

သမားရိုးကျနည်းလမ်းတွေမှ ဖောက်ထွက်စဉ်းစားတတ်တဲ့ သီးသန့်သမားတွေဟာ အအောင်မြင်ဆုံးဖြစ်လာမှာ ဖြစ်ပါတယ်။ အမြင်ကျယ်ကျယ်နဲ့ ကြည့်မယ်ဆိုရင် လူငယ်တွေဟာ သူတို့နဲ့အရည်အချင်းတူတဲ့ လူကြီးတွေထက် ပိုမိုလိုက်လျောညီထွေရှိကြပြီး အခင်းအကျင်းသစ်တွေနဲ့ အံဝင်ခွင်ကျဖြစ်ဖို့ ပြင်ဆင်နိုင်ကြတာကို တွေ့ရပါတယ်။ လူငယ်တွေဟာ အမြဲပြောင်းလဲနေတဲ့ နည်းပညာတွေနဲ့ ရင်းနှီးကျွမ်းဝင်ကြပြီး အဲဒီလိုလုပ်ငန်းစဉ်တွေက သူတို့ကို ပြောင်းလဲနေတဲ့ အခက်အခဲတွေကို ကောင်းမွန်စွာ ဖြေရှင်းနိုင်တဲ့ဗီဇကို တပ်ဆင်ပေးလိုက်တဲ့အပြင် သမားရိုးကျနည်းလမ်းတွေကို ကျော်လွန်စဉ်းစားနိုင်စွမ်းလည်း တိုးတက်စေခဲ့ပါတယ်။

လွန်ခဲ့တဲ့နှစ်အနည်းငယ်ကို ပြန်ကြည့်လိုက်ရင် အရှေ့တောင်အာရှနိုင်ငံတွေရဲ့ စီးပွားရေးမှာ ရုတ်တရက် အလွန်အမင်း ခုန်တက်သွားတာကို တွေ့ရပါတယ်။ အဆင့်မြင့်တဲ့ အခြေခံပို့ဆောင်ဆက်သွယ်ရေးတွေနဲ့ အသိပညာလွှဲပြောင်းခြင်းစနစ်တွေ ပြောင်းလဲတိုးတက်ခြင်းမှာ အနောက်နိုင်ငံတွေထက် ပိုမိုမြန်ဆန်ခဲ့ပါတယ်။ အဆင့်မြင့်ပါတယ်ဆိုတဲ့ အနောက်နိုင်ငံတွေမှာ ၎င်းတို့ အရှေ့ပြိုင်ဘက်နိုင်ငံတွေထက် အဲဒီအချက်မှာ နောက်ကောက်ကျခဲ့ပါတယ်။ လူငယ်တွေကို လက်တွေ့ကျကျ တွေးတောကြံဆရမယ့် နည်းလမ်းတွေကို မိတ်ဆက်ပေးခြင်းဖြင့် လေ့ကျင့်သင်ကြားပေးရန် လိုပါတယ်။ လူငယ်လုပ်သားတွေဟာ အလုပ်ကပေးတဲ့အတွေ့အကြုံတွေမှ နည်းနာယူကာ အနာဂတ်မှာ ကြုံတွေ့လာရမယ့် ရုတ်ခြည်းပြောင်းလဲနေတဲ့ အခက်အခဲတွေကို ဖြေရှင်းလာနိုင်မှာဖြစ်ပါတယ်။ လူငယ်တွေကို သူတို့လုပ်နိုင်တာရဲ့ အကောင်းဆုံးကို လုပ်ကြဖို့ အားပေးခြင်းဖြင့် ယခုလက်ရှိစနစ်ဟောင်းတွေမှ ဖောက်ထွက်လာနိုင်မှာ ဖြစ်ပါတယ်။ လူကြီးတွေဟာလည်း ကမ္ဘာကြီးကို လူငယ်တွေမှ ပြန်လည်ပုံဖော်ကြတဲ့အခါ သူတို့နဲ့အတူ ရပ်တည်ပြီး လာမယ့်အနာဂတ်ရဲ့ လုပ်ငန်းဆောင်တာတွေမှာ ရှန်းကန်နိုင်ဖို့ရာ ကူညီပံ့ပိုးပေးရမှာ ဖြစ်ပါတယ်။

Ref: Young people–coping with an unpredictable future

# ပွင့်ဖြူမြို့နယ်၌ ပန်ရွှေဖူးစားပြောင်းသီးနှံ စိုက်ပျိုးတောင်သူများ အောင်မြင်ဖြစ်ထွန်း၍ လုပ်ငန်းအဆင်ပြေ



**ပွင့်ဖြူ ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်နေ ပြည်သူများသည် ပန်ရွှေဖူးစားပြောင်းသီးနှံ စိုက်ပျိုးရေးလုပ်ငန်းကို မြေအောက်ရေဖြင့် စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြကာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး ရောင်းချရာတွင်လည်း ယခင်နှစ်ထက် ဈေးပိုရရှိသဖြင့် လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာအုပ်စု ညောင်ပင်ဝိုင်းကျေးရွာမှ ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်မတို့ မဲဇလီကျေးရွာအုပ်စု ညောင်ပင်ဝိုင်းကျေးရွာက ဒေသခံတောင်သူတွေဟာ ပန်ရွှေဖူးစားပြောင်းသီးနှံစိုက်ပျိုးရေးလုပ်ငန်းကို မြေအောက်ရေဖြင့်(နွေ၊ မိုး၊ ဆောင်း) သုံးရာသီ စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ ရောင်းချရာတွင် လက်ရှိမှာ ပန်ရွှေဖူးစားပြောင်းက တစ်ဖူးကို လက်လီဈေးနှုန်း ငွေကျပ် ၂၀၀ ရောင်းချရပြီး ဖောက်သည်ဈေးက တစ်ဖူးကို ငွေကျပ် ၁၅၀ ဖြင့် ရောင်းချရပါတယ်။ ဒါ့အပြင် ပန်ရွှေဖူးစားပြောင်း စိုက်ပျိုးရေးလုပ်ငန်းဟာ ပြောင်းဖူးရောင်းချပြီးချိန် ကျန်ရှိတဲ့ ဖူးစားပြောင်းပင်ကိုလည်း ကျွဲ၊ နွား တိရစ္ဆာန်အစာအဖြစ် ရောင်းချရတဲ့အတွက် သီးနှံဝင်ငွေ တွက်ခြေကိုက်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် ညောင်ပင်ဝိုင်းကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

**စီးပွားဖြစ်စိုက်ပျိုး**

ပွင့်ဖြူမြို့နယ်သည် ရပ်ကွက်လေးရပ်ကွက် အပါအဝင် ကျေးရွာအုပ်စု ၅၆ အုပ်စု၊ ကျေးရွာပေါင်း ၂၀၅ ရွာရှိကာ ဒေသခံပြည်သူများမှာ စိုက်ပျိုးရေးအဆင်ပြေသည့်အတွက် ဆန်စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲထောပတ်၊ ကုလားပဲ၊ ငှက်ပျော၊ ပိန္နဲ၊ သရက်၊ သံပရာ၊ ရှောက်၊ လျှော်ဖြူစသည့် သီးနှံများနှင့် ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံ၊ ဘုရားပန်းမျိုးစုံတို့ကို(နွေ၊ မိုး၊ ဆောင်း) တစ်နှစ်ပတ်လုံး စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြပြီး နှစ်စဉ်စိုက်ပျိုးသည့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ကျောက်ဆည်မြို့တွင် ပဲစင်းငုံ ၁၆၉၁ ဧက လျာထားစိုက်ပျိုး

**ကျောက်ဆည် ဇူလိုင် ၂၄**

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ပဲမျိုးစုံ ထွက်ရှိမှု လျော့နည်းမှုမရှိရေးအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပဲစင်းငုံ ၁၆၉၁ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပဲစင်းငုံသီးနှံသည် ကာလရှည်သီးနှံဖြစ်သောကြောင့် တောင်သူများအနေဖြင့် ပဲတီစိမ်း၊ ဝါ၊ နှမ်းသီးနှံများကို သီးညှပ်အဖြစ် တွဲဖက်ပြီး အတန်းလိုက် စိုက်ပျိုးကြကြောင်း၊ သီးညှပ်သီးနှံများ ရိတ်သိမ်းချိန်တွင် မြေဆွခြင်း၊ ပေါင်းလိုက်ခြင်းများနှင့် လိုအပ်သည့်ဖျန်းဆေးများ ဖျန်းပေးခြင်းဖြင့် အပင်များ ကြီးထွားသန်မာ၍ အပွင့်များ ဖြိုင်ဖြိုင်ပွင့်လာပြီး အသီးအကင်းများ စတင်သီးလာကြောင်း သိရသည်။



**အောင်မြင်ဖြစ်ထွန်း**

ကျောက်ဆည်မြို့နယ်တွင် ပဲစင်းငုံသီးနှံများကို ကလေး၊ မှိုင်းပန်၊ ကုလားကျောင်း၊ ရဲဘော်ကြီးနှင့် ရဲယမန်း ကျေးရွာအုပ်စုတို့တွင် ၁၄၉၁ ဧက၊ သံရွာ၊ ပေါင်လောင်၊ တောင်တောနှင့် ကင်းကျေးရွာအုပ်စုတို့တွင် ဧက ၂၀၀ စုစုပေါင်း ၁၆၉၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် သီးနှံစိုက်ဧကများ အောင်မြင်ဖြစ်ထွန်းရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက နည်းပညာများ စနစ်တကျ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

■

# ညောင်ဦးမြို့နယ်တွင် နွေစပါးစံပြကွက် ရိတ်သိမ်းခြင်းဆောင်ရွက်

**ညောင်ဦး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ၂၀၂၁-၂၀၂၂ ခုနှစ်၌ နွေစပါး ၂၅၉ ဧက စိုက်ပျိုးခဲ့ပြီး နွေစပါးစံပြကွက်ရိတ်သိမ်းခြင်းကို ဇူလိုင် ၂၄ ရက် နံနက် ၇နာရီခွဲတွင် အထက်ညဥ့်အုပ်စုရှိ ကွင်းအမှတ်(၁၃၄၄) တောင်သူဦးလှဌေး၏လယ်မြေ ငါးကေ၌ ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ နွေစပါး စံပြကွက်ရိတ်သိမ်းခြင်းတွင် ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးရီက မျိုးကောင်းမျိုးသန့်များ သုံးစွဲခြင်းသည် အထွက်နှုန်းတိုးတက်စေကြောင်း၊ သက်တမ်းတိုးအထွက်နှုန်းကောင်းမျိုးနှင့် မြစ်ရေတက်မှုကြောင့် အရည်အသွေးကောင်းမျိုး စိုက်ပျိုးခြင်းဖြင့် အချိန်မီရိတ်သိမ်းဆောင်ရွက်နိုင်ခြင်း၊ သီးစားသီးနှံပုံစံစိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးတက်စေနိုင်ပြီး လေလွင့်ဆုံးရှုံးမှုလျော့နည်းစေရန် ရိတ်သိမ်းချိန်လွန်နည်းပညာများကို လိုက်နာစေလိုကြောင်း၊ သွင်းအားစုမြေဩဇာများကို စနစ်တကျနှင့်အချိုးကျထည့်သွင်းရန် ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော တောင်သူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းကြရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်ဌေးရီက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**ပျမ်းမျှ ၁၁၈ ဒသမ ၂၆ တင်း ထွက်ရှိ**

ညောင်ဦးမြို့နယ် နွေစပါးစံပြကွက် ရိတ်သိမ်းပွဲတွင် ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆည်မြောင်းနှင့် ရေအသုံးချစီမံခန့်ခွဲရေးဌာနမှ မြစ်ရေတင်တာဝန်ခံနှင့် ဝန်ထမ်းများ၊ အကျိုးဆောင်တောင်သူများနှင့် ပူးပေါင်း၍ ဆင်းသုခစပါးမျိုး ၆ ဒသမ ၆ ဧကစံကွက် ရိတ်သိမ်းခဲ့ရာ တစ်ဧကအထွက်နှုန်း ပျမ်းမျှ ၁၁၈ ဒသမ ၂၆ တင်း ထွက်ရှိကြောင်း သိရသည်။

**ကိုထိန်**

# သာယာဝတီမြို့၌ ငါးရစ်ငါးသန်ငါးများ ဖမ်းဆီးရောင်းဝယ်ခြင်းမပြုရေး လက်ကမ်းစာစောင်များဖြန့်ဝေ

**သာယာဝတီ ဇူလိုင် ၂၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ငါးရစ်ငါးသန်ကာလများဖြစ်သော မေ၊ ဇွန်၊ ဇူလိုင်လများအတွင်း ငါးရစ်ငါးသန်ငါးများ ဖမ်းဆီးရောင်းဝယ်ခြင်းမပြုရန် ငါးလုပ်ငန်းဦးစီးဌာနက ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးတွင် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်က သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာနက သာယာဝတီဈေးနှင့် သုံးဆယ်ဈေးအတွင်း ငါးရစ်ငါးသန် တားမြစ်ကာလများ၌ ငါးရစ်ငါးများ ဖမ်းဆီးရောင်းချမှု မရှိစေရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

## အဝါရောင်အဆင့်

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

## လိမ္မော်ရောင်အဆင့်

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ပြောင်းလဲမှုကို အထူးသတိထားစောင့်ကြည့်နိုင်ရန်။

## အနီရောင်အဆင့်

အနီရောင်အဆင့်သည်ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်းမုန်တိုင်းရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

## အညိုရောင်အဆင့်

အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ်ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံပြီးစီးရန်။

## အစိမ်းရောင်အဆင့်

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏ နေအိမ်များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။

# ဟိုပုံးမြို့နယ်တွင် ပိုက်ဆံလျှော်များကို သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုရန် စမ်းသပ်စိုက်ပျိုး

**ဟိုပုံး ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ယခုအခါ ပြောင်းလဲလာသောရာသီဥတုကြောင့် စိုက်ပျိုးရေးဆိုင်ရာ သဘာဝအရင်းမြစ်များ ဆုံးရှုံးလာခြင်းနှင့် ဓာတ်မြေဩဇာများ ဈေးနှုန်းမြင့်တက်လာခြင်းတို့ကြောင့် ဓာတ်မြေဩဇာသုံးစွဲမှုကို လျော့ကျစေပြီး ကုန်ကျစရိတ်သက်သက်သာဖြင့် သီးနှံများ၏ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ကာ စိုက်ပျိုးမြေဆီလွှာပြန်းတီးခြင်းတို့ကို ထိန်းသိမ်းနိုင်ရန်အတွက် သစ်စိမ်းမြေဩဇာကိုအသုံးပြု၍ စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်လာသဖြင့် ပိုက်ဆံလျှော်များကို စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဟိုပုံးမြို့နယ်အတွင်း စိုက်ပျိုးနိုင်သော စိုက်ပျိုးဧကပေါင်း ၆၇၀၀၀ ကျော်ရှိပြီး အဓိကသီးနှံအနေဖြင့် စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ ကြက်သွန်ဖြူ၊ ထောပတ်၊ ကော်ဖီ၊ သနပ်ဖက်ကို အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

**နေမင်းထွန်း(ပအိုဝ်းဒေသ)**

■

# အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုချန်ပီယံရှစ်ပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့အား ဂုဏ်ပြုကြိုဆို

ရန်ကုန် ဇူလိုင် ၂၄

မော်လ်ဒိုက်နိုင်ငံ၌ ဇူလိုင် ၁၇ ရက်မှ ၂၁ ရက်အထိကျင်းပခဲ့သည့်(၅၄)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုချန်ပီယံရှစ်ပြိုင်ပွဲဝင် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး မြို့တော်ဝန်ဦးဗိုလ်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ အဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့် အားကစားသမားများက သောင်းသောင်းဖြဖြကြိုဆိုကြသည်။



အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၇၀ ကီလိုတန်းတွင် ရဲထွန်းနောင်က ဒုတိယ(ငွေ)၊ ၅၅ ကီလိုတန်းတွင် ကျော်မင်းသန့်က ပဉ္စမ၊ ၈၀ ကီလိုတန်းတွင် ခင်မောင်ကျော်က စတုတ္ထ၊ အမျိုးသမီး Athletic Physique ပြိုင်ပွဲတွင် မီမီကျော်နိုင်က စတုတ္ထ၊ အေးသန္တာခိုင်က ၁၆၅ စင်တီမီတာတွင် ပဉ္စမနှင့် Over 40yrs တွင် ပထမ(ရွှေ)၊ Athletic Physique ပြိုင်ပွဲတွင် ဝတ်ရည်ဖြိုးက စတုတ္ထ ရရှိခဲ့ကြသည်။

"ကျွန်တော်တို့ ဒီပြိုင်ပွဲမှာ အားကစားသမား အမျိုးသမီးသုံးဦး၊ အမျိုးသားသုံးဦး သွားရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အောင်ပွဲအနေနဲ့ပြောရမယ်ဆိုရင် အမျိုးသမီးပြိုင်ပွဲမှာ အမျိုးသမီးသုံးဦးပြိုင်တဲ့အနက်က အသက်(၄၀)နဲ့အထက်ပြိုင်ပွဲမှာ အေးသန္တာခိုင်က ပထမရွှေတံဆိပ်ဆုရရှိခဲ့တာဖြစ်ပါတယ်။ နောက်တစ်ပွဲမှာလည်း သူက ပဉ္စမဆုတံဆိပ်ရပါတယ်။ နောက်အမျိုးသားသုံးယောက်ပြိုင်တဲ့အထဲမှာ ရဲထွန်းနောင်က ၇၀ ကီလိုတန်း ကာယဗလပြိုင်ပွဲမှာ ငွေတံဆိပ်ရပါတယ်။ ကျန်တဲ့အားကစားသမားနှစ်ယောက်ကတော့ အဆင့်လေးချိတ်ကြပါတယ်။ ကျန်တဲ့အမျိုးသမီးနှစ်ယောက်ကလည်း အဆင့်လေးတွေပဲဖြစ်ပါတယ်။ ပြိုင်ပွဲဝင်နိုင်ငံတွေက ၂၄ နိုင်ငံလောက်ရှိပါတယ်။ အဓိကအင်အားကြီးနိုင်ငံတွေကတော့ အိန္ဒိယပေါ့။ အိန္ဒိယဆိုရင် ပြိုင်ပွဲဝင်နိုင်ငံထဲမှာ အားကစားသမားအရေအတွက် အများဆုံးနိုင်ငံဖြစ်ပါတယ်။ အရေအတွက် ၈၀ လောက်ထိကိုလာပြီးပြိုင်ကြတာပါ။ ထိုင်းနိုင်ငံဆိုလည်း ၂၀ လောက်လာကြတယ်။ ဗီယက်နမ်ဆိုလည်း ၁၅ ယောက်၊ ၂၀ အဲဒီလိုလာပြိုင်ကြတာပါ။ ကျွန်တော်တို့ ပြိုင်ရတဲ့အထဲမှာ အင်အားကြီးနိုင်ငံတွေနဲ့ တော်တော်လေးကိုပြိုင်ခဲ့ကြရတယ်။ ပြိုင်ပွဲမှာတော့ သူတို့ထုံးစံအတိုင်း အကောင်းဆုံး ငါးယောက်၊ လူ ၂၀ ဆိုရင် အဲဒီထဲက အကောင်းဆုံးငါးယောက်ကိုရွေးပါတယ်။ အဲဒီငါးယောက်ထဲမှာတော့ ကျွန်တော်တို့ ကစားသမားတွေအားလုံးပါပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ပြန်ကြည့်မယ်ဆိုရင်တော့ ရွှေတစ်ခု၊ ငွေတစ်ခု၊ အဆင့် ၄ နဲ့ ပဉ္စမတစ်ဆုရပါတယ်"ဟု မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းက ပြောသည်။ အဆိုပါပြိုင်ပွဲတွင် နိုင်ငံပေါင်း ၂၄ နိုင်ငံ၊ အားကစားသမား ၃၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဗလစိုး

# အာရှသိပ္ပံစခန်းချနေထိုင်ခြင်းအစီအစဉ်သို့ တက်ရောက်ရန် မြန်မာနိုင်ငံမှ ကျောင်းသားသုံးဦး ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂၄

ကိုရီးယားနိုင်ငံ ဒေဂျွန်းမြို့၌ ဇူလိုင် ၂၄ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် (၁၄) ကြိမ်မြောက် အာရှသိပ္ပံစခန်းချနေထိုင်ခြင်း အစီအစဉ် (Asian Science Camp 2022) သို့ တက်ရောက်ရန် မြန်မာနိုင်ငံမှ မောင်ကောင်းထက်ကို (ဒုတိယနှစ်၊ မြို့ပြအင်ဂျင်နီယာ)၊ မောင်ရဲရင့်အောင် (ဒုတိယနှစ်၊ ကွန်ပျူတာနည်းပညာ)၊ မောင်စွမ်းထက်ခိုင်ဝင်း (အခြေခံပညာအထက်တန်းအောင်၊ အခြေခံပညာလေ့ကျင့်ရေးအထက်တန်းကျောင်း – TTC) တို့သည် အုပ်ချုပ်သူ ဒေါ်စုစုဝေ (ဒါရိုက်တာ၊ မန္တလေးနည်းပညာကုမ္ပဏီ) နှင့်အတူ ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းဖြင့် ကိုရီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။

အာရှသိပ္ပံစခန်းချနေထိုင်ခြင်း အစီအစဉ် ကို ၂၀၀၇ ခုနှစ်မှစတင်ခဲ့ပြီး ထိုင်ဝမ်၊ ဘာလီ၊ ဂျပန်၊ အိန္ဒိယ၊ ကိုရီးယား၊ အစ္စရေး၊ စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ တရုတ် စသည့် အာရှတိုက်တွင်းနိုင်ငံများတွင် နှစ်စဉ်ကျင်းပခဲ့သည်။

အာရှတိုက်မှ နိုဗယ်လ်ဆုရသိပ္ပံပညာရှင်များ လာရောက်ကြပြီး ကျောင်းသား ကျောင်းသူ လူငယ်များနှင့်အတူ စခန်းချနေထိုင်ပြီး သိပ္ပံပညာရပ်ဆိုင်ရာ ဟောပြောပွဲများ၊ လေ့လာရေးခရီးများနှင့် သိပ္ပံပညာရပ်ဆိုင်ရာ ပြိုင်ပွဲများပါဝင်ပြီး နှစ်စဉ်အာရှတိုက်မှ လူငယ် ၃၀၀ ခန့် ပါဝင်ဆင်နွှဲကြသည်။

ယခုနှစ်တွင် ကမ္ဘာ့တစ်ဝန်းဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေအရ လူငယ် ၁၄၀ ခန့်သာ ကိုရီးယားနိုင်ငံသို့ သွားရောက်ဆင်နွှဲကြမည်ဖြစ်ပြီး လူငယ် ၁၅၀ ခန့်မှာ မိမိတို့နိုင်ငံတွင်းမှနေ၍ အွန်လိုင်းမှ ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

မြန်မာနိုင်ငံမှလည်း ရန်ကုန်နှင့် ထားဝယ်တို့မှ ကျောင်းသား ကျောင်းသူ လေးယောက် အွန်လိုင်းမှတစ်ဆင့် ပါဝင်တက်ရောက်ဆင်နွှဲမည်ဖြစ်သည်။

National Coordinator အနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သဖြင့် ယခုကဲ့သို့ မြန်မာကျောင်းသား ကျောင်းသူများကို အာရှသိပ္ပံစခန်းချနေထိုင်ခြင်း အစီအစဉ်သို့ နှစ်စဉ်ပို့လွှတ်ပေးနိုင်ခြင်းဖြစ်သည်။

မျိုးမင်းသူရ






# 17th Vietnam Amateur Open 2022

## ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက်အားကစားသမား လှိုင်မင်းထက် တတိယဆုဆွတ်ခူး

ရန်ကုန် ဇူလိုင် ၂၄

ဇူလိုင် ၂၁ ရက်မှ ၂၄ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ကျင်းပသည့် 17th Vietnam Amateur Open 2022 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက်အားကစားသမား လှိုင်မင်းထက် ဝင်ရောက်ယှဉ်ပြိုင်ရာ တတိယဆုဆွတ်ခူးရရှိခဲ့သည်။

လှိုင်မင်းထက်သည် ပြိုင်ပွဲပထမနေ့တွင် ၇၅ ချက်၊ ဒုတိယနေ့တွင် ၇၃ ချက်၊ တတိယနေ့တွင် ၇၃ ချက်၊ စတုတ္ထနေ့တွင် ၇၁ ချက်ဖြင့် လေးရက်ပေါင်း စုစုပေါင်း ရိုက်ချက် ၂၉၂ ချက်ဖြင့် တတိယဆုရရှိခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် Tunyapat Sukkoed (ထိုင်း) က ပထမ၊ Nguyen Anh Minh (ဗီယက်နမ်) က ဒုတိယဆု ရရှိခဲ့ကြသည်။ ယင်းပြိုင်ပွဲတွင် ကစားသမား ၉၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ လှိုင်မင်းထက်သည် ယခုပြိုင်ပွဲ၏ ပြိုင်ပွဲအကြိုလေ့ကျင့်ရက်တွင် ကျင်းအမှတ် ၁၃ ၌ တစ်ချက်တည်းကျင်းဝင်ခဲ့ကြောင်း သိရသည်။

သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MGF

# မြောင်းမြမြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌဖလား ကျောင်းပေါင်းစုံ အသက် (၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

မြောင်းမြ ဇူလိုင် ၂၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌဖလား အသက်(၁၆)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် ပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ယနေ့မွန်းလွဲ ၁ နာရီမှစ၍ အုပ်စုပတ်လည် နောက်ဆုံးပွဲစဉ်နှစ်ပွဲကို မြောင်းမြမြို့မအားကစားကွင်း၌ ကျင်းပသည်။



**ပထမပွဲစဉ်**

ယနေ့ပြိုင်ပွဲ ပထမပွဲစဉ်တွင် အလက (၁) မှ အထက(၅)ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲစဉ်တွင် အထက (၃)နှင့် အထက(သိလ္လာ)တို့ ဆက်လက်ယှဉ်ပြိုင်ကစားရာ အထက (သိလ္လာ)က နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဒုတိယ အကြိုဗိုလ်လုပွဲစဉ်ကို ဇူလိုင် ၂၆ ရက်မှ ၂၉ ရက်အထိ တစ်နေ့ ပွဲစဉ်တစ်ပွဲဖြင့် လည်းကောင်း ကျင်းပမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲကို ဇူလိုင် ၃၁ ရက်နှင့် ဩဂုတ် ၁ ရက် တို့တွင်လည်းကောင်း၊ ဗိုလ်လုပွဲစဉ်နှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၄ ရက်တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ပခုက္ကူစာပေဆုရ စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ ကဗျာပေါင်းချုပ် ပထမဆုရရှိသည့် စာရေးဆရာ ကိုလေးပြည့်၏ "အမေကဗျာဆရာမနှင့် အခြားကဗျာများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာပုဒ်ရေ ၇၀ ပါရှိပြီး လေးလုံးစပ်၊ ရှစ်လုံးဖွဲ့ လေးဆစ်ချိုး၊ လေးချိုး၊ တျာချင်း၊ နှယ်သာကီသံဖြတ် စသည်ဖြင့် ကဗျာဖွဲ့နည်းစုံလင်စွာ ပါရှိသည့်အပြင် အကြောင်းအရာမှာလည်း စုံလင်ရှုမျှသာမက တင်ပြပုံများလည်း ဆန်းသစ်သည်။ မိဘကျေးဇူး၊ ဆရာကျေးဇူးများကို ဖွဲ့ဆိုသကဲ့သို့ တိုင်းချစ် ပြည်ချစ် မျိုးချစ်စိတ်ကိုလည်း ဖွဲ့ဆိုသီကုံးထားပြီး စိတ်ခွန်အားပေးသော ကဗျာများ၊ နှလုံးသားအာဟာရကဗျာများ၊ ကျေးလက်အလှကဗျာများ၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ကဗျာများ စသည်တို့ကိုလည်း ရေးသားဖွဲ့ဆိုထားသော ကဗျာစာအုပ်ကောင်း တစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၁၅၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၀၄၄၈၊ အမှတ်(တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၄၀၃ ၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း- ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၀၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

## Facebook ပေါ်မှ ကျွန်တော်၏ စာစုများ စာအုပ်ထွက်ရှိ




စာရေးဆရာ ဦးထွန်းအေး ရေးသားပြုစုထားသည့် Facebook ပေါ်မှ ကျွန်တော်၏ စာစုများ စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် မဟာဗောဓိမြိုင်ဆရာတော်အား စတင်ဖူးမြော်ခွင့်ရခြင်း၊ ဆရာတော်၏ ကျိုက်လတ်ခရီးစဉ်၊ ရဟန်းဆိုတာ ပြည်သူပိုင် သိမ်းခံရတဲ့ဘဝ စသည့်စာစုများ၊ ကျွန်တော်နှင့် အလွဲများစာစုများတွင် ကိုအုန်းပုဆိုး ဘယ်ရောက်၊ ထီပေါက်တဲ့ သာအေး၊ သတို့သမီးအလွဲ စာစုများအပြင် မိဘတွေရဲ့ဝဋ်ပြန်လည်နေပါပြီ၊ မိဘကျေးဇူးအထူးသိသူများ စသည့် ခုမှရတဲ့နောင်တဟူ၍ အပိုင်းသုံးပိုင်းခွဲ၍ စုစည်းရေးသားထားသည်။

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ကြီးအပေါ် ကြည်ညိုစိတ်တိုးပွားလာစေရန်၊ ကျွန်တော်နှင့်အလွဲများကို ဖတ်ရှုခြင်းဖြင့် ဟာဒယနှလုံးရွှင်ပြုံးဝမ်းသာရယ်မောနိုင်စေရန်၊ မိဘကျေးဇူးကို အထူးသိမြင်လာစေပြီး နောင်တရမှုမကြုံတွေ့မဖြစ်ပေါ်စေရေးတို့အတွက် စာရေးသူက ရည်ရွယ်ထုတ်ဝေထားသည်။

စာအုပ်ကို အမှတ် ၅၈/၆၀ ပထမထပ် မဟာဗန္ဓုလပန်းခြံလမ်း(အောက်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၉-၂၅၁၀၃၁၄၀၄ နှင့် ၀၉-၂၅၀၃၇၅၅၇၂ တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။










## စာပေဗိမာန်စာမူဆုရ စာအုပ်များ ဖြန့်ချိရောင်းချ

**ကဗျာကောက်သင်းကောက်(ဒုတိယတွဲ)**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာရေးဆရာ သူရဇော်၏ "ကဗျာကောက်သင်းကောက်" (ဒုတိယတွဲ) စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ကဗျာရှင်၏ ကဗျာရေးသက်နှစ် ၆၀ အတွင်း ရေးဖွဲ့သီကုံးထားခဲ့သော ကဗျာလေးများကို စုစည်း၍ အသက်(၈၀)ပြည့် အထိမ်းအမှတ်အဖြစ် ထုတ်ဝေထားသည့် အဆိုပါစာအုပ်တွင် ကဗျာပုဒ်ရေ ၁၉၀ ပါဝင်သည်။

ယင်းကဗျာများတွင် ထူးခြားစွာလေးချိုးကဗျာဖွဲ့ထားသည့် "ရွှေစည်းခုံစေတီတော် အပြင်အံ့ကိုးပါး" ကဗျာ၊ ပုံသဏ္ဌာန်ဆန်းသစ် တီထွင်ရေးဖွဲ့ထားသော "ဆန္ဒွင်းမကင်းမုန့်ပုံ"လင်္ကာစပ်ကဗျာ၊ ဂုဏ်ပြုပူဇော်ရေးဖွဲ့ထားသော တေးထပ်ကဗျာများ၊ အချစ်ကဗျာများ၊ ခရီးစဉ်အစအဆုံးကို ထင်ထင်ရှားရှားမြင်ရသည့် ခရီးသွားကဗျာများ၊ ကျေးလက်မြန်မာမှုတောဓလေ့ကဗျာများ၊ ပတ်ဝန်းကျင်တွင် ကြုံတွေ့၊ မြင်တွေ့ရသည့် အဖြစ်အပျက်များကို အခြေခံပြီး ရေးဖွဲ့ထားသည့် ကဗျာများအပြင် မင်္ဂလာတေးထပ်ကဗျာများ ပါဝင်သည်။ ကဗျာများကို ရှစ်လုံးဖွဲ့၊ ရတု၊ တေးထပ်၊ လေးချိုး၊ ဒွေးချိုး၊ ဒွေးချိုးတွဲ၊ လေးချိုးတွဲ၊ အချိုးတွဲ စသည့် စပ်လုံးမျိုးစုံဖြင့် ကဗျာဆရာက အနုပညာရသမြောက်စွာ ခံစားသီကုံးရေးဖွဲ့ထားပေသည်။ ကဗျာကိုတန်ဖိုးထားချစ်မြတ်နိုးသူ စာဖတ်ပရိသတ်များအတွက် လက်မလွှတ်သင့်သည့် ကဗျာစာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

**မိုးယံထက်က အလှပန်းများနှင့် အခြားဝတ္ထုတိုများ**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသည့်စာရေးဆရာမင်းလပြည့်(ဟားခါး)၏ "မိုးယံထက်ကအလှပန်းများနှင့် အခြားဝတ္ထုတိုများ"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဆူး၊ တစ်မိုးအောက်မှာ နှင်းမှုန်ကြားက ကျမျက်ရည် စသည့် ဝတ္ထုတို ၁၄ ပုဒ် ပါရှိပြီး ချင်းတိုင်းရင်းသားလူမျိုးတို့၏ ယဉ်ကျေးမှုရိုးရာဓလေ့များ၊ ရိုးရာပွဲတော်များဖြစ်ကြသည့် "ကျားအောင်ပွဲ"၊ "ပိုက်(နပန်းလုံးပြိုင်ပွဲ)"၊ "သားရေထိုးပွဲ"များ၏ နှစ်သက်မြတ်နိုးဖွယ် စည်းလုံးညီညွတ်မှုများ၊ ထိုချင်းမျိုးနွယ်စု၏ ပါးရဲထိုး(ပန်းမျက်နှာ)အလှ အလေ့အထများ၊ ခွန်အားကြီးမားကြံ့ခိုင်ပြီး ရန်သူကို အရှုံးမပေးတတ်သည့် နွားနောက်ကို ပမာပြုကာ ရာလ်လုမ်ခံတပ်ကြီး တည်ဆောက်ပြီး အသက်၊ သွေးချွေးများကို စတေး၍ နယ်ချဲ့တို့ကို ရှုပ်ရှုပ်ချုံချုံ တိုက်ထုတ်ခဲ့ကြပုံများ၊ ဇာတိသွေး၊ ဇာတိမာန်ထက်သန်ပုံများအပြင် မိရိုးဖလာရိုးရာယဉ်ကျေးမှုများကို သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်သွားကြရန်၊ သစ်တောနှင့် သစ်ပင်များကို ချစ်ခင်သွားကြရန်၊ အောက်ချင်းငှက်ကဲ့သို့ သစ္စာရှိ မေတ္တာထားကြရန် ညွှန်းဆိုခြင်းများကို ဝတ္ထုတိုတစ်ပုဒ်ချင်းတွင် ရသပါပါရေးဖွဲ့ထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**နာပေါင်းကုဋေ ဆရာ့မြေဝယ်**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု စာပဒေသာ တတိယဆုရရှိသည့် စာရေးဆရာမ နန္ဒာခင်(သက္ကလမြေ)၏ "နာပေါင်းကုဋေ ဆရာ့မြေဝယ်"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မရိုးနိုင်သော အာစရိယ ဆရာလောက၏ ကြုံတွေ့ရသော ဘဝအထိုထို အတွေ့အကြုံများကို သရုပ်ဖော်ထားသည်။ ဆရာ့လုပ်ငန်းအခန်းခန်းအထွေထွေဟု ဆိုသည့်အတိုင်း ပညာသင်ကြားရေးအလုပ် သာမက အထွေထွေ ဖြေရှင်းဆောင်ရွက်ရသည့် စေတနာ၊ အနစ်နာ၊ အကြင်နာ စသည့် နာပေါင်းကုဋေ ထွေပြားသော ဆရာ့ဘဝကို ကိုယ်တွေ့သုတအမြင်ဖြင့် ရေးသားထားသည်။ ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် ကျောင်းဆရာမဘဝ ဆွဲခန့်ဆရာအဖြစ်မှ သက်ပြည့်အငြိမ်းစားယူသည်အထိ ပညာရေးနယ်ပယ်၌ စာရေးသူကိုယ်တိုင် ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများကို ရေးဖွဲ့ထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါ စာအုပ်များကို တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် အမှတ် ၅၂၉- ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၀၄၄၈၊ အမှတ်(တ- ၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း- ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၀၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဆရာကြီးမောင်ထင် ဘာသာပြန်ဆိုသည့် "ဂါလီဗာ၏ခရီးစဉ်" စာအုပ် ထုတ်ဝေဖြန့်ချိ




၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် ဆရာကြီး ဦးထင်ဖတ်(မောင်ထင်) (၁၉၀၉-၂၀၀၆) ဘာသာပြန်ဆိုသည့် "ဂါလီဗာ၏ခရီးစဉ်" စာအုပ်ကို စာပေဗိမာန်က ပြန်လည်ထုတ်ဝေလိုက်သည်။ ယင်းစာအုပ်သည် ၁၉၈၁ ခုနှစ်အတွက် အမျိုးသားစာပေဆု(ဘာသာပြန်-ရသ)ရရှိခဲ့သော စာအုပ်ဖြစ်သည်။

မူရင်းစာအုပ်မှာ အင်္ဂလိပ်ဂန္ထဝင် စာရေးဆရာကြီး ဂျော်နသန်ဆွစ်(Jonathan Swift) (၁၆၆၇-၁၇၄၅) ရေးသားသည့် "Gulliver's Travels" စာအုပ်ဖြစ်ပြီး ၁၇၂၆ ခုနှစ်၌ ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်မှာ ကမ္ဘာ့ဂန္ထဝင်စာအုပ်အဖြစ် ထင်ရှားပြီး ရုပ်ရှင်အဖြစ်လည်း ကျော်ကြားခဲ့သည်။ စာရေးသူ ဂျော်နသန်ဆွစ်သည် အင်္ဂလိပ်စာပေရှိ လောကသရော်စာအဖွဲ့တွင် အလွန်ပြောင်မြောက်သော စာရေးဆရာဖြစ်သည်။

"ဂါလီဗာ၏ခရီးစဉ်" စာအုပ်သည် နယ်ချဲ့အင်အားကောင်းစပြုလာသော ၁၈ ရာစုခေတ်ဦး၌တွေ့ရသည့် အင်္ဂလန်နိုင်ငံ လူ့အဖွဲ့အစည်းကို ကျောရိုးပြုလျက် လှောင်ပြောင်သရော် ရေးသားထားသည့် စာအုပ်ဖြစ်သည်။ စာအုပ်တွင် အပိုင်းလေးပိုင်းပါဝင်ပြီး ခွဲစိတ်ဆရာဝန်၊ သင်္ဘောကပ္ပတိန်တစ်ဦး၏ စိတ်ကူးဖြင့် ကမ္ဘာကိုလှည့်လည်သော ခရီးစဉ်အကြောင်းကို သရော်စာအရေးအဖွဲ့ဖြင့် ရေးသားထားသည်။

"ဂါလီဗာ၏ခရီးစဉ်"စာအုပ်ကို ပထမအကြိမ်အဖြစ် ၁၉၈၁ ခုနှစ်တွင် စပယ်ဦးစာပေ၊ ဒုတိယအကြိမ်အဖြစ် ၂၀၁၁ ခုနှစ်တွင် ရာပြည့်စာပေတိုက်တို့က ထုတ်ဝေခဲ့ပြီး တတိယအကြိမ်အဖြစ် ၂၀၂၂ ခုနှစ်တွင် စာပေဗိမာန်က ထုတ်ဝေခြင်းဖြစ်သည်။

စာအုပ်တွင် စာမျက်နှာ(၃၅၈)မျက်နှာပါဝင်ပြီး တန်ဖိုး ငွေကျပ် ၃၅၀၀ ဖြင့် ရန်ကုန်မြို့ အမှတ် ၅၂၉- ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း- ၀၂-၄၀၃၀၁၈၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

## စာအုပ်စာပေ လူ့မိတ်ဆွေ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၂-၇-၂၀၂၂ ရက်နေ့မှအဆက်

သည်နေရာတွင် တရားသူကြီးသည် စီရင်ချက် ဖတ်ပြခြင်းမှ ခေတ္တနားလိုက်သည်။ ခေတ္တရပ်ဆိုင်းလိုက်သည်။

ရုံးခန်းအတွင်း လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ တီးတိုးစကားပြောသံများ ပေါ်လာသည်။ တစ်စထက်တစ်စ ဆူညံလှုပ်ရှားလာသည်။

အသံဗလံများကြောင့် ဒေါ်ရေနံ့သာခင်ခင်ကြီး လူအများဆီသို့ သမင်လည်ပြန်ကြည့်မိပြန်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် လူတို့၏ဗဟိဒ္ဓ သဏ္ဌာန် အလုံးစုံကို မြင်တွေ့မိသည်မထင်၊ ကိုယ်အင်္ဂါအစိတ်အပိုင်းတိုင်းကို မတွေ့။ သူ မြင်တွေ့မိသည်မှာ လူတို့၏ မျက်လုံးများသာဖြစ်သည်။ ဝိုင်းစက်သော၊ ပြူးကျယ်သော၊ တောက်ပသော မျက်ဝန်းများကိုချည်း မြင်တွေ့ရသည်ဟု ထင်သည်။ ၎င်းတို့သည် မိမိ၏ ကိုယ်ပေါ်မှာချည်း ကျရောက်နေသည်။ မိမိအအပါးမှာချည်း ဝန်းရံနေသည်။ မိမိမျက်နှာမှ အခြားသို့ ဖယ်မသွားကြဟု ထင်သေးသည်။

မျက်ဝန်းများက မတည်ငြိမ်ဘဲ လှုပ်ရှားနေသည် ဖြစ်ရာ အဆင့်ဆင့် ပွားပွားသွားသလို ရှိသည်။ ရာမှ ထောင်၊ ထောင်မှသောင်း၊ သောင်းမှသည် သိန်းသန်း၊ သိန်းသန်းမှသည် အကုဋေကုဋာ၊ အသင်္ချေ အသင်္ချာ။

သည်မျက်ဝန်းတွေအထဲမှာ မိမိအပေါ် နာလိုနှစ်သက်နိုင်ခြင်း၊ သနားကရုဏာရှိနိုင်ခြင်း အရိပ်အယောင်ကို သယ်ယူဆောင်ကြဉ်းထားသော မျက်ဝန်း အဘယ်မျှပါနိုင်မည်မသိ။ သို့နှင့်အမျှ မလိုမုန်းထားခြင်း၊ ရွံရှာစက်ဆုပ်ခြင်းကို သယ်ပိုးထားသောမျက်ဝန်း အဘယ်မျှပါဝင်နေမည်ကိုလည်း မတွေးတတ်နိုင်။

မည်သို့ဆိုစေ ဒေါ်ရေနံ့သာခင်ခင်ကြီးသည် အကြည့်အားလုံးမှ ရှောင်လွှဲချင်သည်။ မျက်ဝန်းတွေအကြားမှ ထွက်ပြေးချင်သည်။ အို အရာအားလုံးကို နောက်တွင် စွန့်ပစ်ချန်လှပ်ထားခဲ့ချင်ပါသည်။ ဖြစ်နိုင်မည်ဆိုလျှင် ကမ္ဘာ့အပြင်သို့ ထွက်ပြေးချင်သည်။ စကြဝဠာတံတိုင်းအပြင်သို့ပဲ ရောက်ရောက် အဆုံးအစမရှိသော လေဟာပြင်မှာပဲ မြောမြော။

တရားသူကြီးချောင်းဟန့်သည်။ ယင်းအသံသည် လှုပ်ရှားဆူညံနေသမျှကို ငြိမ်သက်သွားစေပြန်သည်။ တိတ်ဆိတ်ခြင်းကို ပြန်လည်ကြီးစိုးခဲ့စေပြန်သည်။

"သို့ရာတွင်"

တရားသူကြီး၏ ပြတ်ပြတ်တောက်တောက်နိုင်သော တစ်လုံးတည်းသောစကားသည် ရုံးခန်းနံရံများနှင့် ပွဲ့တင်ရိုက်သွားသည်။

ယင်း "သို့ရာတွင်" သည်လူတကာတို့၏ စိတ်အာရုံကို ဆွဲဆောင်လိုက်သည်။ ရင်မှာမတင်မကျရှိစေပြန်သည်။ မစပ်တင့် ခံစားရစေပြန်သည်။

"သို့ရာတွင်" တရားသူကြီးသည် ယင်းစကားလုံးကို ထပ်၍ဆိုသည်။ ပြီးမှ စီရင်ချက်ကို ဆက်ဖတ်သည်။ "အမှုသွားအမှုလာ၊ သက်သေအသီးသီးတို့၏ ထွက်ဆိုချက်၊ အခင်းဖြစ်စဉ်က အခြေအနေအရပ်ရပ်တို့ကို တစ်ဖန် ဆန်းစစ်ဝေဖန်သည်ရှိသော် အောက်ပါအချက်အလက်များကို စဉ်းစားဖွယ်ရာအဖြစ် တွေ့ရှိလာရပေသည်။ တရားခံဟုယူဆရသူ ရေနံ့သာခင်ခင်ကြီးသည် သေဆုံးသူအပေါ် ကောက်ကျစ်စဉ်းလဲသောမနသိဖြင့် ကြံတင်ကြံစည် လုပ်ကြံရန် အားထုတ်ကြိုးပမ်းမှု တစ်စုံတစ်ရာကို တရားလိုသည်လည်းကောင်း၊ တရားလိုပြသက်သေတို့သည်လည်းကောင်း၊ ထုတ်ဖော်တင်ပြထားခြင်း မရှိပေ။ ယင်းအချက်ကို ထုတ်ဖော်ရည်ညွှန်းခြင်း မတွေ့ခဲ့ရပေ။ ကြံတင်ကြံစည်ခြင်း၊ ပြင်ဆင်ခြင်းသည် အမှုကို များစွာလေးနက်ခြင်း ရှိစေသည်ပင်။ ပြီးလျှင် ရေနံ့သာခင်ခင်ကြီးသည် သေဆုံးသူထံ သွားရောက်ရာ၌ တစ်ကိုယ်တည်း၊ အထီးတည်းဖြစ်သည်။ ပူးပေါင်းလုပ်ကြံရန်အတွက် အခြားအဖော်အပေါင်းမပါရှိ။

"အရေးကြီးသော အချက်တစ်ရပ် ရှိသေးသည်။ ၎င်းမှာ အကယ်၍ ရေနံ့သာခင်ခင်ကြီးအား လူသတ်သမားဟု ယူဆခဲ့ပါလျှင် အသုံးပြုသောလက်နက်သည် လူကို သေစေနိုင်သည်ဖြစ်သော်လည်း ယင်းလက်နက်ဖြင့် အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့ခြင်း မရှိသည်ကို စဉ်းစားရမည်။ တစ်တောင့်တည်းသော ကျည်ဆန်ကို အသုံးပြုလျက်၊ တစ်ချက်တည်းသာ ပစ်ခတ်ခဲ့ကြောင်း တွေ့ရသည်။ အချက်ပေါင်းမြောက်မြားစွာဖြင့် မသေမချင်းပစ်ခတ်ခဲ့ခြင်းလောက် ရက်စက်ရာကျမနေပေ။ ပြီးလျှင် အသတ်ခံရသူ၏ ပင်ကိုအခြေအနေမှာ လွန်စွာအားနည်းလျက်ရှိကြောင်း တွေ့ရသည်။ ထိုသူသည် အဆုတ်နာဝေဒနာကို ခံစားလျက်ရှိခဲ့သည်။ တစ်ဖက်တည်းသော အဆုတ်ဖြင့် လူ့ဘဝ၌ ရပ်တည်နေရသူဖြစ်ကြောင်း ဆရာဝန်၏ ဆေးစာ၌ ဖော်ပြပါရှိသည်"

လူတို့၏အသံသည် ပြန်လည်ပေါ်ပေါက်လာရပြန်သည်။ ခေါင်းချင်းရိုက်ကာ တီးတိုးဆိုကြပြန်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏အကြည့် လူတို့ထံ ကျရောက်သွားပြန်သည်။

"တရားသူကြီးသည် သူ၏စကားကို လူတို့ ပိုမိုလေးနက်ခြင်းရှိစေလိုဟန်ဖြင့် အသံကိုမြှင့်၍ ခပ်ကျယ်ကျယ်ဖတ်လိုက်သည်။
"ကျွန်ုပ်၏မျက်မှောက်၌ လူသတ်တရားခံအဖြစ် စွဲချက်တင်ခြင်းခံနေရသော ရေနံ့သာခင်ခင်ကြီးအား ယင်းအမှုမှ တရားသေလွှတ်ရန် ကျွန်ုပ် စီရင်ချက် ချမှတ်လိုက်သည်" အစသော် ရုံးခန်းတစ်ခုလုံး အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်သွားသည်။ သည့်နောက်တွင်မူ ဝမ်းသာအားရ ဟစ်အော်လိုက်သံ၊ ပျော်ရွှင်မြူးထူးစွာ မြည်ကြွေးလိုက်သံတို့ဖြင့် ရုံးခန်းမှာ အုန်းအုန်းကျွက်ကျွက် ဖြစ်သွားသည်။ ဆူဆူညံညံ . . ."

ကိုကို၊ မမဝင်းရီနှင့် ဗိုလ်မှူးညိုထွန်းတို့၏ မျက်နှာ၌ သွေးရောင် ပြန်လည်လွှမ်းတက်လာသည်ကို မြင်ရပြီ။ မျက်ဝန်းများမှာ မျှော်လင့်ချက်ဖြင့် တောက်ပလာကြောင်း တွေ့ရပြီ။

"အရေးကြီးဆုံးသော၊ အဓိကအကျဆုံးသော အချက်ကို ဆိုပါမည်။ အမှုတစ်မှု၊ အထူးသဖြင့် လူသတ်မှုတွင် မျက်မြင်သက်သေသည် အထူးတလည်အရေးကြီးသည်။ အမှုအား လေးနက်စေခြင်း၊ ပေါ့လျော့စေခြင်းတို့ကို ဖန်တီးစေနိုင်သည်။ ယခုအမှုတွင် ရေနံ့သာခင်ခင်ကြီးကိုယ်၌က မိမိ လူသတ်မိပါသည်။ တရားလိုက လူသတ်သမားမှာ ရေနံ့သာခင်ခင်ကြီးဖြစ်ပါသည်။ လူသတ်ရာတွင် အသုံးပြုသော ဝတ္ထုပစ္စည်းများကို ကျွန်ုပ်မျက်မှောက်၌ တင်ပြနိုင်သည်မည်ကာမတ္တမျှဖြင့် ကျွန်ုပ်တို့ ၎င်းအား လူသတ်သမား၊ တရားခံဟု မှတ်ယူနိုင်ကြမည် မထင်ပေ။ အကြောင်းမှာ အဓိကကျသော၊ ပဓာနကျသော မျက်မြင်သက်သေကို တရားလိုသည်လည်းကောင်း၊ တရားလိုအကျိုးဆောင် ပညာရှိဝတ်လုံတော်ရမင်းသည်လည်းကောင်း တင်ပြနိုင်ခြင်းမရှိခဲ့၍ ဖြစ်ပေသည်။ တရားလိုပြသက်သေအမှတ်တစ် မခင်သန်းနွဲ့၏ ထွက်ဆိုချက်များ၌ ရေနံ့သာခင်ခင်ကြီးကို သေဆုံးသူ၏အိမ်၌ တွေ့ရှိရသည်။ သို့မဟုတ် ရေနံ့သာခင်ခင်ကြီးဟု တပ်အပ်သေချာပြောနိုင်သော အရိပ်အယောင်ကို မြင်ရသည်ဟု မပါရှိပေ။ ရေနံ့သာခင်ခင်ကြီးက တရားခံအားသေနတ်နှင့်ပစ်ခဲ့သည်ကို မြင်တွေ့ရပါသည်ဟု မခင်သန်းနွဲ့၏ အပမှဖြစ်သော အခြားတစ်စုံတစ်ဦးကမှလည်း သက်သေခံနိုင် ခြင်း မရှိပေ"

ရုံးခန်း၌အသံတို့သည်ပိုမိုကျယ်လောင်လာသည်။ ဆူညံလာသည်။ တစ်ခါတစ်ရံ တရားသူကြီး၏ အသံကိုပင် ဖုံးလွှမ်းလာမတတ်ရှိသည်။

တရားသူကြီးသည် ဤသည်ကို ဂရုမထားဘဲ စီရင်ချက်ကိုဆက်၍ဖတ်သည်။

"ထို့ကြောင့် ယခု ရုံးတော်၌ရောက်ရှိကာ အစစ်ဆေးခံနေရသော ရေနံ့သာခင်ခင်ကြီးအား လူသတ်တရားခံဟု ကြောင်းကျိုးယုတ္တိခိုင်လုံစွာ ယူဆနိုင်ရန် ကျွန်ုပ်၌ သံသယများစွာ ရှိနေပေသည်။ ယင်းသံသယ၏ အကျိုးကျေးဇူးကို ရေနံ့သာခင်ခင်ကြီးတွင် ခံစားနိုင်ခွင့်ရှိသည်။ ခံစားထိုက်သည်ဟုလည်း ရုံးတော်မှ ယူဆသည်။ ပြီးလျှင် ရေနံ့သာခင်ခင်ကြီးသည် မိန်းမသားတစ်ယောက်ဖြစ်သည်နှင့်အညီ တရားခံ၏အကျိုးဆောင်ပညာရှိ ဝတ်လုံတော်ရမင်းတင်ပြသကဲ့သို့၊ မိမိကိုယ်၊ မိမိသိက္ခာ၊ မိမိအရှက်ကို ခုခံကာကွယ်ခြင်း၊ မိမိကိုယ်ကို ခုခံကာကွယ်ခြင်း အနေအထားသို့ သက်ဝင်ရောက်ရှိနိုင်ခြင်းများကိုလည်း ကျွန်ုပ်သဘောပေါက်သည်။ ၎င်းသည် တရားခံအဖြစ် စတင်ဖမ်းဆီးခြင်းခံရသည်မှ ယခုအချိန်အထိ သုံးနှစ်နီးပါး အကျဉ်းအချုပ် ခံစားခဲ့ရသည်ကိုလည်း စာနာဖွယ်အဖြစ် ကျွန်ုပ်မြင်တွေ့ရသည်။ ထို့ကြောင့်"

သည်နေရာတွင် တရားသူကြီးသည် သူ၏စကားကို လူတို့ ပိုမိုလေးနက်ခြင်းရှိစေလိုဟန်ဖြင့် အသံကိုမြှင့်၍ ခပ်ကျယ်ကျယ်ဖတ်လိုက်သည်။

"ကျွန်ုပ်၏မျက်မှောက်၌ လူသတ်တရားခံအဖြစ် စွဲချက်တင်ခြင်းခံနေရသော ရေနံ့သာခင်ခင်ကြီးအား ယင်းအမှုမှ တရားသေလွှတ်ရန် ကျွန်ုပ် စီရင်ချက် ချမှတ်လိုက်သည်"

x x x x x

[၃]

အစသော် ရုံးခန်းတစ်ခုလုံး အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်သွားသည်။ ငြိမ်သက်သွားသည်။ လူတို့ တစ်ဒင်္ဂမျှ ကြက်သေသေနေမိသလိုရှိသည်။

သည့်နောက်တွင်မူ

ဝမ်းသာအားရ ဟစ်အော်လိုက်သံ၊ ပျော်ရွှင်မြူးထူးစွာ မြည်ကြွေးလိုက်သံတို့ဖြင့် ရုံးခန်းမှာ အုန်းအုန်းကျွက်ကျွက်ဖြစ်သွားသည်။ ဆူဆူညံညံဖြစ်သွားသည်။

အရယ်တွေ၊ အပြုံးတွေ၊ အရွှင်တွေ၊ အမြူးတွေကိုချည်း တွေ့ရသည်။ လူတကာ၏မျက်နှာမှာ အပြုံးပန်းတွေ ဝေဝေဆာဆာပွင့်နေသည်ကို မြင်ရသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် အရာအားလုံးကို ငေးစိုက်ကြည့်နေသည်။ မလှုပ်မယှက်နှင့် ငူငူငိုင်ငိုင်ကြီး စိုက်ကြည့်နေခြင်းဖြစ်သည်။ ယခုမှပင် အိပ်ရာမှနိုးလာရသလို ရှိသည်။

တရားသူကြီး၏အသံကို မကြားရတော့ပြီဖြစ်ကြောင်း သိသည်။ မိမိနှင့်ပတ်သက်၍ အမိန့်တစ်စုံတစ်ရာ ချမှတ်ပြီးသွားခဲ့ပြီကို သိသည်။ သို့ပေမဲ့ ဒေါ်ရေနံ့သာခင်ခင်ကြီးမှာ တရားသူကြီး၏စကားတို့ကို အလုံးစုံ နားလည်မိသည်မထင်။ ပြတ်ပြတ်သားသား ကြားရသည်ဟု မထင်မှတ်။

လူတို့ ရုတ်တရက် ပြုံးရွှင်မြူးပျော်နေသည်ကို မြင်ရသည့်အတွက် စိတ်မှာထူးခြားသလို ခံစားရသည်။ ဆန်းကြယ်သလို ရှိသည်။ လူတို့ ရူးသွပ်သွားကြလေပြီလား ထင်သည်။

သူ့အပါးသို့ အလျင်ရောက်လာသူမှာ မမဝင်းရီ။

ဒေါ်ဝင်းရီသည် သူ့ကို ထွေးပိုက်သည်။ တင်းကျပ်စွာ ဖက်တွယ်သည်။ မျက်နှာတွင် မျက်ရည်များ ရွှဲနစ်နေသည်။ သို့စင်လျက် ပြုံးရွှင်ရယ်မောနေသည်။ စကားအချို့တို့ကို တုန်တုန်လှုပ်လှုပ် ပြောနေသည်။ သူသည် ဘာတွေပြောနေသည်ကို ဒေါ်ရေနံ့သာခင်ခင်ကြီးမသိ။ မကြားရ။

နောက်တော့ ကိုကို၊ ဗိုလ်မှူးညိုထွန်း၊ နန်းကိန္နရီ၊ မျိုးထွန်းသိန်း၊ ၎င်းတို့အားလုံး မိမိအပါးသို့ ရောက်လာကြသည်။ ပြီးလျှင် မိတ်ဆွေအများအပြား။ လူတို့မိမိအပါး၌ စုပြုံဝိုင်းအုံနေကြသည်။ အပြုံးတွေ၊ အပြုံးတွေ။ မျက်ရည်လည်ရွဲနှင့် ပြုံးနေသူတွေကို တွေ့ရသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် အားလုံးကိုပင် နားမလည်နိုင်သလို ကြည့်နေမိသည်။ သူသည် တရားသူကြီးထံ လှမ်းကြည့်သည်။ တရားသူကြီးမင်းသည် သူ၏တာဝန်ဝတ္တရား သည်မှာတွင်ပင် ပြီးဆုံးခဲ့ပြီဟု ယုံကြည်ထင်မှတ်ဟန်ရှိသည်။ စိတ်လက်ပေါ့ပါးစွာဖြင့် ထိုင်ရာမှထသည်။

ရှေ့ဘက်စာရေးက ရုံးမင်း နေ့လယ်စာသုံးဆောင်ချိန်ဖြစ်ကြောင်း ကြေညာသည်။

သည်မှာတွင်ပင် ဒေါ်ရေနံ့သာခင်ခင်ကြီးသည် တရားသူကြီးထံ လှမ်းမေးသည်။

"ကျွန်မ၊ ကျွန်မကို ဘာအပြစ်မှ မပေးဘူးလား ဟင်"

ဆက်လက်ဖော်ပြပါမည်။

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# မအူပင်မြို့နယ် အလန်းအုပ်ချောင်းသဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

မအူပင် ဇူလိုင် ၂၄

မအူပင်ခရိုင်ငါးလုပ်ငန်းဦးဌာနမှ ကြီးမှူး၍ မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စု အလန်းအုပ်ကျေးရွာ အလန်းအုပ်ချောင်းသဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအား မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်း၊ မအူပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ငါးမျိုးစိုက်ကြီးကြပ်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်း၊ မအူပင်မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဇော်ဝင်းနှင့် မအူပင်မြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမျိုးမင်းလှိုင်နှင့်အဖွဲ့ဝင်များ၊ မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စိုက်ကွင်းတာဝန်ခံ ဦးမျိုးမြင့်၊ မြို့နယ်စီမံကိန်းဦးစီးဌာန မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှူး၊ မလက်တိုကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မအူပင်မြို့နယ် ခရေရေလုပ်သားအစုအဖွဲ့ဥက္ကဋ္ဌ ဦးစံမြင့်နှင့် ရေလုပ်သားအစုအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများပါဝင်၍ အလန်းအုပ်ချောင်းသဘာဝရေပြင်အတွင်းသို့ တလုပ်လှငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီးကောင်ရေ တစ်သိန်း၊ ရွှေဝါငါးကြင်းကောင်ရေ ၅၀၀၀၀၊ ငါးမြစ်ချင်းကောင်ရေ ၁၅၀၀၀၀ စုစုပေါင်းကောင်ရေ သုံးသိန်းအား ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# သာယာဝတီခရိုင်၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP) နည်းပညာပေးသင်တန်းဖွင့်လှစ်

ပဲခူး ဇူလိုင် ၂၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ရေသတ္တဝါများ မွေးမြူထုတ်လုပ်ရာတွင် အစားအစာဘေးအန္တရာယ်ကင်းစင်မှု စံချိန်စံညွှန်းများနှင့်အညီ ပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသော မွေးမြူထုတ်လုပ်မှုကျင့်စဉ်ဖြစ်သော ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် နည်းပညာပေးသင်တန်းကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးတွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်ဝါဝါဝင်းရှိန်က ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်(GAqP)တွင် လိုက်နာရမည့် အခြေခံမှုများဖြစ်သော အစားအစာဘေးဥပဒ်ကင်းစင်ရေး၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေး၊ ငါးကျန်းမာရေးနှင့် ကောင်းမွန်စွာနေထိုင်ရှင်သန်ရေး၊ လူမှုရေးဆိုင်ရာ တာဝန်သိစိတ်ရှိရေး စသည့်အချက်များနှင့် ပတ်သက်၍ ရှင်းလင်းပို့ချခဲ့သည်။ သင်တန်းသို့ ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် ငါးမွေးတောင်သူများနှင့် စိတ်ပါဝင်စားသူများ၊ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❐ ယခုအပြောင်းအရွှေ့မှ

ရောင်းချခဲ့ပြီးနောက် အစားထိုးကစားသမားအဖြစ် တိုက်စစ်မှူး နေမာကို ခေါ်ယူဖို့ စီစဉ်ထားပေမယ့် အင်္ဂလန်ကစားသမားဟောင်း ဆင်ကလဲယားကတော့ စတာလင်ရဲ့နေရာမှာ အစားထိုးဖို့အတွက်ဆိုရင် နေမာကို မခေါ်ယူသင့်ဘူးလို့ မှတ်ချက်ပြုပြောကြားခဲ့ပါတယ်။

တိုက်စစ်မှူး နေမာဟာ ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်းက ဒဏ်ရာပြဿနာနဲ့ ကြုံတွေ့ခဲ့ရတာကြောင့် ပီအက်စ်ဂျီအသင်းနဲ့အတူ ပြင်သစ်ပထမတန်း ပွဲစဉ် ၂၂ ပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်းက ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းက ရီးယဲလ်မက်ဒရစ်အသင်းကို ရှုံးနိမ့်ကာ ပြိုင်ပွဲကနေ ထွက်ခဲ့ရတာကြောင့် တိုက်စစ်မှူးနေမာဟာ သူ့ရဲ့ ပရိသတ်တွေရဲ့ ဝေဖန်မှုတွေကိုလည်း ခံခဲ့ရတာဖြစ်ပါတယ်။

အဲဒီလို ပြီးခဲ့တဲ့ဘောလုံးရာသီက ဒဏ်ရာပြဿနာကြောင့် ရုန်းကန်ခဲ့ရလို့ တိုက်စစ်မှူးနေမာအနေနဲ့ ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာမယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်ခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ ပီအက်စ်ဂျီအသင်းမှာပဲ ဆက်ကစားဖို့ စီစဉ်ထားတာဖြစ်ပါတယ်။

**ငွေကြယ်**

○ ၂၀၂၂ အာဆီယံမှ

အုပ်စု(ခ)ပထမနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် ဗြိတိန်လူမျိုးအသင်း (ဗြိတိန်ဝါ) ... 

အုပ်စု(ခ)ပထမနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် ဩစတြေးလျအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီတွင် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုအနေအထားအရ ဆီမီးဖိုင်နယ်တက်ရောက်ရန် ပွဲတိုင်းအရေးပါနေပြီး ယခုပွဲတွင်လည်း အမှတ်ပြည့်ရယူထားနိုင်ရန် လိုအပ်နေသည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုပြိုင်ပွဲအတွက် ဧပြီနောက်ဆုံးပတ်ကတည်းက စခန်းဝင်လေ့ကျင့်ခဲ့သော်လည်း ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲကစားခဲ့ရခြင်း မရှိပေ။

ထို့ကြောင့် နိုင်ငံတကာအတွေ့အကြုံမရှိသူအများစုပါဝင်သည့် မြန်မာအသင်းအနေဖြင့် အုပ်စုအဖွင့်ပွဲတွင် ရုန်းကန်ရနိုင်ပြီး အခွင့်အရေးများ အသုံးချနိုင်ရန် လိုအပ်နေသည်။ မြန်မာယူ-၁၈ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်လျက်ရှိသည်။

၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲတွင် အသင်းကိုးသင်း ယှဉ်ပြိုင်နေပြီး အုပ်စု(က)တွင် ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ အုပ်စု(ခ)တွင် ဩစတြေးလျ၊ မြန်မာ၊ ဖိလစ်ပိုင်နှင့် မလေးရှားအသင်းတို့ ပါဝင်နေသည်။

**ကိုညီလေး**

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့်သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက်အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာ ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန် များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည့်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

❂ MNL ပြိုင်ပွဲမှ

ဖိအားပေးနိုင်ခဲ့ပြီး လူငယ်တိုက်စစ်မှူး လမင်းထွေးမှာလည်း ယခုရာသီတွင် ပထမဆုံးအဖြစ် တစ်ပွဲတည်း လေးဂိုးသွင်းယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့သော်လည်း ကျော်မင်းဦး၊ ဒေးဗစ်ထန်၊ ရန်နိုင်ဦး၊ ထက်ဖြိုးဝေ စသည့် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ မဟာယူနိုက်တက်အသင်းမှာမူ မျိုးမင်းဖြိုး၊ ကျော်စွာမင်း၊ စိုးမင်းနိုင်တို့ဖြင့် လူစုံခဲ့ပြီး ရန်ကုန်အသင်းကို ရင်ဆိုင်ခဲ့သည်။

ရန်ကုန်အသင်းသည် နိုင်ပွဲပြန်လည်ရရှိရေးအတွက် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း မိနစ် ၃၀ နောက်ပိုင်းမှ ဂိုးစတင်ရရှိခဲ့သည်။ ရန်ကုန်အသင်းအတွက် အဖွင့်ဂိုးကို ၃၃ မိနစ်တွင် ကွင်းလယ်ကစားသမား ဇော်ဝင်းသိန်းက သွင်းယူခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် လူငယ်တိုက်စစ်မှူး လမင်းထွေးက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။

ပထမပိုင်းတွင် နှစ်ဂိုးပြတ်အနိုင်ရနေသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ပိုဖိကစားနိုင်ခဲ့သလို မဟာယူနိုက်တက် ခံစစ်မှာလည်း မိနစ် ၇၀ နောက်ပိုင်း ပြိုဆင်းသွားခဲ့သဖြင့် သုံးဂိုးထပ်မံသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၇၀၊ ၈၉၊ ၉၀+၂ မိနစ်တွင် လမင်းထွေးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ငါးပွဲစီကစားအပြီးတွင် ရန်ကုန်အသင်းက လေးပွဲနိုင်၊ တစ်ပွဲရှုံး၊ ၁၂ မှတ်၊ မဟာယူနိုက်တက်အသင်းက တစ်ပွဲနိုင်၊ လေးပွဲရှုံး၊ သုံးမှတ် ရရှိထားသည်။ ပွဲစဉ် (၅) တတိယနေ့ကို ဇူလိုင် ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရှောဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ- MNL**


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄B)၊ ပုသိမ်ညွန့်ရပ်ကွက်၊ မြို့ပတ်(၅)လမ်း၊ မြေကွက်အမှတ်(၁၉၇)၊ အိမ်အမှတ်(၄၁)၊ မြေကွက်အကျယ်အဝန်း (၂၅'x၅၀')၊ ဧရိယာ (၁၂၅၀) စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးသာဆန်း[၁၂/မဂတ(နိုင်)၀၅၀၉၈၅]ပါ (၄)အမည်များဖြင့် မှတ်သားတည်ရှိသည်။ အမည်ပေါက်များကိုယ်တိုင်မှ မိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဇော[၁၂/မဂတ(နိုင်)၀၀၀၀၄၅]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ် နှင့် မြေရှင်များထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်မူရင်းများကို ကိုင်ဆောင်၍ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့် မြေကွက်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် (LL.B, WIPO , Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၇၇၄)**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃင်္န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ညောင်ဦးဖီးလမ်း၊ မြေကွက်အမှတ်(၆၃၀) ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဦးလွင်ဦး (S.OKA-003247) အမည်ပေါက်မြေချပါမစ်မူရင်း မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် အမည်ပေါက်ထံမှ အဆင့်ဆင့် အရောင်းအဝယ်စာချုပ်ဖြင့် ဒေါ်သီတာအေး [၇/တငန(နိုင်)၁၀၄၆၆၀]မှ တရားဝင်ဝယ်ယူ လက်ဝယ်ပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ကြောင်း အဆိုပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ၎င်းထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်စန္ဒာမော်[၁၂/ဒဂန(နိုင်)၀၂၈၀၉၇]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အထက်ပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအရောင်းအဝယ်ကိစ္စရပ်အား ပြီးဆုံးသည်အထိ ဆက်လက်၍ စာချုပ်ပြုလုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်ဌေး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၁၈၂၂)**
**အမှတ်(၆၂၇)၊ စောခွန်ရစ်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၆၁၈၀၅၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၆၀၅၊ အလျား ၄၀ပေx အနံ ၆၀ပေ အကျယ်အဝန်းရှိ ဗိုလ်မှူးတင့်ဆွေသန့် အမည်ပေါက် ပါမစ်မြေကွက်အတွင်းမှ တရားဝင် မခွဲမစိတ်ရသေးသော (လမ်းမဘက်မျက်နှာမူလျှင်-ဘယ်ဘက်ခြမ်း)၊ အလျား ၂၀ပေxအနံ ၆၀ပေ အကျယ်အဝန်းရှိ မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ တောင်ညိုလမ်း၊ အမှတ်(၆၀၅)၊ အလျား ၂၀ပေx အနံ၆၀ ပေအကျယ်အဝန်းရှိ မြေကွက်အပါအဝင် နေအိမ်အဆောက်အဦတို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင် စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်မာလာ[၁၄/ပသန(နိုင်)၂၇၂၈၈၀] ကိုင်ဆောင်သူထံမှ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အပါအဝင် နေအိမ်အဆောက်အဦအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အထက်ဖော်ပြပါ မြေကွက်အပါအဝင် နေအိမ်အဆောက်အဦတို့၏ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာထွေး**
**အထက်တန်းရှေ့နေ (စဉ်-၅၂၅၇၉)**
**LL.B,D.B.L,D.M.L**
**ဖုန်း-၀၉-၄၂၅၂၉၃၇၇၅**

# ဗိုလ်လောင်းလျှောက်လွှာများ
# အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်အမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၂၂-၆-၂၀၂၂ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၅-၈-၂၀၂၂ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ လျှောက်လွှာပိတ်ရက်မတိုင်မီအချိန်မီပြန်လည် တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၁၄-၃၀၃၃၁၊ ၀၁၄-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၂ခုနှစ် ဇူလိုင်လ ၂၅ ရက်

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊မြို့ပြအင်ဂျင်နီယာဌာနတွင် လစ်လပ်လျက်ရှိသော(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ပုံဆွဲ(၄)ရာထူး (၁၀)နေရာအတွက်အောက်ဖော်ပြပါသတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား (အမျိုးသား)ဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်သည့်(၃၁.၈.၂၀၂၂)ရက်နေ့၌အသက်(၂၅)နှစ် (ဝန်ထမ်းဖြစ်ပါက(၃၀)နှစ်ထက်မကျော်လွန်သူ) ဖြစ်ရမည်။
(ဂ) ETEC(Civil)/THS (Civil )/အခြေခံပညာအထက်တန်းအောင်ရမည်။ လုပ်ငန်းပိုင်းဆိုင်ရာကျွမ်းကျင်မှုရှိရမည်။ Auto CAD တတ်ရမည်။

၂။ ကိုယ်ရေးလျှောက်လွှာတွင်မိဘအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်များကို ပြည့်စုံစွာဖော်ပြပေးခြင်းနှင့်အတူအောက်ပါစာရွက်စာတမ်းများပူးတွဲတင်ပြရမည်-

(က) တစ်လအတွင်းရိုက်ကူးထားသော(၁"X၁.၂၅")အရွယ်ကာလာဓာတ်ပုံ (၃)ပုံ၊ (နောက်ကျောတွင်အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)။
(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ။
(ဂ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် အခြားစက်မှုဘာသာရပ်ဆိုင်ရာသင်ယူတတ်မြောက်ထားကြောင်း အသိအမှတ်ပြုလက်မှတ်အထောက်အထားမိတ္တူများ။
(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်လျှောက်လွှာမတင်မီရက်သတ္တနှစ်ပတ်အတွင်းပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့ထောက်ခံချက်မူရင်းနှင့်နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဌာနအကြီးအကဲ၏ထောက်ခံချက်မူရင်း။

၃။ စာရွက်စာတမ်းမပြည့်စုံသောလျှောက်လွှာများနှင့်သတ်မှတ်ရက်ကျော်လွန်သော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ လျှောက်လွှာတင်ပြခြင်းနှင့်ဖြေဆိုခွင့်ကတ်ပြားထုတ်ယူခြင်းများကို(၂.၉.၂၀၂၂) ရက်နေ့၀၉:၃၀နာရီမှ၁၆:၀၀နာရီအတွင်း မြန်မာ့မီးရထား(ရုံးချုပ်) နေပြည်တော်၊ မြို့ပြအင်ဂျင်နီယာဌာနတွင်ကာယကံရှင်ကိုယ်တိုင်နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)၊ပညာအရည်အချင်းနှင့်ဘာသာရပ်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်အထောက်အထား(မူရင်းများ)နှင့်အတူ လာရောက်၍ ဆက်သွယ်ကြရန်ဖြစ်ပါသည်။

၅။ ရေးဖြေစာမေးပွဲနှင့်လူတွေ့စစ်ဆေးခြင်းတို့အားမြန်မာ့မီးရထား(ရုံးချုပ်)တည်ရှိရာ နေပြည်တော်ဘူတာကြီး၊ပုဗ္ဗသီရိမြို့နယ်၊နေပြည်တော်၌အောက်ပါအစီအစဉ် အတိုင်းကျင်းပပြုလုပ်မည်-

(က) (၅.၉.၂၀၂၂)ရက်နေ့နံနက်၁၀:၀၀နာရီမှ၁၂:၀၀နာရီအထိလက်တွေ့စာမေးပွဲ Auto CADအား ဖြေဆိုခြင်း။
(ခ) (၅.၉.၂၀၂၂)ရက်နေ့(နေ့လယ်ပိုင်း)တွင်လူတွေ့စစ်ဆေးခြင်း။

၆။ ရေးဖြေ/လူတွေ့စစ်ဆေးမှုများပြုလုပ်ပြီးပါက ရွေးချယ်ခံရသူများအားဌာနက တိုက်ရိုက်ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါကြောင်းနှင့်ရွေးချယ်ခံရသူများ သည် ဌာနမှသတ်မှတ်ချက်အတိုင်းရာထူးတိုးမြှင့်ခံစားခွင့်ရှိမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက မြန်မာ့မီးရထား(ရုံးချုပ်)နေပြည်တော်၊တယ်လီဖုန်းနံပါတ်၀၆၇-၇၇၁၇၄/၇၇၁၀၉သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကမ္ဘာ့
အပူချိန်
လျော့ချဖို့
အိုဇုန်း
လွှာ
ကာကွယ်
မှုနဲ့
အတူ
ဆက်လက်
ဆောင်
ရွက်
စို့

### ယာဉ်အမှတ်7E/2175 Light Truck (4x2)(L)ကား ရောင်းချခြင်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်၊ မြရောလမ်း၊ သာကေတမြို့နယ်နေ ဦးမောင်ကြီး[၈/နမန(နိုင်)၀၁၅၁၉၁]မှ ယာဉ်အမှတ် 7E/2175 Light Truck (4x2)(L) ယာဉ်အဖြူရောင်ကို တရားဝင်လက်ရှိ ပိုင်ဆိုင်ပါသည်ဟု ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းအေး [၁၂/သကတ(နိုင်)၀၈၀၁၉၇]ကဝယ်ယူရန် စရန်ငွေအဖြစ်ငွေပေးချေထားပြီး ဖြစ်ပါ၍ ဤကားအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက (၇)ရက် အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးပပလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၇၂)**
**ဖုန်း-၀၉-၄၂၁၀၃၈၇၀၃**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာစာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ရပ်ကွက်အမှတ်(၁၄)၊ ရန်ကုန်လမ်းပေါ်၊ အမှတ်(၆၇၉/၁) (ခြေရင်းခြမ်း)ခေါ် မြေအကျယ်ပေ ၂၀x ပေ ၆၀ ရှိ ဒေါ်မူမူဝင်း အမည်ပေါက် အဆောက်အအုံပါသော ပါမစ်မြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်မ ဒေါ်သဉ္ဇာမြင့် မှတ်ပုံတင်အမှတ်[၁၀/မလမ(နိုင်)၁၈၇၃ ၀၅]ကိုင်ဆောင်သူမှ ပြန်လည်ဝယ်ယူရန်အတွက် မူလအမည်ပေါက်ပိုင်ရှင်ထံမှ တစ်ဆင့်ဝယ်ယူထားပြီး ယခုပြန်လည်ရောင်းချသော ဦးမျိုးဇော် မှတ်ပုံတင်အမှတ် [၁၄/ မအန(နိုင်)၀၅၁၆၇၉]ကိုင်ဆောင်သူအား အဆိုပါအရောင်းအဝယ်ဖြစ်မြောက်ရေးနှင့် ပတ်သက်၍ စရန်ငွေတစ်စိတ်တစ်ပိုင်းအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်း အဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ၊ အခြားပိုင်ဆိုင်မှုတစ်စုံတစ်ရာသက်ဆိုင် သူမည်သူမဆို ကန့်ကွက်လိုပါက ယခုကြေညာ စာထည့်သွင်းဖော်ပြသော နေ့မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ (၇)ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သဉ္ဇာမြင့်**
**[၁၀/မလမ(နိုင်)၁၈၇၃၀၅]**
**အမှတ်(၃၅၀)၊ မဉ္ဇူလမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၅၃၃၁၃**

### ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းတောင်ရပ်ကွက်၊ ဦးဖိုးလမ်း၊ အမှတ်(၂၂) ဟုခေါ်တွင်သော မြေပေါ်တွင် တည်ဆောက်ထားသည့် တိုက်၏ ပထမထပ်(ခြေရင်းခန်း ၃/၄ ၂လွှာ (အလျားပေ ၁၂ ½ xအနံပေ၅၀)အကျယ်အဝန်းရှိသော တိုက်ခန်းအပါအဝင် ယင်း တိုက် ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူ ဦးအောင်ကိုလွင်[၁၀/သထန(နိုင်)၀၇၁၅၃၂]မှ လက်ရှိပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်း ကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ် ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မိမိ[၁၂/စခန(နိုင်)၀၅၂၂၆၄]နှင့် ဦးချမ်းမြေ့ဇေ[၁၂/စခန(နိုင်)၀၈၄၈၂၉]၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိသန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၁၀၃၈)**
**အမှတ်(၂၂)၊ ဦးဖိုးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၅၀၁၄၁၈၉**

### "အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ သုခလမ်း၊ အမှတ်(၃၈/ဘီ)၊ ၄-လွှာ (ခြေရင်းခန်း)၊ အလျား (၂၃)ပေ x အနံ (၄၅)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သော ဦးပြည့်စိုးအောင် [၁၂/သဃက(နိုင်)၀၆၁၇၃၇]မှ ရောင်းချ လိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးလျှန်းလမ့်မန် [၄/တဇန (နိုင်)၀၂၂၅၉၆]မှ အရောင်းအဝယ်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်ထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်လှိုင်သိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၂၂) (၂၆-၃-၂၀၁၄)**
**အမှတ်(၈)၊ K-4၊ (၇)လမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၁၄၃၇၄၁**

### "အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၀/တောင်)၊ ၁၃-ရပ်ကွက်၊ တမာလမ်း၊ အမှတ် (၈၇)၊ စတုတ္ထထပ်၊ ၅-လွှာ၊ အလျား (၁၉)ပေ x အနံ (၅၄)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သော ဒေါ်ဖြူဖြူသင်းဇော် [၁၂/သကတ(နိုင်)၁၈၃၉၆၂]မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြတ်နိုးဦး [၁၂/ဒဂန(နိုင်)၀၃၅၃၄၈]မှ အရောင်းအဝယ်တန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထား မူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်လှိုင်သိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၂၂) (၂၆-၃-၂၀၁၄)**
**အမှတ်(၈)၊ K-4၊ (၇)လမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၅၁၄၃၇၄၁**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ လူနေရပ်ကွက်အမှတ်(၆)၊ မြေတိုင်းရပ်ကွက် အမှတ်-၆/အရှေ့၊ မြေကွက်အမှတ်-၁၁၃၃/B၊ မြေအကျယ် (၄၀'x၆၀') ဧရိယာ (၂၄၀၀) စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်ကို ဦးပြုံးချို(ခ)ဂေါ်ကီသိန်းနှင့် ဒေါ်သန်းဆင့် တို့နှစ်ဦးမှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်ခြင်းရှိကြောင်း ဝန်ခံလျက် လွှဲပြောင်းရောင်းချ ရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်ခမ်းအေး [၁၃/ကမန(နိုင်)၀၂၆၂၇၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ဤသတင်းစာ ကြေညာသည့်နေ့မှ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်လတ် (B.Sc, H.G.P, D.I.L)** | **ဒေါ်ရွှေရီလင်း (LL.B, D.I.L)** |
| **အထက်တန်းရှေ့နေ (စဉ်-၆၃၄၅)** | **အထက်တန်းရှေ့နေ (စဉ်-၄၈၉၁၇)** |

**အမှတ်-၅၆၁၊ အခန်း-၁၀၁/၂၊ ပထမထပ်၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၄)၊ လူနေရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၃၁၄)၊ ဂရန်မြေအမျိုးအစား မြေကွက်၊ အလျား x အနံ (၄၀ပေ x၆၀ပေ)အကျယ်ရှိမြေကွက်ကြီးထဲမှ ထက်ဝက် ဖြစ်သော အလျား x အနံ (၂၀x၆၀)ပေအကျယ်ရှိ မြေကွက်နှင့် ဆောက်လုပ်ထားသည့် အိမ်တစ်ခြမ်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဂရန်အမည်ပေါက်သူ ဦးရဲဒင် (ကွယ်လွန်) သဖြင့် ၎င်း၏ တရားဝင်ဇနီး ဒေါ်ဝင်းကြိုင် [၁၂/ဗဟန(နိုင်)၀၀၄၆၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ကာလပေါက်ဈေးအတိုင်း ဝယ်ယူရန် စရန်ငွေ(၅)သျှိုး (၄)သျှိုးကျော် ပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိလျှင် အရောင်း အဝယ်ကို တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးငွေးလွင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၃၄၀၈)**
**အမှတ်(၆၀၁)၊ (၂၁)ရပ်ကွက်၊ ပေါက်ကံလမ်း၊ ရွှေပေါက်ကံမြို့သစ်၊**
**မြောက်ဥက္ကလာပမြို့နယ်။ Ph:09- 401579081**

### အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ကြီးပွားရေး(တ)၊ မြေကွက်အမှတ်-၂၇၀/က၊ အကျယ်အဝန်း(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကြီးပွားရေး (တ)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၂၇၀/က)ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာန မြို့မြေစာရင်းတွင် ရောင်းသူများ၏ဖခင် ဦးသိန်းအောင်အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ မိဘများ ကွယ်လွန်ပြီးနောက် အမွေဆက်ခံပိုင်ဆိုင်၍ လက်ဝယ် ထားရှိပိုင်ဆိုင်အကျိုးခံစားလျက် ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သော ဦးဇော်မင်းထွန်း[၁၂/သဃက(နိုင်)၀၈၇၉၃၂]၊ ဒေါ်အိခိုင်ညို [၁၂/သဃက(နိုင်)၁၄၃၅၁၄]၊ ဒေါ်မေသူအောင် [၁၂/သဃက(နိုင်)၁၇၈၁၀၆]တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက ဝယ်ယူ ရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်း အဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာဆွေ (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၉၈)**
**တိုက်အမှတ်-၉/၁၁၊ ပထမထပ်၊ အခန်းအမှတ်(၁၀၃ A+B)**
**၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၃၈၉၇၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေး ရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။
- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

ယနေ့ ဖတ်စရာ

### ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ နေပြည်တော်ရှိ အထင်ကရနေရာများ လေ့လာ

စာမျက်နှာ - ၁၀

### စလင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဆရာ ဆရာမများကို ခြိမ်းခြောက်၍ မော်တော်ဆိုင်ကယ်များ လုယက်ယူဆောင်

စာမျက်နှာ - ၁၅

## MNL ပြိုင်ပွဲတွင် ရန်ကုန်အသင်း နိုင်ပွဲပြန်လည်ရရှိ

ရန်ကုန် ဇူလိုင် ၂၄

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) ဒုတိယနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ ရန်ကုန်အသင်းက မဟာယူနိုက်တက်အသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။

ပွဲစဉ် (၄) တွင် ရှော၀တီကို မထင်မှတ်ဘဲ ဂိုးပြတ်အရေးနိမ့်ခဲ့သည့် ရန်ကုန်အသင်းသည် ယခုပွဲတွင် မဟာယူနိုက်တက်ကို ငါးဂိုးပြတ်သွင်းယူပြီး ဂိုးပြတ်နိုင်ပွဲ ပြန်လည်ရယူနိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ဇယားထိပ်ပိုင်းမှအသင်းများကို ဆက်လက်

စာမျက်နှာ ၂၆ ကော်လံ ၅ သို့ ✪



ရန်ကုန်အသင်းနှင့် မဟာယူနိုက်တက်အသင်း ယှဉ်ပြိုင်နေစဉ်။

## ယခုအပြောင်းအရွှေ့အတွင်း ပီအက်စ်ဂျီအသင်းမှ ထွက်ခွာဖို့ဆန္ဒမရှိဟု တိုက်စစ်မှူးနေမာ ပြောကြား

ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းမှ ဘရာဇီးတိုက်စစ်မှူး နေမာဟာ ယခုအပြောင်းအရွှေ့ကာလအတွင်းမှာ လက်ရှိကလပ် ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာဖို့ဆန္ဒမရှိဘူးလို့ ပြောကြားခဲ့ပါတယ်။

လက်ရှိအချိန်မှာ ပီအက်စ်ဂျီအသင်းတိုက်စစ်မှူးနေမာကို ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ ချယ်လ်ဆီးအသင်းနဲ့ မန်စီးတီးအသင်းတို့က ခေါ်ယူဖို့ ပစ်မှတ်ထားနေတာလည်းဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ တောင်ပံကစားသမား စတာလင်ကို ပြောင်းရွှေ့ကြေးပေါင် သန်း ၅၀ နဲ့ ချယ်လ်ဆီးအသင်းဆီ

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❒




## ၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ အုပ်စုပထမပွဲအဖြစ် မြန်မာနှင့် မလေးရှား ယနေ့ ကစားမည်

ရန်ကုန် ဇူလိုင် ၂၄

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ကို ဇူလိုင် ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❍

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဇူလိုင် ၂၄

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✳